ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (1-5-2013) (၇၄၆၇)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

အလုပ်သမားကြီးများအတွက် အခွင့်အရေးနှင့် အကောင်းဆုံးအကာအကွယ်ပေးမှုများ ဆောင်ကြဉ်းပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၃ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့အခမ်းအနား သဝဏ်လွှာ

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

ယနေ့အခါသမယသည် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားကြီးများအား အလေးအနက်ဂုဏ်ပြုသတ်မှတ်ထားရှိသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်ပါသည်။ ယခုကဲ့သို့ ရက်မြတ်မင်္ဂလာအချိန်အခါတွင် မြန်မာနိုင်ငံထစ်ဝန်းလုံးရှိ အလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်မှာ နှစ်နှစ်ကျော်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး ဤကာလအတွင်း လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဤပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီးတွင် နိုင်ငံတော်၏အင်္ဂါအင်အားစုဖြစ်သော အလုပ်သမားထုကြီး၏ စစည်းညီညွတ်စွာ ကြိုးစားအားထုတ်မှုသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထိုသို့ကြိုးပမ်းအားထုတ်ခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်လာမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း အလုပ်သမားကြီးများ၏ဝင်ငွေမြင့်မားလာမှုနှင့်အတူ လူနေမှုအဆင့်အတန်းလည်း တိုးတက်လာပြီး နိုင်ငံသားတို့၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့်လည်း အလုပ်သမားအခွင့်အရေးများ၊ အကျိုးခံစားခွင့်များ၊ အကာအကွယ်ပေးမှုများကို နိုင်ငံတကာစာချုပ်စာတမ်းများနှင့် လိုက်လျောညီထွေအပြည့်အဝရရှိစေရေးအတွက် ခေတ်စနစ်နှင့် ကိုက်ညီခြင်းမရှိသည့် တည်ဆဲဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များကို ပယ်ဖျက်ခဲ့ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အလုပ်ရှင်နှင့် အလုပ်သမားအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေပြီး ကုန်ထုတ်စွမ်းအားတိုးတက်မှုရှိလာစေရန် ရည်ရွယ်၍ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခဲ့ရာ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းပေါင်း ၅၂၃ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါသည်။ အချို့လုပ်ငန်းများတွင် မြို့နယ်အဆင့်အထိ တိုးမြှင့်ဖွဲ့စည်းနိုင်ခဲ့ပြီး အချို့အဖွဲ့အစည်းများကို အဖွဲ့ချုပ်အဆင့်အထိ ဖွဲ့စည်းပြီး ဖြစ်ပါသည်။

အလုပ်သမားများအနေဖြင့် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးတွင် အဓိကကျသော အဓမ္မခိုင်းစေမှုပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို အိုင်အယ်လ်အို အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် -၂၉ နှင့်အညီ ပြဋ္ဌာန်းခဲ့ပြီး လက်တွေ့ကျင့်သုံးမှုကို ထိရောက်စေရန် နိုင်ငံတစ်ဝန်းအသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၃ ကော်လံ ဝ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတများ နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်များ ဆက်ကပ်ခြင်းခံရသော ဆရာတော်များနှင့် မှတ်တမ်းထင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ပြင်းထန်သည့်စိတ်ဓာတ်အစွဲများကို ပဋိပက္ခဖြစ်မည့်နေရာများတွင် မသုံးဘဲ ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက်အသုံးချပါက အမြန်တိုးတက်မည်

နေပြည်တော် ဧပြီ ၃၀

နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေးအတွက် ရည်ရွယ်လျက် ယနေ့ညနေစောင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန ညီလာခံခန်းမကြီး၌ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆချီးမြှင့်စွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

အဆိုပါ နိုင်ငံ့စွမ်းဆောင်ရည်ဆများ ချီးမြှင့်နိုင်ရန် လုပ်ငန်းကော်မတီသုံးခုဖွဲ့စည်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပဏာမရွေးချယ်ပေးပို့လာသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်နှင့်အညီ အကဲဖြတ်မှုမှန်ကန်စေရေးအတွက် သတင်းမီဒီယာများနှင့်တကွ ကွင်းဆင်းစိစစ်အကဲဖြတ်ခြင်းနှင့် ညှိနှိုင်းအစည်းအဝေးများကျင်းပ၍ အကြိမ်ကြိမ်အခါခါ စိစစ်ပြီးမှသာ သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့စွမ်းဆောင်ရည်ဆရရှိသူများကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆ ချီးမြှင့်ပွဲအခမ်းအနားကို ညနေ ၅ နာရီတွင် စတင်ကျင်းပရာ ဒီမိုကရေစီနိုင်ငံရေးစနစ်၏အသက်ဝိညာဉ်သည် တရားဥပဒေစိုးမိုးရေးဖြစ်ပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ စာတည်းရှုထောင့် — ၁-၅-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြပါစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆန်းစစ်ခြင်းပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် ညနေ ၅ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌-

"ပုဂ္ဂလိကကဏ္ဍဟာ နိုင်ငံ့စီးပွားရေးမှာ အများဆုံးပါဝင်နေတာ ဖြစ်တဲ့အတွက် ပုဂ္ဂလိကကဏ္ဍစွမ်းဆောင်ရည်မြင့်မားလာအောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့နိုင်ငံ့စွမ်းဆောင်ရည် ဆန်းစစ်ခြင်းဟာ ပုဂ္ဂလိကကဏ္ဍအတွက် အနာဂတ်စွမ်းဆောင်ရည်ပြည့်ဝသော လူ့အရင်းအမြစ်များတိုးပွားလာအောင် အားပေးမြှင့်တင်ရန်နဲ့ ပြည်သူ့စွမ်းအားနဲ့ နိုင်ငံတော်ကိုတည်ဆောက်သွားနိုင်ဖို့ပဲဖြစ်ပါတယ်" ဟု၍ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကို စတင်တည်ဆောက်သည့် ကာလတွင် ပထမအဆင့်ဖြစ်သည့် "နိုင်ငံရေးပြုပြင်ပြောင်းလဲရေး" တာဝန်ကြီးကို ထမ်းဆောင်စဉ်ကပင် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပြည်သူ့စွမ်းအားဖြင့် ငြိမ်းချမ်းရေးအောင်ပန်းအပါအဝင် နိုင်ငံရေးကဏ္ဍအသီးသီးတွင် အောင်ပန်းများဆွတ်လှမ်းနိုင်ရေး ကြိုးပမ်းခဲ့သည်။ ယခုအခါ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတာဝန်ကြီးကို ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်မှုများရရှိလာသဖြင့် ကမ္ဘာ့နိုင်ငံများက မြန်မာတို့ အသိအမှတ်ပြုလေးစားဆက်ဆံလာကြပြီး ကမ္ဘာ့စာမျက်နှာတွင် မြန်မာတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် ဒုတိယအဆင့်ဖြစ်သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အခြားနိုင်ငံများနည်းတူ ကာလတို၊ ကာလရှည် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယနေ့ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍသည် တစ်နေ့တခြား တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ သမဝါယမ အဖွဲ့အစည်းကဏ္ဍနှင့် နိုင်ငံပိုင်အခန်းကဏ္ဍများ၏ ပါဝင်မှုအချိုးအစားကို လေ့လာကြည့်လျှင် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်းတွင် ပုဂ္ဂလိကပိုင်က ၉၁ ဒသမ ၇ ရာခိုင်နှုန်း၊ သမဝါယမအဖွဲ့အစည်းက ၁ ဒသမ ၂ ရာခိုင်နှုန်း၊ နိုင်ငံပိုင်က ၇ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်လျက်ရှိရာ ပုဂ္ဂလိကပိုင် အခန်းကဏ္ဍက အများဆုံးပါဝင်လျက်ရှိသည်ကို တွေ့ရှိရပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးတွင် လျင်မြန်စွာ ပြောင်းလဲတိုးတက်လာကြောင်း အထင်အရှားတွေ့မြင်ရခြင်းပင် ဖြစ်ပေသည်။

ထိုသို့ လျင်မြန်စွာတိုးတက်ပြောင်းလဲလာသော ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်လာမှုကို ယခုအခါ အရှိန်အဟုန်ဖြင့် စနစ်တကျ မြှင့်တင်အားပေးနိုင်ရန် လိုအပ်လာခဲ့သည်ဖြစ်ရာ နိုင်ငံတော်အစိုးရက လက်ရှိဆောင်ရွက်လျက်ရှိသည့် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များနှင့် တစ်ပြိုင်တည်းတွင်ပင် "ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးကက်ဖွံ့ဖြိုးရေး (Private Sector Development Reform) လုပ်ငန်းစဉ်" ကို စတုတ္ထအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဖြစ် သက်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပေသည်။

ဧပြီ ၃၀ ရက်က ချီးမြှင့်သော နိုင်ငံ့စွမ်းဆောင်ရည်ဆုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားတိုးတက်အောင် စွမ်းဆောင်ကြမည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ တိုးပွားလာစေရန်နှင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရှိရပေသည်။

အချုပ်ဆိုရသော် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့်အတူ ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များသည် ဒီမိုကရေစီစနစ်နှင့်အညီ စနစ်တကျ ဖော်ဆောင်လျက်ရှိသော လုပ်ငန်းစဉ်များဖြစ်သည်နှင့်အညီ အဆိုပါလုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းရေးအတွက် ပြည်သူများ၏ပူးပေါင်းပါဝင်မှု စွမ်းပကားသည် အထူး အရေးပါလျက်ရှိရာ "ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြပါစို့" ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပညာရေးဆိုင်ရာ Fund Management Board ကို ပြည်တွင်းပညာရှင်များနှင့် ဖွဲ့စည်းနိုင်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၃၀

ရန်ကုန်တက္ကသိုလ်၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော International Center of Excellence အတွက် အမေရိကန်ကုမ္ပဏီကြီးများ၊ မြန်မာကုမ္ပဏီကြီးများနှင့် နိုင်ငံတကာကုမ္ပဏီကြီးများက တိုက်ရိုက်လှူဒါန်းနိုင်ရေး Fund Management Board ကိုပြည်တွင်းပညာရှင်များနှင့် ဖွဲ့စည်းနိုင်ရေးဆိုင်ရာကိစ္စများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ရန်ကုန်မြို့ရှိ မင်္ဂလာမြန်မာမှ ဒါရိုက်တာ ဒေါက်တာဖုန်းဝင်းတို့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(ယာပုံ)** **(သတင်းစဉ်)**



ကလေးပန်းချီပြပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ကြီးမှူးပြီး အသက်(၅)နှစ်မှ (၁၅)နှစ်အတွင်းရှိကလေးများ ရေးဆွဲထားသည့် ကလေးပန်းချီပြပွဲကို မေ ၂ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကလေးပန်းချီပြပွဲအတွက် ကလေး ၇၁ ဦးက တစ်ဦးလျှင် ပန်းချီကားနှစ်ကားနှုန်းဖြင့် စုစုပေါင်း ၁၄၂ ကား ဝင်ရောက်ပြသမည်ဖြစ်သည်။ **(စိုးဝင်း- MLA)**

ထင်သာ မြင်သာ

ယခုတလော ရေပန်းစား လူကြိုက်များနေသော တန်ဖိုးနည်းဖုန်းများအကြောင်း ပြောပြချင်ပါသည်။

ဖုန်းစတင်ရောင်းချမည်နေ့မတိုင်မီမှာပင် ရပ်ကွက်ကျေးရွာ ဌာနဆိုင်ရာများက အမှန်တကယ်အသုံးပြုမည်သူများထံ ရောက်ရှိရေး မိမိတို့နည်း မိမိတို့အစီအစဉ်ဖြင့် ဧပြီ ၂၄ ရက်တွင် ရောင်းချပေးခဲ့ကြသည်။

ဧပြီ ၂၅ ရက် နံနက်မှာပင် ကျေးရွာမှ ပန်းရောင်းချသူ အမျိုးသမီးတစ်ဦးမှာ ၎င်းမဲပေါက်သည့် ဆင်းကတ်ကို မိဘိုင်းအရောင်းဆိုင်တွင် ကျပ် ၄၀၀၀၀ ဖြင့် လာရောက်ရောင်းချသွားသည်။ အခြားအခြားသော ဆိုင်များကလည်း ဝယ်ယူလျက်ရှိကြောင်း သိရှိရသည်။ အခြားသော မြို့နယ်များမှာလည်း ထိုနည်းလည်းကောင်းဖြစ်မည် ထင်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဈေးနှုန်းချိုသာစွာဖြင့် အမှန်တကယ်သုံးစွဲသူများထံရောက်ရှိရေး၊ ဈေးကွက်ကစားသူထံ မရောက်ရှိရေးတို့အတွက် စည်းကမ်းချက်များသတ်မှတ်ထားသော်လည်း ဈေးကွက်ကစားသူများ ရှိ၍ ယခုကဲ့သို့ ဝယ်ယူနေခြင်းဖြစ်သည်။

ဝယ်ယူခွင့်ရရှိသူများစာရင်းကို ခွဲဝေပေးသည့် ရပ်ကွက်/ ကျေးရွာ/ ဌာနဆိုင်ရာများတွင် အမည်၊ မှတ်ပုံတင်နှင့်တကွ ရှိပြီးဖြစ်ရာ ခေါ်ယူစစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆမိသည်။

ပြည်သူလူထုအနေဖြင့်လည်း နိုင်ငံတော်မှ လစဉ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ရာ အလျင်လိုခြင်းမရှိဘဲ စောင့်ဆိုင်းဝယ်ယူပါက မိမိတို့ဆန္ဒပြည့်ဝကြမည်ဖြစ်သည်။

ဖြန့်ဖြူးပေးသူများကလည်း စနစ်တကျ စိစစ်ရောင်းချပေးကြရန်နှင့် လိုအပ်သလို အရေးယူမှုများ ပြုလုပ်ပေးမည်ဆိုပါက အဆင်ပြေချောမွေ့နိုင်မည်ဟု ထင်မြင်ပါကြောင်း အကြံပြုတင်ပြအပ်သည်။ **သီလဝသား**

ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

☆ ရွှေဖုံးမှ

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်း၍ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေး လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် သို့မဟုတ် ထိုကာလထက်စော၍ အဓမ္မခိုင်းစေမှုလုံးဝပျောက်သွားမည်ဟု ယုံကြည်ပါသည်။

အဓမ္မခိုင်းစေမှုပုံစံတစ်မျိုးဖြစ်သည့် ကလေးသူငယ်အလုပ်သမားများအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာ အိုင်အယ်လ်အိုပြဋ္ဌာန်းချက်အမှတ် (၁၈၂)အား လက်ခံတျင့်သုံးရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။

ချစ်ကြည့်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏ အခွင့်အရေးများကို ပိုမိုအကာအကွယ်ပေးနိုင်စေရန်အတွက် အနည်းဆုံး အခကြေးငွေဥပဒေနှင့် လူမှုဖူလုံရေးဥပဒေများကို လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး လိုအပ်သည့် နည်းဥပဒေများရေးဆွဲကာ လတ်တွေ့အတောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိမိတို့အလုပ်သမားများ၏ အကျိုးစီးပွားနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားကိုမထိခိုက်စေဘဲ နှစ်ဦးနှစ်ဖက်မျှတသည့် အကာအကွယ်များရရှိစေရန် နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အလုပ်သမားများအနေဖြင့် မကြာမီကာလများတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းအခြေပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာမှုအစီအစဉ်အရ အလုပ်သမားဈေးကွက်ယှဉ်ပြိုင်မှု ပိုမိုမြင့်မားလာတော့မည်ဖြစ်ပြီး ဒေသတွင်း၌သာမက နိုင်ငံတကာအလုပ်သမားများနှင့် ယှဉ်ပြိုင်ရတော့မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမည့် အခြေအနေပေါ်မူတည်၍ ပေါ်ပေါက်လာမည့်အလုပ်အကိုင်အခွင့်အလမ်းများအား အပြည့်အဝဆုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်မှုရှိစေရန် ပြင်ဆင်ထားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း မကြာမီအတည်ပြုပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပြီး အလုပ်သမားများ၏ ကျွမ်းကျင်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံတော်အနေဖြင့် အလုပ်သမားများအတွက် ပြည်တွင်း၌သာမက ပြည်ပတွင်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်အပြင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုအဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်သဖြင့် အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းမြင့်မားမှသာ နိုင်ငံတော်လည်း တိုးတက်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် အလုပ်သမားကြီးများအတွက် အခွင့်အရေးနှင့် အကောင်းဆုံးအကာအကွယ်ပေးမှုများကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ကြဉ်းပေးသွားမည်ဖြစ်သကဲ့သို့ အလုပ်သမားကြီးများမှလည်း အလုပ်သမားအခွင့်အရေးများကို တောင်းဆိုရာတွင် ဥပဒေနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ကြစေလိုပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-

ယနေ့အချိန်အခါသည် အသွင်ကူးပြောင်းရေးကာလဖြစ်သကဲ့သို့ ပြန်လည်ထူထောင်ရေးကာလလည်းဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အတည်ဖော်ဆောင်ရွက်မှုများ အောင်မြင်စေရန် ပြည်သူတစ်ရပ်လုံး အထူးသဖြင့် အလုပ်သမားထုကြီးတစ်ရပ်လုံးက မိမိတို့၏ လုပ်ငန်းတာဝန်များကို အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်၏ အနှစ်သာရများကို အပြည့်အဝခံစားနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အလုပ်သမား၊ အလုပ်ရှင်သုံးပွင့်ဆိုင်ပူးပေါင်းမှုဖြင့် လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့်ဖော်ဆောင်ရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩစတြေးလျ ဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည် ဦးဇော်မြင့်ဖေ၊ ဒေါက်တာအေးမောင်၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဦးဆိုင်ဝေါင်းနပ်နှင့် ဒေါ်နန်းနီနီအေး၊ ကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဩစတြေးလျဥပဒေပြု အထက်



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျ ဥပဒေပြု အထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ လွှတ်တော်ချင်း ခင်မင်ရင်းနှီးမှုမှ နိုင်ငံချင်း၊ ပြည်သူချင်း ခင်မင်ရင်းနှီးမှု ခိုင်မြဲအောင် ထူထောင်ရေး၊ လွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံလွှတ်တော်စာကြည့်တိုက်နှင့် လွှတ်တော်ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ရေးအတွက် ဩစတြေးလျနိုင်ငံမှ အကူအညီပေးရေး၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့်ဖော်ဆောင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

○ ကျောဖုံးမှ

ယခုအခါ(၂၉-၄-၂၀၁၃)ရက်နေ့အထိ ယခင်လိုအပ်ချက်ရှိသော လျှောက်လွှာများထဲမှ ပြန်လည်ပြင်ဆင် လျှောက်ထားလာသည့် လျှောက်လွှာ (၁)စောင်၊ ယခင်စိစစ်ဆဲလျှောက်လွှာ(၃)စောင်၊ ထပ်မံလျှောက်ထားသည် လျှောက်လွှာ(၇)စောင် စုစုပေါင်း လျှောက်လွှာ(၁၁)စောင်အား ယနေ့ပြုလုပ်သော ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့အစည်းအဝေးမှ စိစစ်ပြီး အောက်ပါ(၁၀)စောင်အား ယာယီထုတ်ဝေခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်-

(က)နေရှင်နယ်တိုင်း(မ်) (National Time Daily) (လျှောက်ထားသူ ဒေါက်တာစံဝယ်တင်)၊ (ခ)ဒေးလီးအီလဲဗင်းနယူးစ် (Daily Eleven News) (လျှောက်ထားသူ ဒေါ်ယဉ်မော်ဦး)၊ (ဂ) (Myanma Freedom Daily (အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေပါမည်)(လျှောက်ထားသူ ဦးသီဟ(သီဟစော)၊ (ဃ) နဂါးနီနေ့စဉ် (The Nagani Daily) (လျှောက်ထားသူ ဦးသိန်းထွန်း)၊ (င) ခနစီးပွားရေးနေ့စဉ် (လျှောက်ထားသူ ဦးမောင်မောင်စိန်)၊ (စ) ဝရဇိန်နေ့စဉ် (လျှောက်ထားသူ ဦးမောင်မောင်စိန်)၊ (ဆ) စောင့်ကြည့်နေ့စဉ် (Newswatch Daily) (လျှောက်ထားသူ ဦးချစ်မောင်)၊ (ဇ) ပြည်မြန်မာနေ့စဉ် (The Pyi Myanmar Daily) (လျှောက်ထားသူ ဒေါက်တာခင်မိုးမိုး)၊ (ဈ) မြန်မာပို့စ်နေ့စဉ် (Myanmar Post Daily) (လျှောက်ထားသူ ဦးဝင်းအောင်)၊ (ည) International Herald Tribune (နိုင်ငံခြားမှ ထုတ်ဝေသည် မူရင်းအတိုင်း Reprint ထုတ်ဝေမည်ဖြစ်ပါသည်) (လျှောက်ထားသူ ဦးမျိုးအောင်) (Success Int. Co., Ltd.)

သို့ဖြစ်၍ ယနေ့အထိ လွတ်လပ်သော ပုဂ္ဂလိကနေ့စဉ်သတင်းစာ မြန်မာဘာသာဖြင့် (၂၄)စောင်၊ အင်္ဂလိပ်ဘာသာဖြင့် (၂)စောင် စုစုပေါင်း (၂၆)စောင် ထုတ်ဝေခွင့်ပြုခဲ့ကြောင်း သိရသည်။ အချက်အလက် မပြည့်စုံသဖြင့် ကျန်ရှိသော စိစစ်ဆဲလျှောက်လွှာ(၁)စောင်နှင့် ထပ်မံလျှောက်ထားလာမည် လျှောက်လွှာများကိုလည်း ဆက်လက်စိစစ်ပြီး နောင်တျင်းပမည့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်ဥက္ကဋ္ဌများက သြစတြေးလျပြည်နယ်ဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် သြစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ(အပေါ်ပုံ)နှင့် သြစတြေးလျဥပဒေပြုအထက် လွှတ်တော်ဥက္ကဋ္ဌတို့က နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးအတွက် ဆုမွန်ကောင်းတောင်းကြပြီး ဂုဏ်ပြု ညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဖြန်မာ့ရိုးရာအဆိုအကများဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ လွှတ်တော်ဥက္ကဋ္ဌများနှင့်အတူ ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကြစတြေးလျ ဥပဒေပြုအထက် လွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Ms. Bronte Nadine Moules လည်း တက်ရောက်သည်။

(သတင်းစဉ်)

ပျော်ဘွယ်မြို့နယ် ရှမ်းပွဲရပ် ပါဠိတက္ကသိုလ် ရေလည်ကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဧပြီ ၃၀

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရှမ်းပွဲရပ် ပါဠိတက္ကသိုလ်ရေလည်ကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ပါရှိ ဘဒ္ဒန္တကောဝိဒ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ) သည် ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက် (ဧပြီ ၃၀ ရက် အင်္ဂါနေ့) နံနက် ၄ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❖ ဥက္ကံမြို့မှ

ကိုရင်လက်ထဲရှိ သပိတ်လွတ်ကျကာ အဖုံးကွဲသွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဥက္ကံရဲစခန်း၌ အမှုဖွင့်ထားစဉ် လူအုပ်စုက ဈေးအဆောက်အအုံရှိ ဘာသာရေး အဆောက်အအုံတစ်လုံးအား အုတ်နီခဲများဖြင့် ပစ်ပေါက်ခဲ့ကြသဖြင့် ဗလီရှေ့ရှိ သုံးပေပတ်လည်မှန် ခြောက်ချပ်ကွဲပြီး လျှပ်စစ်မီတာဝိုး နှစ်ပုံးကျိုးပဲ့ပျက်စီးခဲ့ကြောင်း၊ ထို့နောက် မွန်းလွဲပိုင်းတွင် လူအုပ်စုက ဈေးအနီးရှိ လျှပ်စစ်ပစ္စည်းဆိုင်၊ ဆေးဆိုင်၊ ဆန်ဆိုင်၊ အအေးဆိုင်၊ စက်ဘီးဖြင်ဆိုင်၊ နာရီဖြင်ဆိုင်၊ စတိုးဆိုင်စသည့် ဆိုင်ခန်း ၂၅ ခန်း၏ မျက်နှာစာများ ဖျက်ဆီးပြီး ဆိုင်များမှ ပစ္စည်းများအား လမ်းပေါ်သို့ဆွဲချခြင်း၊ ဘာသာရေးအဆောက်အအုံ အုတ်တံတိုင်းကို ခဲများဖြင့် ပစ်ပေါက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ ပဋိပက္ခဖြစ်စဉ်တွင် ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရှစ်ဦးမှာ စိုးရိမ်စရာ မရှိကြောင်း သိရသည်။

ဥက္ကံမြို့တည်ငြိမ်အေးချမ်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးဝေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုအခါ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(သတင်းစဉ်)

နယ်သာလန်ဘုရင်မကြီး၏ ထီးနန်းလွှဲအပ်ပွဲ တော်ဝင်မင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

သက်တော်(၇၅)နှစ်ရှိ နယ်သာလန်ဘုရင်မကြီး ဘီထရစ်သည် နယ်သာလန်ထီးနန်းကို ၃၃ နှစ်ကြာ စိုးစံတော်မူပြီးနောက် အသက်(၄၆) နှစ်ရှိ အကြီးဆုံးသားတော် ဝီလျံ အလက်ဇန္ဒားကို ဧပြီ ၃၀ ရက်တွင် ထီးနန်းအမွေ လွှဲအပ်လိုက်သည်။ အဆိုပါ ထီးနန်းအမွေလွှဲအပ်ပွဲတော်ဝင်မင်္ဂလာ အခမ်းအနားကို ကမ္ဘာတစ်ဝန်းရှိ ဘုရင်စနစ်ကျင့် သုံးသည့် နိုင်ငံများနှင့် စည်းမျဉ်းခံဘုရင်စနစ် ကျင့်သုံးသည့် နိုင်ငံများမှ မင်းသားများနှင့် ၎င်းတို့၏ ကြင်ရာတော်မင်းသမီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် နယ်သာလန်ပြည်သူထောင်ပေါင်းများစွာတို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဘုရင်မကြီးက ၎င်း၏ သားတော်ကြီးအား ထီးနန်းအမွေလွှဲအပ်ရန် ဇန်နဝါရီလကတည်းက ထုတ်ပြန်ကြေညာထားခဲ့ပြီး သားတော်ကြီးမှာ ထီးနန်းအရိုက်အရာ ဆက်ခံရန် အဆင်သင့်ရှိနေသကဲ့သို့ ထီးနန်းအမွေကို မျိုးဆက်သစ်သို့ လွှဲပြောင်းပေးရန်အချိန်ကျရောက် ပြီး ဖြစ်ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

ဘုရင်မကြီး၏ ထီးနန်းအရိုက်အရာကို သားတော်ကြီး ဝီလျံ အလက်ဇန္ဒားသို့ လွှဲပြောင်းသည့် အခမ်းအနားကို တော်ဝင်နန်းတော်၌ ကျင်းပရာ အလက်ဇန္ဒားနှင့်ဇနီးတို့က ထီးနန်းလွှဲအပ်စာချုပ်ကို လက်မှတ်ရေးထိုး၍ လွှဲပြောင်းရယူခဲ့သည်။ အဆိုပါ ထီးနန်းလွှဲအပ်ပွဲအခမ်းအနားကျင်းပပုံကို နန်းတော်ပြင်ပသို့ တီဗွီဖန်သားပြင်ကြီးများဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသပေးခဲ့ရာ နယ်သာလန်ပြည်သူ ထောင်ပေါင်းများစွာက ကောင်းချီး သြဘာပေး၍ ကခုန်သီဆို ဖျော်ဖြေခဲ့ကြသည်။

အလက်ဇန္ဒားဝီလျံသည် ဘုရင်ဖြစ်ပြီးမကြာမီ Nieuwe Kerk ဘုရားကျောင်းတွင် ကျမ်းသစ္စာကျိန်ဆိုပွဲပြုလုပ်သွားမည်ဖြစ်သည်။ ၎င်း၏ဇနီး အသက် (၄၁)နှစ်ရှိ အာဂျင်တီးနားဇာတိဖွား ဘဏ်လုပ်ငန်းရှင် မက်စီမာသည်လည်း ကြင်ရာတော်ဘုရင်မကြီး ဖြစ်လာမည်ဖြစ်သည်။

နယ်သာလန်ဘုရင်မကြီး၏ ထီးမွေလွှဲအပ်ပွဲတော်ဝင်မင်္ဂလာ အခမ်းအနားသို့ ဗြိတိသျှမင်းသားချားလ်နှင့် ကြင်ရာတော် ကွန်းဝေါလ်မြို့စား ကတော် ကမ်မီလာတို့ အပါအဝင်ဘယ်လ်ဂျီယံ အိမ်ရှေ့မင်းသားဖီးလစ်ပီနှင့်ကြင်ရာတော် မင်းသမီးမသီလ်ဒီ၊ စဝိန်အိမ်ရှေ့မင်းသား ဖီးလ်ပီနှင့် ကြင်ရာတော် ခင်းသမီးလက်တီဇီယာ၊

ထီးနန်းအမွေ လွှဲအပ်ပွဲ၌ ချွေးမတော် မက်စီမာ၊ ဘုရင်မကြီး ဘီထရစ်နှင့် သားတော်ကြီး ဝီလျံအလက်ဇန္ဒားတို့ကို တွေ့ရစဉ်။

မိုနာကိုမင်းသား အဲလ်ဘတ် ၂၊ နော်ဝေအိမ်ရှေ့မင်းသားဟာခွန်နှင့် ကြင်ရာတော် အိမ်ရှေ့စံမင်းသမီး မက်တီမာအစ်၊ ဘရူနိုင်းအိမ်ရှေ့စံမင်းသားဘီလာဟာနှင့် ကြင်ရာတော် မင်းသမီးဆာဟာ၊ ဆွီဒင်မင်းသားဒန်နီယယ်နှင့် ဆွီဒင်အိမ်ရှေ့စံမင်းသမီး ဗစ်တိုးရီးယား၊ ဂျပန်အိမ်ရှေ့မင်းသား နာရူဟီတို၊ ဒိန်းမတ် အိမ်ရှေ့မင်းသား ဖရီဒါရစ်နှင့် အိမ်ရှေ့စံမင်းသမီး မေရီတို့ တက်ရောက်ခဲ့ကြသည်။

ဘီဘီစီ၊

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အမှတ်(၂၈) အလယ်ရွှေဂုံတိုင်လမ်းမကြီး ရွှေဂုံတိုင်ဟိုတယ်ဘေး ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151,01-8603389, 09-5426261, 09-73152381

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
သံမဏိ စတီး ...
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချ ...ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ
Ph:01-545531,01-6603141, 09-5008161
နေပြည်တော်အရောင်းခန်းမ
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ
Ph:02-73191, 09-5140655, 09-402571300

ပြည်တွင်းရေးရာ

ကိုကိုးကျွန်းဒေသရှိ ဒေသခံတိုင်းရင်းသားပြည်သူများ သွားလာမှုအဆင်ပြေစေရေး တပ်မတော်မှ တိုင်းဒေသကြီးအစိုးရနှင့်အတူ ဖြည့်ဆည်းဆောင်ရွက်ပေးမည်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဒေသခံပြည်သူလူထုအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၃၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အတူ ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ဒေသခံပြည်သူလူထုအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းဒေသသည် သွားလာရေးခက်ခဲကြောင်း၊ ကိုကိုးကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖေ၏ တင်ပြချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့်ပူးပေါင်း၍ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ သင်္ဘောများ ပြေးဆွဲနိုင်အောင်စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးတွင်းကာလတွင် ရာသီဥတုအခြေအနေပေးပါက တပ်မတော်မှ လေယာဉ်၊ ရေယာဉ်များကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက် ကိုကိုးကျွန်းသို့ ရာသီမရွေး သွားလာနိုင်ရန် နိုင်ငံတော်မှ ကြိုးစားဆောင်ရွက်ပေးလျက်ရှိရာ ဦးစွာလေယာဉ်ကွင်းအား တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူလူထုနှင့် တပ်မတော်သားများ ချစ်ခင်ရင်းနှီးမှုရှိပြီး တပ်နှင့်ပြည်သူ တစ်သားတည်းဖြစ်အောင် နေထိုင်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နံနက်ပိုင်းတွင် ကျွန်းပတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ကိုကိုးကျွန်းကမ်းခြေတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျွန်းပတ်လမ်းရှိ (၇)မိုင် လုံခြုံရေးရဲကင်းအား ကြည့်ရှုစစ်ဆေးပြီး ကိုကိုးကျွန်းမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်းကမ်းခြေတွင် လိပ်များအား ဘေးမဲ့လွှတ်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုကိုးကျွန်းလေယာဉ်ပြေးလမ်းတိုးချဲ့နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမားထုကြီးအား ဂုဏ်ပြုအပ်သောနေ့

နေဇာဇာထွန်း

ကမ္ဘာ့နိုင်ငံများတွင် မေလ ၁ ရက်နေ့ကို အလုပ်သမားနေ့အဖြစ် တင်စားခေါ်ဝေါ်သတ်မှတ်ခဲ့ကြကာ ယင်းနေ့ရောက်တိုင်း အလုပ်သမားနေ့အခမ်းအနားများကို ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ကြသည်။ မိမိတို့ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားထုကြီး တစ်ရပ်လုံးကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်အလုပ်သမားနေ့ အခမ်းအနားများကို ကျင်းပကြသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် တောင်သူများဖြစ်ကြသဖြင့် နိုင်ငံတော်မှ တောင်သူများ၏ဘဝ တိုးတက်မြင့်မားလာစေရန် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။ ထို့မှမက မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများသာမက အလုပ်သမားများသည်လည်း အခြေခံလူတန်းစားများဖြစ်ပေရာ နိုင်ငံတော်မှ အလုပ်သမားများ၏ အခွင့်အရေးများကို ပိုမိုအလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။

အလုပ်သမားများ၏ အခွင့်အရေးကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အလုပ်သမားအဖွဲ့အစည်းများဥပဒေကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြစ်ပွားလာပါက တရားနည်းလမ်းတကျ ဖြေရှင်းနိုင်ရန်အတွက် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ၂၀၁၂ ခုနှစ် မတ် ၂၈ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ယင်းသို့ ပြဋ္ဌာန်းလိုက်ခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံမှုများ ပိုမိုကောင်းမွန်လာရုံမျှမက အလုပ်လက်မဲ့နှုန်းများ လျော့နည်းကာ အလုပ်အကိုင်အခွင့်အလမ်းများ အများအပြားဖြစ်ထွန်းလာမည်ဖြစ်သည်။

ယင်းအပြင် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိခံစားနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် လူမှုဖူလုံရေးဥပဒေကို ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက် (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅။) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်မှ အလုပ်သမားများ၏ ဘဝလုံခြုံရေးအတွက် ဘက်ပေါင်းစုံမှဖြည့်ဆည်းဆောင်ရွက်ပေးနေချိန်တွင် အလုပ်ရှင်နှင့် အလုပ်သမားများကလည်း ပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရပေမည်။ သို့မှသာ နိုင်ငံအတွင်း စက်ရုံ၊ အလုပ်ရုံများတိုးတက်များပြားလာပြီး အလုပ်သမားများ၏ အခန်းကဏ္ဍသည်လည်း ပိုမိုဝင်ဆံ့လာနိုင်မည်ဖြစ်သည်။

ယနေ့အချိန်တွင် နိုင်ငံတော်မှ ပြည်သူများ၏ဆင်းရဲမှုနှုန်းလျော့ချကာ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အစွမ်းကုန်ကြိုးစားလာရုံမျှမက မြန်မာနိုင်ငံတစ်ဝန်း၌ နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိက စက်မှုဇုန်များ၊ သွင်းကုန်အစားထိုးစက်ရုံများ တိုးတက်များပြားလာလျက်ရှိသည်။ ယင်းအပြင် နိုင်ငံတကာမှ အရင်းအနှီးနှင့် စက်ရုံ၊ အလုပ်ရုံများ လာရောက်လုပ်ကိုင်တော့မည့် အချိန်ကာလလည်းဖြစ်သည်။ ထိုသို့ စက်မှုလုပ်ငန်းများ ထွန်းကားလာပါက အလုပ်သမားများ၏ အခန်းကဏ္ဍသည်လည်း ပိုမိုကျယ်ပြန့်လာမည်ဖြစ်သည်။ ထို့မှတစ်ဆင့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများအဖြစ် လုပ်သားဈေးကွက်ထိုးဖောက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုသဘာဝသယံဇာတများကို အရင်းခံပြီး ကုန်ကြမ်းအဆင့်မှ ကုန်ချောအဆင့်သို့ ကူးပြောင်းထုတ်လုပ်နိုင်ရန် စက်မှုစွမ်းအားသည် အရေးပါလှပေသည်။ စက်ရုံ၊ အလုပ်ရုံများ တိုးပွားဖြစ်ထွန်းလာပြီး အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာမှသာ မိမိတို့လိုလားတောင့်တနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ရာတွင် စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်ကြီးများကို တိုးချဲ့တည်ဆောက်ကြရမည်ဖြစ်သည်။ ယင်းစက်ရုံ၊ အလုပ်ရုံများတွင် ပါဝင်လုပ်ကိုင်ကြမည့် အလုပ်သမားထုကြီးတစ်ရပ်လုံးကလည်း မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားရှိသရွေ့ တတ်စွမ်းသမျှ အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းရင်း အလုပ်သမားထုကြီးတစ်ရပ်လုံးကို ဂုဏ်ပြုအပ်ပါသည်။ ။

မြန်မာ-ဘရာဇီးလ် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံ၏တိုးတက်ဖြစ်ပေါ်မှုများနှင့် အသင်းချုပ်၏ဆောင်ရွက်ချက်များ၊ ဘရာဇီးလ်-မြန်မာ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များ နှစ်ဖက်ပံ့ပိုးပေးရန် ကိစ္စ၊ ဘရာဇီးလ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ လာရောက်နိုင်ရေး၊ ဘရာဇီးလ်-မြန်မာကုန်သည်များအသင်းနှင့် မြန်မာ-ဘရာဇီးလ် ကုန်သည်များအသင်း တည်ထောင်နိုင်ရေးကိစ္စ၊ ၂၀၁၃ ခုနှစ် ဇွန်- ဇူလိုင်လအတွင်း ဘရာဇီးလ်လုပ်ငန်းရှင်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်မည့်ကိစ္စနှင့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပလိုသည့်ကိစ္စ၊ ကော်ဖီလုပ်ငန်း၊ ဖိနပ်နှင့် အိတ်ထုတ်လုပ်သည့် လုပ်ငန်း၊ ဝဲဝုဝ်စေစိုက်ပျိုးရေး အစရှိသည့် လုပ်ငန်းများတွင် အကျိုးတူဆောင်ရွက်နိုင်ရေး ကိစ္စများကို ဘရာဇီးလ်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် Mr. Ricardo Cateb Cury နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းအောင်တို့သည် ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

❀ကျောဖုံးမှ

ပြည်နယ်ဖြစ်ပါတယ်။ အဲဒီပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရောင်းချနိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဆု တစ်ဆုစီကို ရွေးချယ်တင်ပြခဲ့ရာမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုအနက် ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ နေပြည်တော်တို့မှလွဲ၍ လုပ်ငန်းရှင် ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၎င်းအနက်မှ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူတစ်ဦးနှင့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ နှစ်ဦး ရွေးချယ်ခဲ့ပါတယ်။

အကြီးစားစက်မှုလုပ်ငန်း အရွယ်အစားသတ်မှတ်ချက်အနေနဲ့ လက်ရှိစက်မှုမှတ်ပုံတင်ဥပဒေအရ အကြီးစားစက်မှုလုပ်ငန်းအရွယ်အစားတွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်ငါးသန်းအထက်လည်းကောင်း၊ ထုတ်လုပ်မှုတန်ဖိုး ကျပ် ၁၀ သန်းအထက်လည်းကောင်း၊ မြင်းကောင်ရေ HP(၅၀) အထက်လည်းကောင်း၊ အလုပ်သမားဦးရေ ၁၀၀အထက် လည်းကောင်း သတ်မှတ်ပါတယ်။

တန်ဖိုးမြှင့်ထုတ်ကုန်ဝစ္စည်းဆိုတာကတော့ မူလတန်ဖိုးအပေါ် တိုးတက်လာတဲ့ ရာခိုင်နှုန်းအပေါ် မူတည်၍လည်းကောင်း၊ ထုတ်လုပ်သမျှ ရောင်းချနိုင်မှုအပေါ်မူတည်၍လည်းကောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှုမှရရှိလာသည့် အကျိုးအမြတ်ပမာဏကိုကြည့်၍ လည်းကောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းကြောင့် အနာဂတ်ကာလတွင် ရရှိလာမည့်အကျိုးအမြတ်ကို ကြည့်၍လည်းကောင်း သတ်မှတ်ပါတယ်။

ဒီဆုအတွက် စည်းကမ်းချက်တွေနဲ့စိစစ်ရွေးချယ်ခဲ့ရာမှာ ကုန်ထုတ်လုပ်မှုအခြေအနေကိုကြည့်၍ လည်းကောင်း၊ ရောင်းချမှုနှင့်ဈေးကွက်ထိုးဖောက်နိုင်မှုကိုကြည့်၍လည်းကောင်း၊ သတ်မှတ်ထားသောစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိကို ကြည့်၍လည်းကောင်း၊ လူမှုစီးပွားရေးစောင့်ရှောက်မှုနှင့် တာဝန်သိမှု ရှိ/မရှိကိုကြည့်၍ လည်းကောင်း စိစစ်ရွေးချယ်ခဲ့ပါတယ်။

အကောင်းဆုံးဆုကို ရွေးချယ်ရာမှာလည်း အမှတ်ပေးစည်းမျဉ်းပါ သတ်မှတ်ချက်များအပြင် ဝန်ထမ်းများ၏ လူမှုဖူလုံရေးဝင်ရောက်ထားရှိမှုအခြေအနေ၊ ကုန်ထုတ်လုပ်မှုအကျိုးအမြတ်၊ အခွန်ဝေးဆောင်မှု၊ ပြည်ဝင်ကုန်တန်ဖိုး အခြေအနေများပါကြည့်ရှု၍ စိစစ်ရွေးချယ်ခဲ့ပါသည်။ လုပ်ငန်းမှ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းကြောင့် လုပ်သားများအရည်အသွေးတိုးတက်မှု၊ လုပ်ငန်းများတိုးချဲ့ လုပ်ကိုင်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ အချိန်တိုအတွင်း ထုတ်ကုန်များစွာ ထုတ်လုပ်ရောင်းချနိုင်ခြင်းတို့ကြောင့် ရွေးချယ်ခဲ့ရပါသည်။

ရွေးချယ်မခံရတဲ့လုပ်ငန်းတွေအနေနဲ့ အားနည်းချက် အချို့ရှိနေတဲ့အတွက် အကောင်းဆုံးဆုနဲ့ လွဲခဲ့ရခြင်းဖြစ်ပါတယ်။ ဒီအားနည်းချက်တွေကတော့ ကုန်ထုတ်လုပ်မှုအခြေအနေတွင် သတ်မှတ်စက်စွမ်းအားအပြည့် ထုတ်လုပ်နိုင်မှုမရှိခြင်း၊ အရည်အသွေးစစ်ဆေးရေး ကိရိယာများ အသုံးပြုမှုအားနည်းခြင်း၊ ဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ်နိုင်မှုအားနည်းခြင်း၊ ထုတ်လုပ်မှုနည်းစနစ်တစ်လျောက် အရည်အသွေးစစ်ဆေးမှုအားနည်းခြင်း၊ ရောင်းချနိုင်မှုတွင် ဈေးကွက်ထိုးဖောက်နိုင်မှုတွင် ပြည်တွင်းဈေးကွက်သာရှိပြီး ပြည်ပသို့တင်ပို့နိုင်ခြင်းမရှိခြင်း၊ အရောင်းမြှင့်တင်ရေးစီစဉ်ထားရှိမှုအားနည်းခြင်း၊ သဘာဝ ဝတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်မှုအားနည်းခြင်း၊ လူမှုစီးပွားစောင့်ရှောက်မှုနှင့် တာဝန်သိမှုရှိခြင်းတွင် လူမှုဖူလုံရေးထည့်ဝင်မှုအားနည်းခြင်း၊ လုပ်သားများ၏လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စောင့်ရှောက်မှုအားနည်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအားနည်းခြင်း၊ အခွန်ပေးဆောင်မှုအားနည်းခြင်း စသည်တို့ကြောင့် မရွေးချယ်ခဲ့ရခြင်းဖြစ်ပါတယ်။

ထုတ်လုပ်ရောင်းချမှု အကောင်းဆုံးအသေးစားစီးပွားရေးလုပ်ငန်းရှင်ဆု ရွေးချယ်ရတဲ့ရည်ရွယ်ချက်ကတော့ လုပ်ငန်းရှင်တွေအနေနဲ့ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေနဲ့အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးမြင့်မားတဲ့ ပစ္စည်းများထုတ်လုပ်နိုင်စေရန်၊ ထုတ်လုပ်ရောင်းချနိုင်မှုပမာဏနှင့်အရည်အသွေးအား ထိန်းသိမ်းထားနိုင်စေရန်၊ ဈေးကွက်ထိုးဖောက်နိုင်မှုရှိစေရန်တို့ဖြစ်ပါတယ်။

ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ မှတ်ပုံတင်ထားတဲ့ အသေးစားစက်မှုလုပ်ငန်းစုစုပေါင်း ၃၈၁၉ ခုရှိပါတယ်။ အသေးစားစက်မှုလုပ်ငန်းတွေအနက် ဧရာဝတီတိုင်းဒေသကြီးဟာ ၅၀၃၂ ခုနဲ့ အများဆုံးဖြစ်ပြီး ကယားပြည်နယ်ဟာ ၉၄ ခုနဲ့ အနည်းဆုံးဖြစ်ပါတယ်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် အကောင်းဆုံးတစ်ခုစီရွေးချယ်တင်ပြခဲ့ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခုတို့မှ စုစုပေါင်းလုပ်ငန်း ၁၂ ခုကို ပဏာမရွေးချယ်ခဲ့ပါတယ်။ အဲဒီထဲကမှ နောက်ဆုံး ဆန်ခါတင် သုံးဦးကို ထပ်မံစိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ကရင်၊ ချင်းနဲ့ ရခိုင်ပြည်နယ်များမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိပါ။

ဆုအတွက်ရွေးချယ်ခဲ့တဲ့နည်းလမ်းတွေကတော့ ကုန်ထုတ်လုပ်မှုအခြေအနေအတွက် စုစုပေါင်း (၂၄)မှတ်၊ ရောင်းချနိုင်မှုနှင့်ဈေးကွက်ထိုးဖောက်နိုင်မှုရှိခြင်းအတွက် (၁၆) မှတ်၊ သတ်မှတ်ထားတဲ့စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ခြင်းအတွက် အမှတ်(၄၀)၊ လူမှုစီးပွားစောင့်ရှောက်မှုနှင့် တာဝန်သိမှုရှိခြင်းအတွက် အမှတ်(၂၀) စုစုပေါင်း အမှတ်(၁၀၀) သတ်မှတ်ပြီးပေးခဲ့ပါတယ်။ ဒါ့အပြင်

ဆုရွေးချယ်တဲ့နေရာမှာ ကုန်ထုတ်လုပ်မှုအခြေအနေအတွက် စုစုပေါင်း(၂၄)မှတ်၊ ရောင်းချနိုင်မှုနှင့်ဈေးကွက်ထိုးဖောက်နိုင်မှုရှိခြင်းအတွက် (၁၆)မှတ်၊ သတ်မှတ်ထားသော စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ခြင်းအတွက် အမှတ်(၄၀)၊ လူမှုစီးပွားစောင့်ရှောက်မှုနှင့်တာဝန်သိမှုရှိခြင်းအတွက် အမှတ်(၂၀) စုစုပေါင်းအမှတ်(၁၀၀) ပေးခဲ့တဲ့အပြင် ဝန်ထမ်းများ၏လူမှုဖူလုံရေးဝင်ရောက်မှုအခြေအနေ၊ ကုန်ထုတ်လုပ်မှုအခြေအနေ၊ ကုန်ထုတ်လုပ်မှုအကျိုးအမြတ်ပမာဏ၊ နိုင်ငံတော်သို့အခွန်ဝေးဆောင်နိုင်မှု ပြည်ပဝင်ကုန်တန်ဖိုးပမာဏတို့ကိုပါကြည့်ပြီး ကော်မတီအဖွဲ့ဝင်များအဖြစ် ကွင်းဆင်းစစ်ဆေးကာ စိစစ်ရွေးချယ်ခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်။

ဝန်ထမ်းတွေရဲ့ လူမှုဖူလုံရေးဝင်ရောက်မှုအခြေအနေ၊ ကုန်ထုတ်လုပ်မှုအကျိုးအမြတ်ပမာဏ၊ နိုင်ငံတော်သို့ အခွန်ပေးဆောင်နိုင်မှု၊ ပြည်ပပို့ကုန်တန်ဖိုးပမာဏတို့ ကိုပါကြည့်ပြီး ကော်မတီအဖွဲ့ဝင်တွေက ကွင်းဆင်းစစ်ဆေးပြီး စိစစ်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

အကောင်းဆုံးဆုကို ရွေးချယ်ခဲ့ရတဲ့အချက်တွေကတော့ အမှတ်ပေးစည်းမျဉ်းပါ အချက်အလက်တွေကို အများဆုံးလိုက်နာခဲ့တဲ့အပြင် ဝန်ထမ်းတွေ လူမှုဖူလုံရေးသို့ ပြည့်ဝစွာဝင်ရောက်ထားရှိခြင်း၊ အမြတ်ခွန်နှင့်ကုန်သွယ်ခွန်များ အပြည့်အဝထမ်းဆောင်ထားခြင်းနဲ့ ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့နိုင်ခဲ့ခြင်း၊ ထုတ်ကုန်ပစ္စည်းများ အလေအလွင့်မရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် အကောင်းဆုံးဆုကို ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

တချို့လုပ်ငန်းတွေဟာ ပြည်တွင်းဈေးကွက်မှာသာ ဖြန့်ဖြူးနိုင်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှု မရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စီမံထုတ်လုပ်ထားမှုမရှိခြင်း၊ အရောင်းမြှင့်တင်ရေးစီစဉ်ဆောင်ရွက်မှုအားနည်းခြင်း၊ လူမှုစီးပွားစောင့်ရှောက်မှုကဏ္ဍတွေမှာ ပါဝင်ဆောင်ရွက်မှုအားနည်းခြင်း၊ စက်ရုံအတွင်း၊ အပြင် သန့်ရှင်းသာယာလှပအောင် စီစဉ်ဆောင်ရွက်မှုအားနည်းခြင်း၊ အရည်အသွေးစစ်ဆေးတဲ့အပိုင်းမှာ စက်ကိရိယာများ အသုံးပြုမှုမရှိဘဲ မျက်မြင်စစ်ဆေးမှုသာ ရှိခြင်းစသည်တို့ကြောင့် ရွေးချယ်ခဲ့ခြင်းမရှိတာဖြစ်ပါတယ်။

ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆုရွေးချယ်ရတဲ့ ရည်ရွယ်ချက်ကတော့ လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ထားသော စံချိန်စံညွှန်းများမြင့် ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်မီသော ပစ္စည်းများထုတ်လုပ်နိုင်စေရန်၊ ထုတ်လုပ်ရောင်းချနိုင်မှုပမာဏနှင့် အရည်အသွေးအား ထိန်းသိမ်းထားနိုင်စေရန်၊ ဈေးကွက်ထိုးဖောက်နိုင်မှုရှိနိုင်စေရန်၊ သတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ ထုတ်လုပ်ရောင်းချနိုင်မှုရှိစေရန် ဖြစ်ပါတယ်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အလတ်စားစက်မှုလုပ်ငန်းစုစုပေါင်း ၇၄၇၆ ခုရှိပါတယ်။ အလတ်စားလုပ်ငန်းများအနက် မန္တလေးတိုင်းဒေသကြီးက ၂၀၂၂ ခုဖြင့် အများဆုံးဖြစ်ပြီး ချင်းပြည်နယ်ဟာ လေးခုဖြင့် အနည်းဆုံးဖြစ်ပါတယ်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အကောင်းဆုံး တစ်ခုစီ ရွေးချယ်တင်ပြခဲ့ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခုမှ စုစုပေါင်း လုပ်ငန်း ၁၂ ခုမှ စုစုပေါင်းလုပ်ငန်း ၁၂ ခုကို ရွေးချယ်ခဲ့ပါတယ်။ ကရင်၊ ချင်း၊ ရခိုင်ပြည်နယ်များမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိပါဘူး။

အမှတ်ပေးစည်းမျဉ်းပါအချက်အလက်များအား အများဆုံးလိုက်နာခဲ့သည့်အပြင် ဝန်ထမ်းများ လူမှုဖူလုံရေးသို့ ပြည့်ဝစွာဝင်ရောက်ထားရှိခြင်း၊ အမြတ်ခွန်နှင့် ကုန်သွယ်ခွန်များ အပြည့်အဝထမ်းဆောင်ထားခြင်းနှင့် ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့နိုင်ခဲ့ခြင်း၊ ထုတ်ကုန်ပစ္စည်းများ အလေအလွင့်မရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့အတွက် အကောင်းဆုံးဆုကို ရွေးချယ်ခဲ့ရခြင်း ဖြစ်ပါတယ်။

တချို့စက်မှုလုပ်ငန်းတွေဟာ ပြည်တွင်းဈေးကွက် မှာသာ ဖြန့်ဖြူးနိုင်ပြီး ပြည်ပကိုတင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဖို့ စီမံထုတ်လုပ်ထားမှု မရှိခြင်း၊ အရောင်းမြှင့်တင်ရေးစီစဉ်ဆောင်ရွက်မှု အားနည်းမြင်း၊ လူမှုစီးပွားစောင့်ရှောက်မှုကဏ္ဍများတွင် ဝါဝင်ဆောင်ရွက်မှုအားနည်းခြင်း၊ စက်ရုံအတွင်း၊ အပြင် သန့်ရှင်းသာယာလှပအောင် စီစဉ်ဆောင်ရွက်မှုအားနည်းခြင်း၊ အရည်အသွေးစစ်ဆေးသည့်အပိုင်းတွင် စက်ကိရိယာ အသုံးပြုမှုမရှိဘဲ မျက်မြင်စစ်ဆေးမှုသာရှိခြင်းတို့ကြောင့် အကောင်းဆုံးဆုနဲ့ လွဲချော်ခဲ့ရခြင်းဖြစ်ပါတယ်။

ဦးသောင်းထိုက်
ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန

ကျွန်တော်တို့လုပ်ငန်းကော်မတီအနေနဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆုအတွက် အစည်းအဝေးတွေ အကြိမ်ကြိမ်ကျင်းပကာ စိစစ်ရွေးချယ်ခဲ့ပါတယ်။

ရွေးချယ်တဲ့အခါမှာ အားကစားအောင်မြင်မှုတွေနဲ့ နိုင်ငံတော်ရဲ့အားကစားဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်မှာ မြင့်တက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သူ၊ မြန်မာ့လက်ရွေးစင်အားကစားသမားတွေ အားလုံးအတွက်လည်း ဂုဏ်ယူဖွယ်စံပြုလောက်တဲ့သမျိုးကို သတ်ရရှိခဲ့တဲ့ရွှေတံဆိပ်ဆုများအပေါ်မူတည်ပြီး ရွေးချယ်ခဲ့ကြပါတယ်။

အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်နဲ့ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွေမှာ ရရှိခဲ့တဲ့ဆုတံဆိပ်များအပေါ် မူတည်ပြီး စံထားစိစစ်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ဦးကျော်ဝင်း
ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန

စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးတောင်သူလယ်သမားဆု ရွေးချယ်နိုင်ဖို့အတွက် စည်းမျဉ်း(၁၃)ချက်နဲ့ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု ရွေးချယ်ဖို့စည်းမျဉ်း(၁၁)ချက်တို့ကို လုပ်ငန်းကော်မတီအနေနဲ့ ညှိနှိုင်းဆုံးဖြတ်သတ်မှတ်ခဲ့ပြီး ဒီစည်းမျဉ်းတွေနဲ့အညီ ဆုရရှိသူကို ရွေးချယ်ခဲ့ပါတယ်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာဆုချီးမြှင့်ရေးအဖွဲ့အနေနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ရှစ်ဖွဲ့နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကတင်ပြလာတဲ့ ပဏာမရွေးချယ်ခံရသူတွေရဲ့ လုပ်ငန်းခွင်တွေအရောက် သွားရောက်စိစစ်ခဲ့ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကလည်း ထပ်မံသွားရောက်စိစစ်ခြင်းဖြင့် အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ပါတယ်။

ကျွန်တော်တို့လုပ်ငန်းကော်မတီမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက ဝန်ကြီးတွေလည်း ပါဝင်ပြီး အကောင်းဆုံးတောင်သူလယ်သမားဆုအတွက် ပဏာမရွေးချယ်ခံရသူ ၁၅ ဦးကို ဝိုင်းဝန်းစိစစ်ရွေးချယ်ပေးခဲ့ကြပါတယ်။ ပဏာမစာရင်းမှာ နှစ်ရှည်သီးနှံဖြစ်တဲ့ ရော်ဘာနဲ့ ဆီအုန်းစိုက်ပျိုးသူတွေလည်း ပါဝင်ပါတယ်။ ဒီသီးနှံတွေက နှစ်ရှည်သီးနှံတွေဖြစ်တဲ့အတွက် သီးနှံစိုက်စွမ်းအားထုတ်လုပ်ရာမှာ သီးနှံတစ်မျိုးတည်းအတွက်သာ အမှတ်ရရှိပြီး သီးနှံစုံစိုက်ပျိုးတဲ့တောင်သူတွေကတော့ သီးနှံစိုက်စွမ်းအားမြင့်မားတဲ့အတွက် အမှတ်ပိုမိုရရှိပါတယ်။ ဒါ့အပြင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အကောင်အထည်ဖော်စိုက်ပျိုးနိုင်မှု၊ ပေါင်းစည်းလယ်ယာစိုက်ပျိုးနိုင်မှုတို့အပေါ် ပေးတဲ့အမှတ်မှာလည်း ကွာခြားသွားခဲ့ပါတယ်။ ဒါကြောင့် တချို့တောင်သူကြီးတွေဟာ သူတို့ရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်က အကောင်းဆုံးအဖြစ် တင်ပြလာကြပေမယ့်လည်း နိုင်ငံ့စွမ်းဆောင်ရည်ဆု ရွေးချယ်တဲ့အခါမှာ ကျန်ရှိခဲ့ရခြင်းဖြစ်ပါတယ်။

ဦးလင်းအောင်
ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု ရွေးချယ်ရာမှာ အကဲဖြတ် အမှတ်ပေးစည်းမျဉ်းတွေနဲ့ စနစ်တကျ စိစစ်ရွေးချယ်ခဲ့ပါတယ်။ ဒီအမှတ်ပေးစည်းမျဉ်းတွေထဲမှာ အဓိကကျတာကတော့ ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အပေါ်မှာ အကဲဖြတ်စိစစ်တာပါ။ နောက်တစ်ချက်ကတော့ တစ်မျိုးသားလုံးကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့၊ အကျင့်စာရိတ္တပျက်ပြားမှုကိုဖြစ်ပေါ်စေနိုင်တဲ့ ကုန်စည်ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချတဲ့လုပ်ငန်းမဖြစ်ဖို့လိုပါတယ်။ နောက်ပြီး အမည်မည်းစာရင်းတင်သွင်းခံရခြင်းမှ ကင်းရှင်းသူဖြစ်ရမှာဖြစ်ပြီး အခွန်ကြွေးကျန်မရှိသူလည်း ဖြစ်ရမှာ ဖြစ်ပါတယ်။

အခွန်တာဝန်ကို သယ်ပိုးထမ်းဆောင်ခြင်းဟာ နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့နဲ့ ပြည်သူတွေရဲ့လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံ့အခွန်ဘဏ္ဍာတာဝန်ထမ်းဆောင်သူ များများတိုးတက်ပေါ်ထွန်းလာစေဖို့အတွက် ရည်ရွယ်ပြီး ဒီဆုကိုရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါတယ်။

ဗိုလ်မှူးချုပ်ကျော်ဇံမြင့်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

မြို့ပြ/ကျေးရွာအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီအနေနဲ့ အစည်းအဝေးတွေခေါ်ယူပြီးတော့ ဆုရွေးချယ်ဖို့အတွက် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ အမှတ်ပေးဇယားတွေရေးဆွဲပြီး အကောင်းဆုံးဖြစ်အောင် စနစ်တကျစီမံဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းကော်မတီအနေနဲ့ စိုက်ပျိုးရေးဆိုင်ရာဆု နှစ်ဆုနဲ့ မွေးမြူရေးဆိုင်ရာဆု သုံးဆု၊ ပေါင်းဆု ငါးဆုကို ချီးမြှင့်ဖို့ စိစစ်ရွေးချယ်ခဲ့ပါတယ်။

ဆုတစ်ဆုစီအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေနဲ့ နေပြည်တော်ကောင်စီနယ်မြေတို့ကနေ အကောင်းဆုံးတစ်ဦးစီကို ရွေးချယ်တင်ပြခဲ့ကြပါတယ်။ ဒါကြောင့် စုစုပေါင်း ၁၅ ဦးထဲကနေ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူတစ်ဦးကို စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

ရွေးချယ်တဲ့နေရာမှာ စိုက်ပျိုးရေးကဏ္ဍမှာ အဖွဲ့ ရှစ်ဖွဲ့၊ မွေးမြူရေးကဏ္ဍမှာ ငါးဖွဲ့ ဖွဲ့စည်းပြီး ပဏာမရွေးချယ်ခံထားရသူတွေရဲ့ လုပ်ငန်းခွင်အရောက် ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် တင်ပြလာတဲ့ အခြေအနေတွေနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေရဲ့ တင်ပြလာမှုတွေကို အကြိမ်ကြိမ်အခါခါ ပြန်လည်စိစစ်ပြီးမှ ဆုချီးမြှင့်ဖို့အတွက် ကော်မတီကိုတင်ပြခဲ့ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ *

ပြည်တွင်းရေးရာ

✱ စာမျက်နှာ ၆ မှ

ဒေါက်တာပွင့်ဆန်း
ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

နိုင်ငံတစ်နိုင်ငံမှာ ပို့ကုန်တွေများများတင်ပို့နိုင်မှ နိုင်ငံ့စီးပွား ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ပို့ကုန်လုပ်ငန်းရှင်တွေကို အားပေးတဲ့အနေနဲ့ အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆုကို ရွေးချယ်ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ ရွေးချယ်ရာမှာ ပို့ကုန်အများဆုံးတင်ပို့နိုင်တဲ့လုပ်ငန်းရှင်ကို ရွေးချယ်တာမဟုတ်ဘဲ အကောင်းဆုံးတင်ပို့နိုင်တဲ့ လုပ်ငန်းရှင်ကိုပဲ ရွေးချယ်တာဖြစ်ပါတယ်။

ရွေးချယ်တဲ့နေရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ရွေးချယ်ပေးလိုက်တဲ့ လုပ်ငန်းရှင် ၁၂ ဦးထဲကနေ အကောင်းဆုံးလုပ်ငန်းရှင်တစ်ဦးကို ရွေးချယ်ခဲ့တာပါ။ ပို့ကုန်တွေကရရှိတဲ့ အကျိုးအမြတ်တွေကနေ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ ဘာတွေအကျိုးပြုခဲ့သလဲ၊ စတင်ထုတ်လုပ်သည်မှ တင်ပို့သည်အထိ Supply Chain လုပ်ငန်းစဉ်မှာ ဘယ်လောက်ထိပါဝင်ဆောင်ရွက်နိုင်သလဲ၊ ပို့ကုန်အမျိုးအစား နယ်ပယ်မှာ ဘာတွေစွမ်းစွမ်းတမံဆောင်ရွက်ခဲ့သလဲ၊ ဒီပို့ကုန်ရရှိဖို့အတွက် ဘာတွေလုပ်ခဲ့သလဲ၊ ပို့ကုန်ထုတ်လုပ်တဲ့လုပ်ငန်းနယ်ပယ်ကြီးတစ်ခုလုံးနဲ့ မိတ်ဖက်နယ်ပယ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဘာတွေစွမ်းဆောင်ခဲ့သလဲ၊ ပို့ကုန်ကနေရရှိတဲ့အကျိုးအမြတ်ထဲကနေ အခွန်ဘဏ္ဍာကိုတာဝန်ကျေထမ်းဆောင်မရှိသလား စတဲ့အချက်တွေကို အဓိကထားပြီး ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအဖွဲ့တွေက ရွေးချယ်ပေးလိုက်တဲ့ လုပ်ငန်းရှင်တွေအားလုံးကတော့ သူ့ရဲ့နယ်ပယ်အသီးသီးမှာ အကောင်းဆုံးတွေလို့ယူဆရပါတယ်။ ဒါပေမယ့် အကောင်းဆုံးတစ်ဦးကိုပဲ ရွေးချယ်ရတာဆိုတော့ စိစစ်တဲ့အခါမှာ ယှဉ်ပြိုင်ဘက်တွေအနေနဲ့ ဆုရတဲ့သူနဲ့ ယှဉ်လိုက်ရင် ချို့ယွင်းမှုလေးတွေရှိနိုင်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ကဏ္ဍတစ်ခုမှာသာသွားတာရှိသလို အခြားကဏ္ဍတစ်ခုမှာ အားနည်းသွားတာမျိုးတွေရှိပါတယ်။ ဒါကြောင့်ပါ။

ဒေါက်တာမြင့်သိန်း
ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မွေးမြူရေးနဲ့ရေလုပ်ငန်းကဏ္ဍမှာ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍဟာ ရာနှုန်းပြည့်နီးပါး ပါဝင်နေတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးစနစ်နဲ့ နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲမှုလုပ်တဲ့နေရာမှာ ယခုလို နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံ့စွမ်းဆောင်ရှင်ဆုချီးမြှင့်ပေးတာဟာ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးရာရောက်ပါတယ်။ ယခုလို ထိုက်ထိုက်တန်တန် အားပေးဂုဏ်ပြုတဲ့အတွက် လာမည့်နောင်နှစ်တွေမှာလည်း ပိုပြီးတိုးတက်အောင်မြင်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီလုပ်ငန်းစဉ်မှာ ပါဝင်လုပ်ကိုင်ရတဲ့အတွက်ကို ဂုဏ်ယူစွာနဲ့ ကျွန်တော်တို့ တာဝန်ရှိသူတွေကလည်း ပိုပြီးတိကျခိုင်မာစွာနဲ့ ကြိုးစားလုပ်ကိုင်ကြရမယ်လို့ ခံယူပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်
လူမှုကော်မတီဥက္ကဋ္ဌ

လူမှုရေးဆိုင်ရာလုပ်ငန်းကော်မတီအနေနဲ့ ဆု သုံးဆုရွေးချယ်ခဲ့ပြီး နှစ်ဆုကိုတော့ ယခုအခမ်းအနားမှာ ပေးအပ်မှာဖြစ်ပြီး ကျန်တစ်ဆုဖြစ်တဲ့ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု(ဖောင်ဒေးရှင်းအပါအဝင်)(အဖွဲ့အစည်းဆိုင်ရာဆု) ကိုတော့ ၂၀၁၄ခုနှစ်မှာ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ ဒီနှစ်ရွေးချယ်ထားတဲ့ ဆုနှစ်ခုကတော့ အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆု(ပုဂ္ဂိုလ်ရေးဆိုင်ရာဆု)နဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားအသင်းဆု(အဖွဲ့အစည်းဆိုင်ရာ) တို့ဖြစ်ပါတယ်။

နောက်ပြီး နိုင်ငံတော်သမ္မတကြီးရဲ့အထူးအစီအစဉ်ဖြင့် ချီးမြှင့်မှာကတော့ ဘာသာရေးအဖွဲ့အစည်းများမှ ပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းသာယာရေးတို့အတွက် စွမ်းဆောင်ခဲ့ကြတဲ့ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို နိုင်ငံတော်သမ္မတက ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်သွားမှာဖြစ်ပါတယ်။

ဦးအောင်ကျော်မိုး
ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန

လူမှုရေးဆိုင်ရာလုပ်ငန်းကော်မတီအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေကို အဆိုပါဆုများအတွက် ပဏာမရွေးချယ်တင်ပြလာတဲ့ လူပုဂ္ဂိုလ်

အားကစားဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးသောင်းထိုက်။

များကို လုပ်ငန်းကော်မတီက အဆင့်(၃)ဆင့် ခွဲပြီးကွင်းဆင်းခဲ့ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအပါအဝင် ကော်မတီမှ သတ်မှတ်ထားတဲ့ ဆုရွေးချယ်ရေးစည်းမျဉ်း၊ အမှတ်ပေးဇယားတို့နဲ့အညီ ရွေးချယ်ခဲ့ပါတယ်။

အမှတ်ပေးစည်းမျဉ်းတွေကတော့ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေခြင်းနဲ့ ပြစ်မှုကင်းရှင်းသူဖြစ်ခြင်း၊ အသက်စွန့်လွှတ်ရခြင်းနဲ့ ထိခိုက်ဒဏ်ရာရခြင်း၊ ကျရောက်သည့် ဘေးအန္တရာယ်၏ ပြင်းထန်မှုနဲ့ အမျိုးအစား၊ အသက်ကယ်တင်နိုင်မှုနဲ့ စွန့်စားမှုအခြေအနေ စတဲ့(၄) ချက်အပေါ်အခြေခံပြီး ပေးမှတ် (၅၀) သတ်မှတ်ကာ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆုကို ချီးမြှင့်ခြင်းဖြင့် ပြည်သူတွေရဲ့စိတ်ဓာတ် မြင့်မားလာစေနိုင်ပါတယ်၊ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ ဖေးမကူညီရိုင်းပင်းလိုစိတ်များဖြစ်ပေါ်စေပြီး တစ်ကိုယ်ကောင်းဆန်တဲ့စိတ်ဓာတ်များ နည်းပါးပျောက်ပျက်သွားစေလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

နိုင်ငံတော်သမ္မတကြီး၏အထူးအစီအစဉ်ဖြင့် ချီးမြှင့်တဲ့ ဆုကလည်း ပြည်သူတွေရဲ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းသာယာရေးတို့အတွက် စွမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို ချီးမြှင့်မှာဖြစ်တဲ့အတွက် ချီးမြှင့်ခံရတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက သူတို့ရဲ့စွမ်းဆောင်ချက်များကို ဂုဏ်ယူဝမ်းမြောက်စေခဲ့ပြီး အများက အတုယူဖွယ်၊ အားကျဖွယ် စံနမူနာများအဖြစ် မှတ်ယူနိုင်လိမ့်မယ်လို့ ထင်မြင်မိပါတယ်။

ဦးစိုးဝင်း
ဒုတိယဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန

ပထမဦးဆုံး သီတဂူဆရာတော်ကြီး၏ စွမ်းဆောင်မှုကို တင်ပြလိုပါတယ်။ သီတဂူဆရာတော်ကြီးအနေနဲ့ စစ်ကိုင်းတောင်ရိုး သီတဂူအာယုဒါနဆေးရုံကြီးကို ၁၉၉၀ ပြည့်နှစ်က တည်ထောင်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ သီတဂူအာရောဂျဒါနဆေးရုံ ရှစ်ခုနဲ့ သီတဂူစက္ခုဒါနဆေးရုံ ၁၆ ခုတို့ကို ဖွင့်လှစ်ဆောင်ရွက်ပြီး ရဟန်းရှင်လူပြည်သူများကို အယုတ်အလတ်အမြတ်

သာသနာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးစိုးဝင်း။

မရွေး ဆေးဝါးကုသပေးလျက်ရှိပါတယ်။

ဒါ့အပြင် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ကျေးရွာပေါင်း ၁၅၀၀ရှိ ပြည်သူများအတွက် အဝတ်အထည်၊ အစားအစာ၊ သောက်ရေသန့်၊ ဆေးပစ္စည်းမျိုးစုံ၊ ဆောက်လုပ်ရေးပစ္စည်းများလှူဒါန်းခြင်း၊ မူလတန်းကျောင်း ၁၇ ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်း၊ အထက်တန်းကျောင်းခြောက်ကျောင်းတို့အား အသစ်ဆောက်လုပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမှုစုစုပေါင်းမှာ ကျပ်သိန်းပေါင်း ရှစ်သောင်း ငါးထောင်ကျော်ဖြစ်ပါတယ်။

ဆရာတော်ကြီးရဲ့ ပညာရေးဒါနအနေနဲ့ ဆရာဝန် ၆၈ ဦး၊ သူနာပြု သားဖွားနဲ့ ဓာတ်ခွဲခန်းကျွမ်းကျင်သူ ၃၇ ဦး၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်မှာ ပညာသင်ယူဆဲ ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ အခြေခံပညာကျောင်းအသီးသီးမှာ ပညာသင်ယူဆဲ ကျောင်းသား ကျောင်းသူ ၁၃ ဦးတို့ကို ပညာသင်စရိတ်ထောက်ပံ့၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံကနေ ဆောင်ရွက်လျက်ရှိပါတယ်။

အဓိကအနေနဲ့ ဆရာတော်ကြီးဟာ နိုင်ငံအတွင်းဖြစ်ပေါ်လေ့ရှိသော မငြိမ်းချမ်းမှုများ၊ မငြိမ်သက်မှုများ၊ ပဋိပက္ခဖြစ်ပွားမှုများအပေါ် ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုရရှိရေးအတွက် ပြည်သူများသို့ ဩဝါဒချီးမြှင့်ခြင်း၊ ငြိမ်းချမ်းရေးသဝဏ်လွှာများ ပေးပို့ထုတ်ပြန်ခြင်းတို့ကို အထူးအလေးထား ထူးထူးခြားခြား ဆောင်ရွက်ခဲ့ပါတယ်။

ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေက်န္ဒအနေနဲ့ ၂၀၀၀ ပြည့်နှစ်မှစ၍ ယဉ်ကျေးလိမ္မာသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ခဲ့ရာ ယခုချိန်ထိ သင်တန်းသားပေါင်း တစ်သိန်းတစ်သောင်းကျော်ကို အခမဲ့သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ပါတယ်။ ပညာရေးအထောက်အပံ့အနေနဲ့ သိန်းပေါင်းနှစ်ထောင့်လေးရာကျော်၊ ကျန်းမာရေးအထောက်အပံ့အနေနဲ့ ကျပ်သိန်းပေါင်း တစ်ထောင့်လေးရာကျော်၊ ရွှေဘို-မုံရွာ-မူးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် ကျပ်သိန်းပေါင်းတစ်ထောင်၊ ဒါ့အပြင် ရေဘေးဒုက္ခသည်များအတွက် အစားအသောက်နဲ့ အသုံးအဆောင် ကျပ်သိန်းတစ်ထောင်နှစ်ရာကျော်နဲ့ မီးဘေးဒုက္ခသည်များအတွက် အစားအသောက်နဲ့ အဝတ်အထည်များ ထောက်ပံ့လှူဒါန်းခဲ့ပါတယ်။

နာဂစ်မုန်တိုင်းသင့်ဒေသများသို့လည်း ကျပ်သိန်း ၆၀၀၀ ကျော် ထောက်ပံ့လှူဒါန်းခဲ့ပြီး ကချင်ပြည်နယ်မှာ စစ်မဲ့ငြိမ်းချမ်းရေးရရှိအောင် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဒုက္ခရောက်နေသူများအား နှစ်သိမ့်အားပေးခြင်း၊ အစားအသောက်နဲ့ လူသုံးကုန်ပစ္စည်းများ လှူဒါန်းခဲ့သည့် အပြင် မိတ္ထီလာအရေးကိစ္စတွင် နှစ်ဖက်လူအဖွဲ့အစည်းတွင် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုများရရှိစေရန်နဲ့ ပဋိပက္ခများ အဆုံးသတ်စေရန် ဘာသာပေါင်းစုံခေါင်းဆောင်များနဲ့အတူ သွားရောက်နှစ်သိမ့်အားပေးခဲ့တဲ့အတွက် အခုလို ဂုဏ်ထူးဆောင် လက်မှတ်ချီးမြှင့်ဆက်ကပ်ရခြင်းဖြစ်ပါတယ်။

ဖောင်တော်ဦးဘုန်းတော်ကြီးသင် တွဲဖက်အထက်တန်းကျောင်းကို ၁၉၉၉ ခုနှစ်မှာ တည်ထောင်ခဲ့ပြီး ကျောင်းမှာ နိုင်ငံ့ဝန်ထမ်းများစွာကို မွေးထုတ်ပေးနိုင်ခြင်း၊ ပညာသင်စရိတ်နဲ့ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ထောက်ပံ့ပေးနိုင်ခဲ့ခြင်း၊ လူမျိုးဘာသာမရွေးနဲ့ လူ့စွမ်းအားအရင်းအမြစ်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးထူးခြားခြား စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ယခုလို ဂုဏ်ထူးဆောင် လက်မှတ်ချီးမြှင့် ဆက်ကပ်ရခြင်းဖြစ်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ မိမိတို့လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်ခဲ့မှုကြောင့် ထိုက်တန်သည့် အသိအမှတ်ပြုခြင်းကို ခံယူရခြင်းဖြစ်ရာ ယခုကဲ့သို့ ဆုများအသီးသီးရယူခဲ့ကြပြီးနောက်ပိုင်းတွင်လည်း ပိုမိုအားထုတ်ကြိုးစားသွားကြမည်သူများဖြစ်သည်ကို ကျွန်တော်တို့ယုံကြည်လက်ခံထားပြီးဖြစ်ပါတယ်။

ဤသို့ဖြင့် ပြည်သူကပေးသည့်အားများဖြင့် မိမိတို့၏ သမိုင်းပေးတာဝန်များကို အစွမ်းကုန်မြှင့်တင် စွမ်းဆောင်ရင်း မြန်မာ့လူမှုစီးပွားလောကဖွံ့ဖြိုးဝေစည်ရေးကို ဝိုင်းကူတွန်းပေးရာ ရောက်စေမည်ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေပြီဖြစ်ပြီး ကောင်းမွန်သည့် ပြုပြင်ပြောင်းလဲမှုများကိုလည်း အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေပြီဖြစ်ရာ အားသစ်များလောင်းကာ ရှေ့ခရီးကို ဆက်လက်လျှောက်လှမ်းနိုင်တော့မည် ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်ရင်း ပြည်သူများ၏ဆန္ဒများလည်း ပိုမိုပြည့်ဝလာနိုင်တော့မည်သာ ဖြစ်ပါတော့သည်။

PUN HLAING HOSPITAL
အလှအပနှင့်အရေပြားဆိုင်ရာခွဲစိတ်ကုသမှုအထူးအစီအစဉ်
ကိုရီးယားမင်းသမီးတွေလိုလှပဖို့အတွက်ကိုရီးယားနိုင်ငံသွားစရာမလိုတော့ပါ....
ကိုရီးယားသရုပ်ဆောင်များကိုခွဲစိတ်ကုသပေးနေသော ကိုရီးယားနိုင်ငံမှအလှအပနှင့်အရေပြားဆိုင်ရာ
ခွဲစိတ်အထူးကုဆရာဝန်ကြီး ကိုယ်တိုင် မေလ (၄) ရက်နေ့မှ (၆) ရက်နေ့အထိ
ပန်းလှိုင်ဆေးရုံကြီးသို့ လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ... / မန္တလေး (၀၉) ... Email : enquiry.phh@...

ပြည်တွင်းရေးရာ

❖ရှေ့ဖုံးမှ

တရားဥပဒေစိုးမိုးမှ တည်ငြိမ်အေးချမ်းမည် ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှ လူမှုစီးပွားရေးဘဝ တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားကို ကြွရောက်ချီးမြှင့်ကြသူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ယခုအခမ်းအနားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည် ပုဂ္ဂိုလ်များကို နိုင်ငံတော်အနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို ချီးမြှင့်အပ်နှင်းသွားမည် အခမ်းအနားဖြစ်ပါကြောင်း။

နိုင်ငံ့စွမ်းဆောင်ရည်ဆုကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်အောင် စွမ်းဆောင်ကြမည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ တိုးပွားပေါ်ထွန်းလာစေရန်နှင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍဖြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး အားပေးမြှင့်တင်ဆောင်ရွက်ရန်ရည်ရွယ်ပြီး ချီးမြှင့်ခြင်းဖြစ်ပါကြောင်း။

အခမ်းအနားတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ထုတ်လုပ်သူတောင်သူလယ်သမားအဆင့်မှ လုပ်ငန်းရှင်များအဆင့်အထိ စွမ်းဆောင်ရှင်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှ ပို့ကုန်လုပ်ငန်းရှင်များအထိ စွမ်းဆောင်ရှင်များ၊ အခွန်ပေးဆောင်မှုတာဝန်အကျေဆုံးလုပ်ငန်းရှင်များ၊ အများပြည်သူအတွက် သက်စွန့်ကြိုးပမ်း စွမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားစွမ်းဆောင်ရှင်များကို စိစစ်ရွေးချယ်ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် အထူးအစီအစဉ်အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော ဘာသာပေါင်းစုံအဖွဲ့အစည်းအပါအဝင် ဘာသာရေးအတွက် သာမက လူမှုရေးအတွက်ပါ အားသွန်ခွန်စိုက် မနားမနေကြိုးစားဆောင်ရွက်နေသည့် ရဟန်းသံဃာများ၊ ဆင်းရဲနွမ်းပါးသူများနှင့် ကိုယ်လက်အင်္ဂါချို့တဲ့သူများကို စောင့်ရှောက်ကူညီပေးနေသည့် ရဟန်းသံဃာနှင့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်က ဂုဏ်ပြုသည့်အနေဖြင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရသည် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်ရမည် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး တာဝန်ကြီးကို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆုရရှိသည့် လသာမြို့နယ် အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ရဲကျော်စွာအောင်လှအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အတွက် ကမ္ဘာ့နိုင်ငံများက မြန်မာကိုအသိအမှတ်ပြုလေးစားဆက်ဆံလာကြပြီး ကမ္ဘာ့မျက်နှာစာတွင် မြန်မာတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခဲ့ကြပါကြောင်း။

တစ်ချိန်တည်း၌ပင် ဒုတိယအဆင့်ဖြစ်သော စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အခြားနိုင်ငံများနည်းတူ ကာလတို၊ တာလရှည် စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် အစိုးရက ဆောင်ရွက်ပေးရမည့်အပိုင်း၊ ပုဂ္ဂလိက ကဏ္ဍက ကြိုးပမ်းဆောင်ရွက်ရမည့်အပိုင်း၊ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရမည့်အပိုင်း၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်ရမည့်အပိုင်းများ ပါဝင်သည့်အတွက် သူ့အပိုင်းနှင့်သူ ထိထိရောက်ရောက် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရက လိုအပ်သည့် မူဝါဒနှင့် စီမံကိန်းများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြီး တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိအောင် ဖြေလျှော့စီမံပေးရမည်ဖြစ်သကဲ့သို့ လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်း ငွေကြေးအရင်းအနှီးနှင့် နည်းပညာရရှိရေး၊ စွမ်းဆောင်ရည်ပြည့်ဝသည် လူ့အရင်းအမြစ်လေ့ကျင့်ပြုစုပျိုးထောင်ရေးနှင့် ဈေးကွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လက်ရှိမြန်မာနိုင်ငံစီးပွားရေးတွင် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ သမဝါယမအဖွဲ့အစည်းအခန်းကဏ္ဍနှင့် နိုင်ငံပိုင် အခန်းကဏ္ဍတို့၏ ပါဝင်မှုအချိုးအစားကိုကြည့်လျှင် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းတွင် ပုဂ္ဂလိကပိုင်(၉၁ ဒသမ ၇)ရာခိုင်နှုန်း၊ သမဝါယမအဖွဲ့အစည်း (၁ ဒသမ ၂)ရာခိုင်နှုန်း၊ နိုင်ငံပိုင်(၇ ဒသမ ၁)ရာခိုင်နှုန်း ပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးတွင် အများဆုံးပါဝင်နေသည် အတွက် ပုဂ္ဂလိကကဏ္ဍစွမ်းဆောင်ရည်မြင့်မားလာအောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းသည် ပုဂ္ဂလိကကဏ္ဍအတွက် အနာဂတ်စွမ်းဆောင်ရည်ပြည့်ဝသော လူ့အရင်းအမြစ်များတိုးပွားလာအောင် အားပေးမြှင့်ထင်ရန်နှင့် ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်သွားနိုင်ရန်ပင်ဖြစ်ပါကြောင်း။

ကောင်းမွန်သော စီးပွားရေးဝန်းကျင် ဖန်တီးရေးနှင့် မေခရိုစီးပွားရေးတိုးတက်ကောင်းမွန်ရန်၊ ကုန်ပစ္စည်းဈေးကွက်နှင့် ငွေကြေးအရင်းအနှီးဈေးကွက် ကောင်းမွန်စွာလည်ပတ်ရေး လိုအပ်ခြင်းကြောင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကို အလေးတားစီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လက်ရှိ မြန်မာ့ကုန်ပစ္စည်းဈေးကွက်ကို လေ့လာသုံးသပ်လျှင် ကုန်သွယ်မှုတွင် တရားဝင်တင်သွင်းခွင့် ပေးထားပြီးဖြစ်သော ပစ္စည်းများကို မမှန်မကန် အကျိုးအမြတ်ရလိုမှုနှင့် အခွန်တိမ်းရှောင် မှောင်ခိုတင်သွင်းမှုများကြောင့် မှန်မှန်ကန်ကန် အခွန်ဆောင်တင်သွင်းသူများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့ဘဲ ဈေးကွက်ပျက်ပြားနေသည် အခြေအနေများ၊ တင်သွင်းလာသော ကုန်ပစ္စည်းအရည်အသွေး မမှန်ကန်သဖြင့် စားသုံးသူပြည်သူ ကျန်းမာရေးထိခိုက်စေမည်အန္တရာယ်များရှိနေမြင်းကြောင့် ယှဉ်ပြိုင်မှုဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေများရေးဆွဲပြဋ္ဌာန်းရန်နှင့် အခွန်စနစ်ခေတ်မီတိုးတက်ရေး စီစဉ်နေသကဲ့သို့ ပုဂ္ဂလိကကဏ္ဍ၌လည်း စီးပွားရေးကျင့်ဝတ်နှင့် စည်းမျဉ်းဥပဒေ လေးစားလိုက်နာတတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်မျိုးရှိလာအောင် စိတ်ထား(Mindset)များ ပြုပြင်ပြောင်းလဲရေးအတွက် ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို စနစ်တကျစီမံဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင်မူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုကဏ္ဍ အရှိန်အဟုန် နှေးကွေးရခြင်း၏ အကြောင်းတစ်ရပ်သည် ဈေးကွက်ဖွံ့ဖြိုးမှုမရှိမြင်းပင် ဖြစ်ပါကြောင်း၊ အလားတူ ထုတ်လုပ်ကုန်ကျစရိတ်နှင့်အကျိုးအမြတ်တွက်ခြေမကိုက်ရသည့်အကြောင်းတစ်ရပ်သည် ကြားအဆင့်ဆင့်ကုန်ကျမှု (Transaction Cost)များနေမှုကြောင့် ဈေးကွက်ပေါက်ဈေးအတိုင်း ငွေကြေးရသင့်သလောက်မရသည်အချက် ဖြစ်ပါကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ ထုတ်လုပ်မှု ကွင်းဆက်အချိတ်အဆက်မိအောင် ကန်ထရိုက်ထုတ်လုပ်မှု၊ ပုံမှန်ရောင်းသူဝယ်သူချိတ်ဆက်မှုများကို ဖြစ်နိုင်ခြေရှိသည်လုပ်ငန်းနယ်ပယ်၊ ဖြစ်နိုင်ခြေရှိသည်ဇုန်များထူထောင်ပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရတာဝန်ယူခဲ့သည် နှစ်နှစ်တာကာလတွင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာဆက်ဆံရေးတွင်သာမက စီးပွားရေးကဏ္ဍကိုပါ တံခါးဖွင့်ပေးထားခဲ့ပြီးဖြစ်သော်လည်း မိမိတို့၏ ပုဂ္ဂလိကကဏ္ဍသည် ဤနှစ်နှစ်အတွင်းတွင် အားယူနေရဆဲအခြေအနေ၌ပင် ရှိနေသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့အခြေအနေနှင့် မြန်မာ့အခြေအနေ လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်မှုသည် ပုဂ္ဂလိကကဏ္ဍအသင့်ဖြစ်မှုနှင့် ကြိုးစားအားထုတ်လုပ်ကိုင်နိုင်မှု စွမ်းဆောင်ရည်ကို မြန်လည်သုံးသပ်စီမံရန် တွန်းအားများ ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ထိုတွန်းအားများမှာ ယခင် တံခါးပိတ်နေခဲ့ရာမှ တံခါးဖွင့်လိုက်သည် အချိန်တွင် နိုင်ငံတကာကိုထွက်ပြီး ကူးလူးဆက်ဆံစီးပွားရှာနိုင်အောင် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော အရင်းအနှီးနှင့် နည်းပညာစီးဝင်လာရေးအတွက် နိုင်ငံတကာက ဝင်ရောက်လာသည် ရင်းနှီးမြှုပ်နှံကုန်သွယ်မှုကို လက်ခံဆောင်ရွက်ကြရမည့် အချိန်အခါမြစ်ပါကြောင်း။

ဒေသတွင်း၌လည်း အာဆီယံလွတ်လပ်သော ကုန်သွယ်မှုအတွက် တိုင်းရင်းသား လုပ်ငန်းရှင်များ ထိခိုက်မှုမရှိအောင်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ပြင်ဆင်ကြိုးပမ်းရမည် အချိန်ကာလသည်လည်း နီးကပ်နေပြီဖြစ်ပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုရှိစဉ်က ထုတ်လုပ်တင်ပို့ရောင်းချခြင်းကို မြှင့်တင်နိုင်မြင်းမရှိခဲ့သော်လည်း ယခုအခါ စီးပွားရေးပိတ်ဆို့မှုများ အဆင့်လိုက်ရုပ်သိမ်းပေးနေပြီမြစ်သဖြင့် ယင်းအခွင့်အရေးကို အကျိုးရှိစွာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံ့ဂုဏ်ဆောင် အားကစား စွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသည့် ဆုတံဆိပ် ၅၂ ဆုရှင် မြားပစ်အားကစားမယ် မအောင်ငိုမ်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အသုံးပြုပြီး ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ချိတ်ဆက်တင်ပို့ရောင်းချနိုင်မှုရှိရေး အသင့်ရှိအောင် မြင်ဆင်ဆောင်ရွက်ရန် အချိန်ရောက်နေပြီဖြစ်ပါကြောင်း။

ဤသို့ လျင်မြန်စွာပြောင်းလဲနေသော အခြေအနေအပေါ်တွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် စနစ်တကျစီမံ အားပေးမြှင့်တင် ဆောင်ရွက်ရန် လိုအပ်လာမြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေစဉ် တစ်ပြိုင်တည်းတွင် ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး(Private Sector Development Reform) လုပ်ငန်းစဉ်ကို မိမိတို့အစိုးရ၏ စတုတ္ထအဆင့်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ပြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ယူထားသော ဝန်ကြီးဌာနအသီးသီးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတာဝန်ယူထားသော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအသီးသီးက စီမံပံ့ပိုးရမည့်လုပ်ငန်းများရှိသကဲ့သို့ အစိုးရဌာနများနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရမည် လုပ်ငန်းများစွာ ပါဝင်သည့်အတွက် အစိုးရဌာနများက ကမကထပြုပြီး ပုဂ္ဂလိကကဏ္ဍပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိကညှိနှိုင်းဆွေးနွေးမှုများကို အမြန်ဆောင်ရွက်ကြရန်နှင့် အားပေးမြှင့်တင်ဆောင်ရွက်မည့် အစီအမံများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။

စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်ကို မူဝါဒချမှတ်ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ယင်းအခြေခံမူဘောင်ထဲတွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အလေးထားစီမံဆောင်ရွက်မည်မြစ်သည့်အတိုင်း ယခုဆိုလျှင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရောက်ရှိအောင် အစိုးရယန္တရားပြုပြင်ပြောင်းလဲမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ ပူးပေါင်းပါဝင် ဆောင်ရွက်သည် မြည်သူလူထုဗဟိုပြု အုပ်ချုပ်မှုစနစ်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း၊ ထိုသို့ ပြည်သူလူထုဗဟိုပြုသည် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရသည် အကြောင်းအရင်းမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာမျိုးစုံ မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာကိုင်တွယ်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများကလည်း ဥပဒေကို လေးစားလိုက်နာကြရမည် မြစ်ပါကြောင်း၊ လူ့အုပ်စုဖွဲ့အကြမ်းဖက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများကိုလည်း ပြည်သူများက ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် ပြည်သူ့ဘဝလုံခြုံမှုအတွက် ဝိုင်းဝန်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အဘက်ဘက်တွင် များစွာနောက်ကျကျန်နေပါကြောင်း၊ သို့သော်လည်း အချိန်မနှောင်းသေးပါကြောင်း၊ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရန်၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ကိုယ်တိုင် စည်းစည်းလုံးလုံးဖြင့် ကြိုးစားအလုပ်လုပ်ကြမှသာ အခြားနိုင်ငံများကို ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါကြောင်း၊ ပြင်းထန်သည် စိတ်ဓာတ်အစွဲများကို ပဋိပက္ခဖြစ်မည့်နေရာများတွင်မသုံးဘဲ ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးချမည်ဆိုလျှင် မိမိတို့အမြန်တိုးတက်မည် ဖြစ်ပါကြောင်း၊ မတော်လောဘ ရလိုသည့်စိတ်များ၊ အချောင်ရလိုသည့်စိတ်များကို ဖျောက်ကြရမည်မြစ်ပါကြောင်း။

နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် နိုင်ငံ့စွမ်းဆောင်ရည်ဂုဏ်ပြုလက်မှတ်ချီးမြှင့်မြင်းခံရသူများကလည်း မိမိတို့နယ်ပယ်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုတွင် စံနမူနာပြဦးဆောင်ကြရန်၊ မိမိတို့လုပ်ဖော်ကိုင်ဖက်များတိုးပွားလာအောင်၊ စုပေါင်းလုပ်ဆောင်တတ်သည် အလေ့အကျင့်များ ပွားများအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်ကြပါစို့ဟုမြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဘာသာရေးအဖွဲ့အစည်းများမှ ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်/အဖွဲ့အစည်းများအား အထူးအစီအစဉ်ဖြင့် ချီးမြှင့်သော နိုင်ငံတော်သမ္မတ၏ ဂုဏ်တူးဆောင်လက်မှတ် ရရှိကြသည် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ရန်ကုန်တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာမြတက္ကသိုလ် ပဋိပတ္တိမဟာဌာနမှူး ပါမောက္ခ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးတွဲဖက်အထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၂၆၃)ရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် ဒဂုံမြို့နယ် သံတမန်လမ်း အမှတ်(၂)ရှိ မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်းတို့နှင့် ပတ်သက်၍ ဆုချီးမြှင့်ရခြင်းအကြောင်းအရင်းများကို Video Clips ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒနှင့် ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးတွဲဖက်အထက်တန်းကျောင်းအတွက် ဘဒ္ဒန္တနာယကတို့အား နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင်လက်မှတ်များ ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ၏ စွမ်းဆောင်ချက်များနှင့် စပ်လျဉ်း၍ အခမ်းအနားမှူးများက ဆုတစ်ခုချင်းအလိုက် အနှစ်ချုပ်ထုတ်နုတ်တင်ပြပြီး သက်ဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူနှင့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ၏အမည်စာရင်းများကို ရှင်းလင်းချက်များနှင့်တကွ ကြေညာဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ရာ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး တောင်သူလယ်သမားဆုအတွက် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာအုပ်စု ပဲနွတ်ကျေးရွာမှ ဦးသိန်းမြင့်၊ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး လုပ်ငန်းရှင်ဆုအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ပင်လယ်ကိုး

ကြောင်း။

နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် နိုင်ငံ့စွမ်းဆောင်ရည်ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခြင်းခံရသူများကလည်း မိမိတို့နယ်ပယ်ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုတွင် စံနမူနာပြုဦးဆောင်ကြရန်၊ မိမိတို့လုပ်ဖော်ကိုင်ဖက်များတိုးပွားလာအောင်၊ စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အကျင့်များ ပွားများအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်ကြဝါစို့ဟုပြောကြားရင်း နိဂုံးချုပ်အဖြစ် ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဘာသာရေးအဖွဲ့အစည်းများမှ ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်/အဖွဲ့အစည်းများအား အထူးအစီအစဉ်ဖြင့် ချီးမြှင့်သော နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ရရှိကြသည့် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ရန်ကုန်တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိမဟာဌာနမှူး ဝါမောက္ခ ဒေါက်တာဘဒ္ဒန္တဆောက်ိန္ဒ၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးတွဲဖက် အထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၂၆၃)ရှိ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် ဒဂုံမြို့နယ် သံတမန်လမ်း အမှတ်(၂)ရှိ မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်းတို့နှင့် ပတ်သက်၍ ဆုချီးမြှင့်ရခြင်းအကြောင်းအရင်းများကို Video Clips ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ ဒေါက်တာ ဘဒ္ဒန္တဆောက်ိန္ဒနှင့် ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးတွဲဖက်အထက်တန်းကျောင်းအတွက် ဘဒ္ဒန္တနာယကတို့အား နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင်လက်မှတ်များ ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ၏ စွမ်းဆောင်ချက်များနှင့် စပ်လျဉ်း၍ အခမ်းအနားမှူးများက ဆုတစ်ခုချင်းအလိုက် အနှစ်ချုပ်ထုတ်နုတ်တင်ပြပြီး သက်ဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူနှင့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ၏အမည်စာရင်းများကို ရှင်းလင်းချက်များနှင့်တကွ ကြေညာဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ရာ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး တောင်သူလယ်သမားဆုအတွက် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သုံးခွကျေးရွာအုပ်စု ပဲနွတ်ကျေးရွာမှ ဦးသိန်းမြင့်၊ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး လုပ်ငန်းရှင်ဆုအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ပင်လယ်ကူးသွယ် ကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးအောင်သန်းဦး၊ မွေးမြူထုတ်လုပ်မှုအကောင်းဆုံးလူပုဂ္ဂိုလ်ဆုအတွက် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် နောင်ကုန်ကျေးရွာမှ ဦးကျမော့၊ မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် တောမကျေးရွာမှ ဦးခင်မောင်ဝင်း၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းမှ ဦးလှသန်း၊ အများပြည်သူဘေးအန္တရာယ် ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆုအတွက် လသာမြို့နယ် အရန်မီးသတ်ဒုတိယ တပ်ရင်းမှူး ရဲကျော်စွာအောင်လှ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်အကောင်းဆုံးဆုအတွက် ဆုတံဆိပ် ၅၂ ဆုရှင် မြားပစ်အားကစားမယ် မအောင်ငိုမ်း၊ အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင်ဆုအတွက် ဧရာဝတီတိုင်းဒေသကြီးမှ Golden Delta Co., Ltd. ပိုင်ရှင် ဦးချစ်ခိုင်၊ တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် နေရှင်နယ်ဝုဒ် အင်ဒက်စတြီလီမိတက်ပိုင်ရှင် ဦးကျော်ဝင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆုအတွက် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ထုတ်လုပ်ရောင်းချမှုအကောင်းဆုံး အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် သဇင်နယ်မိသားစုရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါ်သန်းသန်းဆွေ၊ ထုတ်လုပ်ရောင်းချမှုအကောင်းဆုံး အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် သရည်ကျိုလုပ်ငန်းရှင် ဦးအေးဝင်း၊ အထူးအစီအစဉ်ဖြင့် နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင် လက်မှတ်ရရှိကြသည့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ကိုယ်စား ဦးစိန်ဝင်းအောင်နှင့် မေရီချက်ပ်မင်း နားမကြားသော ကလေးများကျောင်း ကိုယ်စား ဒေါ်ညွန့်ညွန့်သိန်းတို့က လက်ခံရယူကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးတောင်သူလယ်သမားဆုရရှိသည့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ ဦးထွန်းလှိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆုရရှိသည့် ဦးလှသန်းက "ကျွန်တော့်အနေနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ဆုချီးမြှင့်ခြင်းခံရတဲ့အတွက် ဒေသအတွက် အင်မတန်မှဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ဒေသမှာ အလုပ်အကိုင်ရရှိရေးအတွက် ကဏန်းပျော့မွေးတာ၊ ငါးမွေးတာ၊ သားငါးဖောက်တာတွေကို အစွမ်းကုန်ဆက်ကြိုးစားသွားမှာပါ။

ဆုရရှိခြင်းရဲ့ အဓိကအချက်က ပထော်ပထက်ကျွန်းဟာ လွန်ခဲ့တဲ့ ၁၄ နှစ်တန်းက ဒီရေရောက်တောကြီးဖြစ်နေပါတယ်။ ဒီတောကြီးကို ခုတ်ထွင်ရှင်းလင်းပြီး အအေးခန်းစက်ရုံတို့၊ ကဏန်းပျော့မွေးတာတို့ လူမှုရေးအနေနဲ့ဆိုရင် စာသင်ကျောင်းတွေ၊ ဘုရားစေတီတွေ၊ ဆေးခန်းတွေ တည်ဆောက်ခဲ့ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ဒေသခံ ငါးထောင်လောက်ကို အလုပ်အကိုင် ပေးနိုင်ခဲ့ပါတယ်။ ဒီအချက်တွေကြောင့် ဆုချီးမြှင့်ခြင်းခံရတယ်လို့ထင်ပါတယ်။

ကျွန်တော့်အနေနဲ့ ဆုရရှိပြီးနောက်မှာ ငါးသားဖောက်လုပ်ငန်း ဆက်လုပ်သွားဖို့စီစဉ်ထားပါတယ်။ ဒီလုပ်ငန်းအောင်မြင်ရင် ဒေသခံတွေအလုပ်အကိုင်အများကြီးရပြီး ပိုမိုတိုးတက်လာမှာပါ။ ကျွန်တော်တို့ဒေသမှာ မကြာခင်ဖွင့်လှစ်တော့မယ့် မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပြီးရင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ အများကြီးတိုးတက်လာမှာပါ"ဟု ပြောပြခဲ့သည်။

အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆုရရှိသည့် ရဲကျော်စွာအောင်လှက "ကျွန်တော့်ကို နိုင်ငံတော်သမ္မတက နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပြီး ကျွန်တော်တို့လို အရန်မီးသတ်တပ်ဖွဲ့ဝင်များကို အခုလိုအသိအမှတ်ပြုတဲ့အတွက် အများကြီးပဲ ကျေးဇူးတင်ရှိပါတယ်။ ဒီဆုကိုရတဲ့အတွက် ဝမ်းလည်းဝမ်းသာမိပါတယ်။ ကျွန်တော်တို့ စိတ်ထဲရှိတာကတော့ ဒီဆုရပြီဆိုရင် ဒီထက်မက လုပ်ဆောင်ရမယ်လို့လည်း ယုံကြည်လာပါတယ်။

ဒီလိုလုပ်ဆောင်တဲ့နေရာမှာ အရန်မီးသတ်များကလည်း တက်တက်ကြွကြွ ပါဝင်လာမယ်လို့ ယုံကြည်ပါတယ်။ ၂၀၁၁ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မေတ္တာမွန်ဂိုဒေါင်မှာ မီးလောင်မှုဖြစ်ပါတယ်။ အဲဒီမီးလောင်ပြီးမကြာခင်မှာ ပေါက်ကွဲပြီး မီးလောင်မှုထပ်ဖြစ်တဲ့အတွက် ကျွန်တော်နဲ့အတူ သန္ဓေမီးသတ် ခြောက်ဦးပါ ဒဏ်ရာရရှိပါတယ်။ အထဲမှာ မီးလောင်သူတွေ ကျန်ရှိတဲ့အတွက် ကယ်ထုတ်ပြီးတော့ ရန်ကုန်ဆေးရုံကြီးကို ခေါ်သွားပါတယ်။ ဒီအချက်က စွမ်းဆောင်ရည်ဆုချီးမြှင့်ခံရတဲ့ အဓိကအချက်လို့ထင်ပါတယ်။

အရင်ကလည်း ရဲကျော်စွာဘွဲ့ ချီးမြှင့်ခြင်းခံရတာ ရှိပါတယ်။ ကျွန်တော်တို့စေတနာ့ဝန်ထမ်းတွေကတော့ အများပြည်သူတွေ အန္တရာယ်ကျရောက်တဲ့အခါ ကယ်တင်ဖို့အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ လုပ်ကြဖို့အတွက်ကို ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်။ ဒါမှလည်း ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုနည်းမှာဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက နိုင်ငံတော်သမ္မတ၏ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ရာ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး တောင်သူလယ်သမားဆုအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မင်းကုန်းကျေးရွာမှ ဦးချစ်သိန်းနှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ ဦးထွန်းလှိုင်၊ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာမှ မြတ်အိန္ဒြေကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးမြတ်သူနှင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မောင်ကန်းကျေးရွာမှ ဂရိတ်ဝေါကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးတင်မောင်၊ မွေးမြူထုတ်လုပ်မှု အကောင်းဆုံး လူပုဂ္ဂိုလ်ဆုအတွက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာမှ ဦးအောင်ရွှေနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းကျေးရွာမှ ဒေါ်ထုလိန်၊ မွေးမြူထုတ်လုပ်မှု အကောင်းဆုံး လုပ်ငန်းရှင်ဆုအတွက် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် နမ့်ကွပ်ကျေးရွာမှ ဒေါက်တာသိန်းစိန်နှင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာမှ ဦးမောင်မောင်လွင်၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှုအကောင်းဆုံး လုပ်ငန်းရှင်ဆုအတွက် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သောင်ဇာကျေးရွာအုပ်စုမှ ဦးရွှေကြိုင်နှင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မင်းရပ်ကျေးရွာမှ ဦးကျော်မိုးခိုင်၊ သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆုအတွက် ငပုတောမြို့နယ်မှ အလယ်တန်းပြ ဆရာ ဦးဆောင်းမင်းစိုးနှင့် မြစ်ကြီးနားမြို့ အရန်မီးသတ်တပ်ကြပ် မြင့်ဝင်းတို့က လက်ခံရယူကြသည်။

အလားတူ ဒုတိယသမ္မတ ဦးညွန့်ထွန်းက နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ရာ အားကစား စွမ်းဆောင်ရည်ဆုအတွက် မြန်မာနိုင်ငံလှေလှော် အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်၊ အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင်ဆုအတွက် နယူးဂိုးဒင်းဂိတ် 1991 ပိုင်ရှင် ဦးအုန်းဆိုင်နှင့် မော်လမြိုင် Holding Co., Ltd.ပိုင်ရှင် ဦးဝင်းတင်၊ တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့်စီးပွားရေးလုပ်ငန်းရှင်ဆု အတွက် ပြည်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ပိုင်ရှင် ဒေါက်တာအောင်လွင်နှင့် မြဘုရင် နီချက်စက်ရုံပိုင်ရှင် ဦးဝင်းမောင်၊ အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု အတွက် အေစီအီးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်မိုးဝင်းနှင့်မက်(စ်) မြန်မာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ထုတ်လုပ်ရောင်းချမှု အကောင်းဆုံးအသေးစားစီးပွားရေး လုပ်ငန်းရှင်ဆုအတွက် သီရိမြန်မာ မြန်မာ့လက်မှုအနုပညာနှင့်အထွေထွေလုပ်ငန်းပိုင်ရှင် ဦးမြင့်ထွေးနှင့် စိန်ရက်ကန်းကုန်ထုတ်သမဝါယမ အသင်းပိုင်ရှင် ဦးကြီးရွှေ၊ ထုတ်လုပ်ရောင်းချမှုအကောင်းဆုံး အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆုအတွက် အဆင့်မြင့်ရေဘုံပိုင်လုပ်ငန်းရှင် ဦးထွန်းအောင်နှင့် စွမ်းအားပြည့် ရေယာဉ်ပန်ကာလုပ်ငန်းရှင် ဦးဝင်းထိုက်တို့က လက်ခံရယူခဲ့ကြသည်။

ဒုတိယသမ္မတ ဦးညွန့်ထွန်း အားကစားစွမ်းဆောင်ရည်ဆုရရှိသည့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆုရရှိသူများကိုယ်စား ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု ရရှိသည့် ဦးလှသန်းက ကျေးဇူးတင်စကား ပြောကြားပြီးနောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

နိုင်ငံ့ဂုဏ်ဆောင် အားကစား စွမ်းဆောင်ရည်အကောင်းဆုံးဆု ရရှိသည့် မအောင်ငိုမ်းက "အရမ်းကို ဝမ်းသာဂုဏ်ယူပီတိဖြစ်ပါတယ်။ ဒီလိုရမယ်လို့လည်း မထင်ပါဘူး၊ နိုင်ငံတော်သမ္မတကြီးပေးတဲ့ဆုကို ရဖို့ကလည်း အင်မတန်ခက်ခဲပါတယ်၊ ဒီလိုဆုကိုရတဲ့အတွက် ဖော်မပြနိုင်အောင်ဂုဏ်ယူမိပါတယ်။ ဆုတံဆိပ် ၂၅ ခုထဲမှာ အမြင့်မားဆုံးဆုကတော့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွှေတံဆိပ်ဆုဖြစ်ပါတယ်။ ကိုယ်ကအခုလို ကြိုးစားပြီး ရွှေတံဆိပ်တွေ ရခဲ့လို့သာ နိုင်ငံတော်က အခုလိုဂုဏ်ပြုတာလေ၊ နောင်ကို ကိုယ်က အခုလို ရွှေတံဆိပ်တွေထပ်ပြီး ယူပေးနိုင်ရင် ဒီလိုဂုဏ်ပြုဦးမှာပဲဆိုတဲ့ စိတ်ပေါ့နော်၊ ပိုပြီးအားရှိကာပေါ့၊ နောင်လည်း ပိုပြီးတော့ကြိုးစားသွားမှာပါ။ အခုလာမယ့်ဆီးဂိမ်းမှာ အဓိကယှဉ်ပြိုင်ရမှာကတော့ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်တို့ဖြစ်ပါတယ်။ ဆီးဂိမ်းမှာ ရွှေတံဆိပ်ရနိုင်သလောက်ရအောင် အကောင်းဆုံး ကြိုးစားသွားမှာပါ"ဟု ပြောပြခဲ့သည်။

အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင် ဆုရရှိသည့် ဦးချစ်ခိုင်ကလည်း "ကျွန်တော့်အနေနဲ့တော့ နောင်လည်း လယ်ယာကဏ္ဍအတွက်ပေါ့၊ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်အတွက် အားတစ်ခုအနေနဲ့ရှိပါတယ်။ တကယ်တော့လည်း ကျွန်တော့်အနေနဲ့ ဒီဆုကို ရည်မှန်းပြီးတော့ မဟုတ်ဘူးပေါ့နော်၊ ၂၀၀၈ အကုန် ၂၀၀၉ ခုနှစ် ကတည်းက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အထူးပြုကုမ္ပဏီ တည်ထောင်ပြီး ကျွန်တော်တို့ စတင်ဆောင်ရွက်ခဲ့တာပါ။ ဒီနေရာမှာ လယ်သမားတွေကို လယ်ယာမှာ သေသေချာချာလေး ထုတ်လုပ်နိုင်အောင်လို့ သွင်းအားစု၊ နည်းပညာစတာတွေကို ဝိုင်းဝန်းပြီးတော့ ပံ့ပိုးပေးခဲ့ပါတယ်။

ဒါ့အပြင် မျိုးပိုင်းဆိုင်ရာကိစ္စတွေကိုလည်း အတတ်နိုင်ဆုံး မျိုးသန့်တွေ စိုက်ပျိုးလာအောင် ကျွန်တော်တို့ကိုယ်တိုင် မျိုးထုတ်လုပ်ပြီး အခြေခံဈေးနှုန်းနဲ့ ဝယ်နိုင်အောင် ဖြန့်ဖြူး ဆောင်ရွက်ပေးပါတယ်။ အဲဒီလိုစက်မှုလယ်ယာကူးပြောင်းနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ခွန်အားနဲ့၊ ကျွန်တော်တို့ရဲ့ငွေကြေးနဲ့ စည်းရုံးပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

တစ်ဖက်မှာလည်း ပို့ကုန်အနေနဲ့ ပို့နိုင်အောင်လို ခေတ်မီဆန်စက်တွေ ထူထောင်နိုင်ဖို့အတွက် ဖြန့်ကြက်ပြီးတော့လုပ်ခဲ့ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့က သက်ဆိုင်ရာနယ်မြေတွေမှာ သူတို့ရဲ့ ကျေးရွာ လူမှုရေးကိစ္စတွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေးကိစ္စတွေပါ တစ်ပြိုင်တည်းပူးတွဲပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဓိကကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသော ပြည်သူတွေဟာ လယ်ယာကဏ္ဍကို အမှီပြုနေတဲ့ ကျေးလက်နေပြည်သူတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကျွန်တော်တို့ရဲ့ အသက်တည်ရှိသရွေ့ ကြိုးစားလုပ်ကိုင်သွားဖို့ ဆုံးဖြတ်ထားသလို ပိုမိုပြီးတော့လည်း ခွန်အားတစ်ရပ်အနေနဲ့ ကြိုးစားလုပ်ကိုင်သွားဖို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောပြခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဆုရရှိသူများအား Banquet Hall ၌ ညစာစားပွဲဖြင့် ဂုဏ်ပြုချီးမြှင့် တည်ခင်းခဲ့ကြောင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တေးသရုပ်ဖော်အတများဖြင့် ဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆုရရှိသည့် ဦးလှသန်း။

အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်ဆုရရှိသည့် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း။

အသံမစဲပဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ် ကျင်းပ

နေပြည်တော် ဧပြီ ၃၀

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကကြီးမှူး၍ တတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ အထိမ်းအမှတ်အဖြစ် ဆရာတော် သံဃာတော်များနှင့် စာသင်တိုက်များသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အတုလ ရန်အောင်ကျောင်းတိုက် ဦးစီးမဓာန နာယကဆရာတော် ဘဒ္ဒန္တကောသလ္လ ထံမှ ပရိတ်သတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းလိုင်၊ ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမောင်ချစ်၊ ဘဏ္ဍာရေးမှူး ဦးစိန်မြင့်နှင့် စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြစေတီစာသင်တိုက်၊ ဆင်ဖြူကျောင်းစာသင်တိုက်၊ စိန်မမကျောင်း စာသင်တိုက်၊ မဟာမြိုင်စာသင်တိုက်နှင့် ဂျုံးဂျုံးကျတောရစာသင်တိုက် စသည့်စာသင်တိုက် ငါးတိုက်တို့သို့ ဆွမ်းဆန်တော် ၁၅ အိတ်၊ ဆီ ၁၀ ပိဿာစီ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၃၀ ကျော်ခန့်ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

တတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ပြည်နယ်မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီးရှိ စေတနာ့ဝန်ထမ်းအဖွဲ့ အစည်းများအား ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် ဧပြီ ၃၀

ယနေ့ထိ တစ်နိုင်ငံလုံးတွင် ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားပြီးသည့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ စုစုပေါင်း ၂၁၇ ခု၊ မသန်စွမ်းဂေဟာစုစုပေါင်း ကိုးခု၊ ဘိုးဘွားရိပ်သာ စုစုပေါင်း ၆၁ ခုနှင့် အမျိုးသမီးဂေဟာ စုစုပေါင်း ၁၀ ခု၊ ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း စုစုပေါင်း ၇၃၅ ခု၊ လူငယ်ရိပ်သာ စုစုပေါင်း ၇၀၊ စေတနာမူလတန်းညကျောင်း စုစုပေါင်း ၈၉ ခုနှင့် မရမ်းချောင်ဂေဟာ တစ်ခု စေတနာ့ဝန်ထမ်းအဖွဲ့အစည်း စုစုပေါင်း ၁၀၉၂ တို့ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းငွေကျပ် ၅၄၇ ဒသမ ၈ သန်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ယမန်နှစ်ကထက် ၃ ဒသမ ၁၃ ဆ တိုးမြှင့်ပြီး စုစုပေါင်းငွေကျပ် ၁၇၁၆ ဒသမ ၆ သန်း တိုးမြှင့်ထောက်ပံ့သွားမှာဖြစ်ပါကြောင်း၊ ပြောင်းလဲလာသောခေတ်သစ် စနစ်သစ်နှင့်အညီ ထောက်ပံ့ကြေးငွေများကိုလည်း အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်အောင် ဆက်လက်တိုးမြှင့်ထောက်ပံ့သွားမည်ဖြစ်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ဧပြီ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ကျင်းပသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် ပြောကြားပြီး ရေစခန်း လူငယ်ပရဟိတဂေဟာအတွက် ငွေကျပ် သိန်း ၄၀ တစ်သောင်း၊ မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် တစ်ကျောင်းလျှင် ငွေကျပ် ခြောက် သိန်းစီနှင့် စေတနာမူလတန်းညကျောင်း နှစ်ကျောင်းအတွက် တစ်ကျောင်းလျှင် ငွေကျပ် ငါးသိန်း ခုနစ်သောင်းစီကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဟင်္သာတမြို့ မြနဒီခန်းမ၌ကျင်းပသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၂၈ သိန်း လေးသောင်း နှစ်ထောင်နှင့် မူလတန်းကြိုကျောင်း သုံးကျောင်းအတွက် တစ်ကျောင်းလျှင် ငွေကျပ် ခြောက်သိန်းစီကို ထောက်ပံ့ပေးအပ်ကာ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ထို့နောက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးဂိုဒေါင်၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းဌာနဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၂၈ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သက်ကြီးရွယ်အို နေ့မိုင်း စောင့်ရှောက်မှုဂေဟာနှင့် ရှေးဦးကလေးသူငယ်ဖြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ပင်မအထောက်အကူပြု ဗဟိုဌာနဖွင့်လှစ်ရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်တမ်းနှစ် ၁၀၀ ကျော်ရှိပြီဖြစ်သည့် ဖြိုင်ပွဲဝင် စံပယ်တင်လှေ

မြန်မာ့ရိုးရာယဉ်ကျေးမှုလေ့သဘင်ပွဲတွင် ဆုဖလားအကြိမ်ကြိမ်ရရှိခဲ့ပြီး ယခုသက်တမ်း နှစ်တစ်ရာကျော်ရှိသည့် လောင်းလှေအားရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လမုကျေးရွာ၌ တွေ့မြင်ခဲ့ရသည်။

ယင်းလှေအား လမုကျေးရွာဘုန်းတော်ကြီးကျောင်းဆရာတော်ကြီးများ ခေတ်အဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ယခု ကျောင်းထိုင်ဆရာတော် ဦးအဂ္ဂဓမ္မအပါအဝင် ဆရာတော် လေးဆက်ရှိပြီဖြစ်ကြောင်း သိရသည်။

လှေကို မည်သည့်ခုနှစ်က တည်ဆောက်ခဲ့သည်ကို အတိအကျ မသိသော်လည်း လက်သမားဆရာကြီး ဦးတွေးက တည်ဆောက်ပေးခဲ့ပြီး လှေအရှည် ၅၂ ပေရှိသည်ဟု သိရသည်။ ယင်းလှေတည်ဆောက်ရန် ကျွန်းခြမ်း နှစ်ခြမ်းဝယ်ယူခဲ့ပြီး ကျွန်းမြပ်ပေါ်စံပယ်ဝင့်နှစ်မွှင့် တွေ့ရှိခဲ့သောကြောင့် လှေတည်ဆောက် ပြီးစီးသည့်အခါ စံပယ်တင်လှေဟု အမည်ခေါ်တွင်ခဲ့ကြောင်း ဖြိုင်ပွဲဝင်နည်းပြ၊ ကစားသမားလုပ်ခဲ့သူ ဦးဝင်းကြိုင်က ရှင်းလင်းပြောကြားခဲ့သည်။

စံပယ်တင်လှေနှင့် ပတ်သက်၍ "ကျွန်တော်တို့ ရွာသူရွာသားတွေက ခေတ်အဆက်ဆက် လှေပြိုင်ပွဲဝင်တိုင်း ဆုတံဆိပ်အသီးသီးရရှိခဲ့တဲ့အတွက် စံပယ်တင်လှေကို ဝုဏ်ယူကြတယ်။ စံပယ်တင်လှေကို ၁၉၉၆ ခုနှစ်နောက်ပိုင်းတွင် ရေချအသုံးပြုခြင်းမရှိတော့ဘဲ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်တစ်ခုအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း မြန်မာ့ရိုးရာယဉ်ကျေးမှု လှေသဘင်ပွဲများ ပြန်လည်ပြုလုပ်လျှင် ယင်းစံပယ်တင်လှေဖြင့် ပြိုင်ပွဲဝင်ရန် အသင့်ရှိကြောင်း ဦးဝင်းကြိုင်က ပြောကြားသည်။

သတင်း-သော်ဇက်
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

AYEYARWADY BANK
your trusted partner

ဧရာဝတီဘဏ် လီမိတက်၏
(၃၅)ဘဏ်ခြောက် မအူပင်ဘဏ်ခွဲ အား ၂၀၁၃ ခုနှစ်၊ ဧပြီလ (၃၀)ရက်တွင်
အောင်မြင်စွာ ဖွင့်လှစ်လိုက်ပါကြောင်း မိတ်ဆွေပြည်သူ အပေါင်းတို့အား
ဝမ်းမြောက်ဝမ်းသာစွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

မအူပင်ဘဏ်ခွဲ
အမှတ်(၉၂)၊ ကျောင်းလမ်း၊ (၄)ရပ်ကွက်၊ မအူပင်မြို့၊
ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း - ၀၄၅ ၃၀၀၇၈၊ ၃၀၉၅၃၊ ၃၁၀၉၆၊ ၃၁၁၅၆
ဖက်(စ်) - ၀၄၅ ၃၀၄၅၁၊ ၃၀၄၉၀

တိုးတက်မှုနှင့်တစ်ပြေးညီ
စိတ်ချယုံကြည်
ဧရာဝတီ

ရန်ကုန် (ရုံးချုပ်) - အမှတ်(၁) ဘုရင့်နောင်လမ်းမကြီး (ရွာမကွေ့အနီး) လှိုင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၅၀၀၁၂၃၊ ၅၃၁၈၇၉၊ ၅၃၁၀၇၈-၉ ဖက်(စ်) - ၀၁ ၅၃၀၉၆၈၊ ၅၂၇၈၉၇
www.ayabank.com

ကွန်တိန်နာ အမှိုက်သိမ်းယာဉ် လုံခြုံစွာဖုံးအုပ်သယ်ဆောင်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ခရိုင်မှူး၏ စီစဉ်မှုဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များတွင် အမှိုက်များ စုစည်းသိမ်းဆည်းရာတွင်လည်းကောင်း၊ သယ်ယူစွန့်ပစ်ရာတွင်လည်းကောင်း အနံ့အသက်ဆိုးများကင်းဝေးစေရန်နှင့် အမြင်တင့်တယ်စေရန် ရည်ရွယ်ပြီး တိကျလုံခြုံမှုရှိသော အဖုံးအအုပ်များဖြင့် စနစ်တကျ ဖုံးအုပ်၍ သယ်ယူစွန့်ပစ်သိမ်းဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၉၇)

ရွှေဈေး၊ စက်သုံးဆီဈေးနှုန်း နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဧပြီ ၃၀

မန္တလေး ရွှေဈေး

(က)	အခေါက်ရွှေ(အဆင့်-၁)	၇၁၂၀၀၀ ကျပ်
(ခ)	အခေါက်ရွှေ(အဆင့်-၂)	၇၀၉၅၀၀ ကျပ်
(ဂ)	ရွှေဒင်္ဂါး(ရွှေရည်မီ)	၆၃၉၅၀၀ ကျပ်

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	(၁လီတာ)	၈၆၀ ကျပ်
(ခ)	အောက်တိန်း95	(၁လီတာ)	၁၀၈၀ ကျပ်
(ဂ)	အောက်တိန်း92	(၁လီတာ)	၈၇၀ ကျပ်
(ဃ)	ဓာတ်ဆီ	(၁လီတာ)	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၈၉၀. ၀၀
(ခ)	ယူရို	တစ်ယူရို	= ၁၁၆၅. ၂၀
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၂၀. ၄၁
(ဃ)	တရုတ်	တစ်ယွမ်	= ၁၄၄. ၃၆
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၄၂
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၃. ၃၈
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၄၁
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၀၉. ၂၃
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၈၀. ၆၅
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၂၀. ၉၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ပုသိမ်၌ စေတနာကွန်ကရစ်တံတားနှင့် နှစ်လက်မစက်ရေတွင်းဖွင့်

နေပြည်တော် ဧပြီ ၃၀

ပုသိမ်မြို့ အမှတ်(၉)ရပ်ကွက် စေတနာကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ကျင်းပရာ လယ်တီကျောင်းတိုက်ဆရာတော်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်ဝင်းနိုင်တို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက တံတားကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လယ်တီကျောင်းတိုက်၌ ကျင်းပသည့် နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စက်ရေတွင်း ရေဘားကို ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံလမ်းကူးဂိတ်တံခါးများ ကြပ်မတ်နိုင်မှုအရေးကြီး

ရန်ကုန် ဧပြီ ၃၀

ရထားနှင့် ကားတိုက်မိသော မတော်တဆဖြစ်စဉ်မျိုး မရှိစေရေးအတွက် ရထားသံလမ်းကူးဂိတ်တံခါးများ၏ ကြပ်မတ်လုပ်ဆောင်နိုင်မှုမှာ အလွန်အရေးကြီးကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ မြို့ပတ်ရထားလမ်းတစ်လျှောက်တွင် ရထားသံလမ်းကူးကားလမ်းများရှိသလို ရထားမရောက်မီ ကြိုတင်ဂိတ်တံခါးများ ပိတ်ထားကြသော်လည်း အချို့သော သံလမ်းကူးဂိတ်တံခါးများတွင် တံခါးနှစ်ဖက်စလုံးကို မပိတ်ဘဲ တစ်ခြမ်းတည်းကိုသာ ပိတ်ကြခြင်းကြောင့် လွတ်နေသောအခြမ်းမှ အလျင်စလို ဝင်ကာဖြတ်သန်းကြသော ကားများ ရှိလာခြင်းက မလိုလားအပ်သော မတော်တဆဖြစ်စဉ်များ ကြုံတွေ့နိုင်သည်။ ရထားလာစဉ် ဂိတ်တံခါးနှစ်ဖက်စလုံး ပိတ်ထားသည်များ ရှိသော်လည်း လုံခြုံမှုမရှိသော ဂိတ်တံခါးများကြောင့် အလျင်စလို ဖြတ်သန်းကြသည့် အနေးယာဉ် (စက်ဘီး-ဆိုက်ကားများ)နှင့် ခြေကျင်လျှောက်သူများအနေဖြင့် ရထားအန္တရာယ် ကြုံတွေ့နိုင်သည်။

"သံလမ်းကူး ဂိတ်တံခါးများ နှစ်ဖက်စလုံးကို ပိတ်ထားသင့်တာဖြစ်သလို ဂိတ်တံခါးတွေကလည်း ခြေကျင်လျှောက်သူ ပါဝင်လို့ရအောင် လုံခြုံမှုရှိအောင် လုပ်သင့်တယ်၊ ဒါမှလည်း မလိုလားအပ်တဲ့ အန္တရာယ်တွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်" ဟု မြို့ပတ်ရထားသံလမ်းကူး ဂိတ်တံခါးတစ်ခုတွင် နေ့စဉ်မြင်တွေ့သူတစ်ဦးက အကြံပြုပြောကြားခဲ့သည်။ **(ထက်နိုင်-စမ်းချောင်း)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၃	တရားတော်
၆း၄၅	မြန်မာသံစဉ် ချိန်နားဝင်
၆း၅၅	စာပေအလင်း စာပေသတင်း
၇း၁၅	ခရီးလည်းသွား စကားလည်းဆို
၈း၃၀	Shopping အစီအစဉ်များ
၄း၃၅	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၁၀၀)
၆း၂၅	ကာတွန်းအစီအစဉ် -အာကာသသူရဲကောင်းလေးများ (အပိုင်း-၉၄)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချိုမြိန်သောဘဝ (အပိုင်း-၄) -ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခွင့်ရချင်ပြီ" (အပိုင်း-၉)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"ပဂိုလ်မြတ်တို့၏ နှလုံးအိမ်" တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ)
၀၀း၀၀	ဟင်းချက်ရအောင်
၂း၂၀	World of Knowledge (Man Huat; Sharp Teeth Nomads)
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၄၈)
၇း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေလဆံရာရှေဖူးစာ" (အပိုင်း-၁၁)
၈း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၉၂)

ပါဂျဲရိုးယာဉ်အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွား

အင်းတော် ဧပြီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၃၈/၅)နှင့် (၁၃၈/၆) ကြားတွင် MITSUBISHI PAJERO မော်တော်ယာဉ် (အပြာ-မီးခိုးရောင်)မှာ အရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ဖြစ်စဉ်မှာ အခင်းဖြစ်ပွားရာ နေရာအရောက်တွင်အဆိုပါ MITSUBISHI PAJERO မော်တော်ယာဉ် (အပြာ-မီးခိုးရောင်) မှာ ရွှေဘိုမှ မြစ်ကြီးနားဘက်သို့ မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဆိုင်ကယ်အား တိမ်းရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိမ်းမှောက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မောင်းထောင်ကျေးရွာနေ ကျော်စိုးထွန်း (ယာဉ်မောင်း)မှာ ဘယ်လက်ဖျံနှင့် ဘယ်လက်မ ပေါက်ပြဲ၊ ကားပေါ်တွင် လိုက်ပါလာသော မောင်းထောင်ကျေးရွာမှ လင်းမင်းထက်မှာ ယာနဖူးစပ်တွင် ပေါက်ပြဲပြီး ဝဲတတောင်ပွန်းပဲ့ဒဏ်ရာ၊ မမေ သူအောင်မှာ ယာဘက်မျက်ခမ်းအောက်ပွန်းပဲ့၊ နဖူးပွန်းပဲ့ ဒဏ်ရာနှင့် ဒေါ်တောမှာ ဝဲဘက်လက်ကျိုး၊ နဖူးပေါက်ပြဲဖူးရောင်ပြီး ရင်ဘတ်အောင့်သည့် ဒဏ်ရာများ ရရှိခဲ့ကြသည်၊ ဒဏ်ရာရသူများထဲမှ အသက် (၇၀) ကျော်ရှိ ဒေါ်တောမှာ ရရှိသည့် ဒဏ်ရာများဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။ သို့ဖြစ်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း ကျော်စိုးထွန်းအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကျော်သီဟ)**

ရွှေနှင်းဆီ AIR-CON EXPRESS 50% DISCOUNT 55000 May 3,10
373275, 708342, 09492194404

MIHARA CAR R ENTAL SERVICES
မြို့တွင်း/မြို့ပြင် ခရီးစဉ်များအတွက် ကားစင်းလုံးငှား ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။
(၅/၁၅/၂၂/၂၅/၃၄ ယောက်စီး)
ဖုန်း-၀၉ ၄၉၂၀၈၇၀၀၊ ၀၉ ၅၀၂၅၄၀၀၊ ၀၉-၅၀၆၁၈၉၆

Coca Suki Restaurant
Since 1957
ဆိုင်ခနေရာ ပြောင်းရွှေ့ခြင်းအထူးအစီအစဉ်
(၂၇-၄-၂၀၁၃) ရက်နေ့မှ (၃-၅-၂၀၁၃) ရက်နေ့အတွင်း
One For One Free
(Suki Buffet For Next Visit Adult Only)



အာရှနဂါး
ချောင်းသာ / ငွေဆောင်
Ph : 703790,09-861-9008
707062,09-861-7770

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကိုသက်၏ P.P-No-A-041086 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၅၀၆၈၂၈၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၃-သမိုင်း)၊ မြေကွက်အမှတ်-(၁၃/ခ ၁-အေ၊ ၀-ဃ)၊ မြေဧရိယာ (၀. ၀၉၉) ဧကရှိနှစ် (၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၅၅၊ အေဝမ်းလမ်း၊ ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အကျိုးခံစားခွင့်အားလုံးအားတရားဝင် လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မေသီခ(အမျိုးသား မှတ်ပုံတင်အမှတ်- B/RGN-015226) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နေ့နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို တရားဝင် ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းလွင်ထူး(စဉ်-၂၀၂၉၆) (အထက်တန်းရှေ့နေ)
အမှတ်-၈၃(ပထပ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၄၇၉၆

(၃၃)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

သားတို့သမီးတို့အပေါ် မေတ္တာ၊ စေတနာ၊ ကရုဏာကြီးမားစွာဖြင့် ပြုစုပျိုးထောင်ပေးသော အမြဲတစေ လေးစားဂုဏ်ယူဖွယ် စံနမူနာဖြစ်သော ချစ်ဖေဖေနှင့်ချစ်မေမေတို့၏ (၁-၅-၂၀၁၃) တွင်ကျရောက်သော (၃၃)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီး၊ ချစ်မြေး များနှင့်အတူ ကိုယ်၊ စိတ်၊ နှလုံးကျန်းမာချမ်းသာစွာ အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါကြောင်း ဆုမွန်ကောင်းတောင်းလျက်။

- ကိုယ်ဖွယ် + မီးငယ်
- အိပို
- ဖိုးသား + ထိုက်ထိုက်
- ဂူးဂူး ၊ ကစ်ကစ်

၂၀၀၃ ခုနှစ်၏ ဝဠမအကြိမ်မြောက် စတော်ဘယ်ရီဂီတပွဲတော် (၂၀၁၃)ကို တရုတ်နိုင်ငံ ပေကျင်းမြို့ Tongzhou Canal Park ၌ ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ သုံးရက်ကြာ ကျင်းပလျက်ရှိရာ ကမ္ဘာအနှံ့မှ တေးဂီတအဖွဲ့ ၁၆၀ကျော်က မတူညီသော ပုံစံရှစ်မျိုးဖြင့် စင်မြင့်ထက်၌ ဖျော်ဖြေပွဲများ ကျင်းပလျက်ရှိရာ စကော့တလန်တေးဂီတအဖွဲ့မှ Francis Healy ဖျော်ဖြေနေစဉ်။

ပါရာမောင့် ရုပ်ရှင်ထုတ်လုပ်ရေး၏ ဇာတ်ကားသစ် မြောက်အမေရိကရှိ ရုပ်ရှင်ရုံများတွင် ဝင်ငွေကောင်းလျက်ရှိ

ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ထုတ်လုပ်ပြီး ဒါရိုက်တာ မိုက်ကယ်ဘေး၏ လက်ရာဖြစ်သည့် ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို ပုံဖော်ရိုက်ကူးထားသော Pain and Gain အမည်ရှိဇာတ်ကားသည် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံများရှိ ရုပ်ရှင်ရုံပေါင်း ၃၂၇၇ ရုံတွင် ရုံတင်ပြသခဲ့ရာ စတင်ပြသည့်ဖွင့်ပွဲရက်သတ္တပတ်မှာပင် ပင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် ရရှိခဲ့သည်။

နာမည်ကျော် အက်ရှင်နှင့် ဟာသသရုပ်ဆောင်များ ဖြစ်ကြသည့် မာ့ခ်ဝဲလ်ဘတ်ခ်နှင့် Dwayne Jahnson တို့ အပြိုင်သရုပ်ဆောင်ထားကြသည့် ယင်းဇာတ်ကား၏ ဝင်ငွေသည် မာ့ခ်ဝဲလ်ဘတ်ခ်နောက်ဆုံး ရိုက်ကူးထားသော Sritch ဇာတ်ကားထက် ၅၂ ရာခိုင်နှုန်း ဝင်ငွေပိုမိုရရှိခဲ့ပြီး ယမန်နှစ်က ထွက်ရှိခဲ့သည့် ဝဲလ်ဘတ်ခ်၏ Contraband ဇာတ်ကားထက်ဝင်ငွေ ၁၈ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရသည်။

Pain and Gain ဇာတ်ကား ရိုက်ကူးမှုအတွက် စုစုပေါင်း ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၂၆ သန်း ကုန်ကျခဲ့သည့်အတွက် ဝင်ငွေနှင့် အချိုးတူနီးပါး ရရှိခဲ့ကြောင်းနှင့် ယင်းဇာတ်ကားအား ကြည့်ရှုအားပေးသည့် ပရိသတ်၏ ၄၉ ရာခိုင်နှုန်းမှာ အမျိုးသမီးပရိသတ်များဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး မကြာခင်က ထွက်ရှိခဲ့သည့် Lionsgate ရုပ်ရှင်ထုတ်လုပ်ရေး၏ The Big Wedding အမည်ရှိ ဟာသဇာတ်ကားတွင် သရုပ်ဆောင် Robert De Niro နှင့် Katherine Heigl တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြပြီး စတင်ပြသည့် ရက်သတ္တဝတ်မှာဝင် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းရရှိကာ စတုတ္ထနေရာတွင် ရပ်တည်နေသည်။ ထို့ပြင် ယင်း ဇာတ်ကားပရိသတ်များ၏ ၇၇ ရာခိုင်နှုန်းတွင် ၆၆ ရာခိုင်နှုန်းမှာ အသက်(၃၀)အရွယ် လွန်တပိုင်း ပရိသတ်များ ဖြစ်ကြသည်။

ထို့ပြင် ယူနီဗာဆယ်ဝစ်ချ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဟောလိဝုဒ်သရုပ်ဆောင် တွမ်ခရုဇ် ပါဝင်သရုပ်ဆောင်ထားသည့် Oblivion ဇာတ်ကား၏ ဒုတိယပတ်ရုံတင်ပြသမှု အခြေအနေမှာ အမေရိကန်ဒေါ်လာ ၀၇ ဒသမ ၄၄ သန်းဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ အမေရိကန် ဘေ့စ်ဘောအားကစားသမား Jackie Robinson ၏ အတ္ထုပ္ပတ္တိကို ပုံဖော်ရိုက်ကူးထားသော 42 ဇာတ်ကားက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃ သန်းဖြင့် တတိယနေရာတွင်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြသည်။

၎င်းအပြင် မြောက်အမေရိကရှိ ရုပ်ရှင်ရုံများတွင် ရေဝန်းစားလျက်ရှိသော ဇာတ်ကားများမှာ သရုပ်ဆောင် အမ်မာစတုန်း၏ The Croods ဇာတ်ကား၊ G.I.Joe: Retaliation ဇာတ်ကား၊ Scary Movie 5 ဇာတ်ကား၊ Olympus Has Fallen ဇာတ်ကား၊ The Place Beyond the Pines ဇာတ်ကားနှင့် Jurassic Park သရီးဒီဇာတ်ကားတို့ဖြစ်ကြသည်။

ဖြိုးဝဣုဖြင့် ➢ စုစည်းရေးသားသည်

ပါရမီလမ်း၊ ဦးပိုင်အမှတ်-၂၂/က၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မရမ်းကုန်းမြို့နယ်ရှိ မြေကွက်အမှတ်(၇)နှင့်စပ်လျဉ်း၍ ဦးစိန်လင်း(၁၂/ကတတ(နိုင်)၀၂၅၃၈၂) နှင့်တကွ သက်ဆိုင်သူများအားလုံး သိရှိနိုင်ရန်အတွက် အသိပေးကြေညာခြင်း။

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်နန်းကြည်မေ (LL.B, LL.M)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၂၀)၊ ဖုန်း - ၀၉ ၇၃၀၆၉၄၇၅

"ငွေရတုမင်္ဂလာ ဆုမွန်လွှာ"

ဖေဖေ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး) နှင့် မေမေဒေါ်ခင်အေးမူတို့ရဲ့ ၂၅နှစ်ပြည့် ငွေရတုမင်္ဂလာနေ့ (၁. ၅. ၂၀၁၃) နေ့မှစ၍ ရာသက်ပန် ဘဝခရီးလမ်းကို ချစ်သား ချစ်သမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

သားကြီး- ဒေါက်တာမြတ်သူရမောင် [M.B.B.S (YGN)]
သမီးလတ်- မြတ်သီရိမောင် [3rd M.B, I.M (1)]
သားငယ်- မြတ်သီဟမောင် Grade 10, [အ. ထ. က ၂ ဒဂုံ]

ပြင်ဆင်သတ်မှတ်ခြင်း

၀၂-၄-၂၀၁၃ရက်နှင့် ၀၄-၄-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာများတွင် ကြေညာသည့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၌ ဝန်ထမ်းသစ်များခန့်ထားရန် လျှောက်လွှာမခေါ်ယူရာတွင် မဟာသင်္ကြန် နှစ်သစ်ကူးရုံးပိတ်ရက်များနှင့် တိုက်ဆိုင်နေပါသဖြင့် လျှောက်လွှာများ နောက်ဆုံးပေးပို့ရမည့်ရက်အား ၂၉-၄-၂၀၁၃ ရက် (အစား) ၆-၅-၂၀၁၃ ရက်အဖြစ် တိုးမြှင့်ပြင်ဆင်သတ်မှတ်ပါသည်။

လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
(To make reservation well in advance)
Good intention will bring you good luck.

လေးမျက်နှာမြို့၌ အားကစားခန်းမရုံသစ်ဖွင့်

သတင်း - နိုင်းမွန်
ဓာတ်ပုံ - မောင်မိုးညို

ရန်ကုန် ဧပြီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့၌ အားကစားခန်းမရုံသစ်ဖွင့်ပွဲကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ (ယာပုံ)

အဆိုပါ အားကစားရုံသစ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်သည်။

ယင်းအားကစားပွဲရုံသစ်ကြီးနှင့်ပတ်သက်၍ တာဝန်ယူတည်ဆောက်သည့် ကမ္ပဏီဒါရိုက်တာ ဦးနေလင်း အားတွေ့ဆုံမေးမြန်းဖြစ်ခဲ့ရာ "ကျွန်တော်တို့ ဒီအားကစားမွဲရုံကို ခွင့်ပြုမိန့်ကျပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်က စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပါတယ်။ အားလုံး Steel သံထည်မျိုးအစားတွေနဲ့ တည်ဆောက်ခဲ့တာပါ။ ဒီမြို့က ရန်ကုန်နဲ့အလှမ်းနည်းနည်းဝေးတော့ ကုန်ကြမ်းဝစ္စည်းတွေ သယ်ယူပို့ဆောင်ရတာ တောတော့်ကို အခက်အခဲဖြစ်ခဲ့တယ်။ ရထားလမ်းကလည်းမရှိတော့ ပိုဆိုးတာပေါ့။ အားလုံးကားနဲ့သယ်ခဲ့ရတော့ ကုန်ကျစရိတ်က ခန့်မှန်းထားတာထက် ပိုကုန်ခဲ့တယ်။ ဒီအားကစားရုံဆောက်တာ အားလုံးငွေကျပ် သိန်းပေါင်း ၁၆၈၀ ကျော် ကုန်ကျခဲ့တယ်။ ဒီအားကစားရုံကို မြို့နယ်ရဲ့အားကစားရုံအဂါရပ်နဲ့ အညီ ပရိသတ် ၈၁၀ ကျော် ဝင်ဆံ့ကြည့်ရှုနိုင်အောင် စီစဉ်တည်ဆောက်ခဲ့တာဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

ဗီလာပါ့ခ်မှ အက်စတွန်ဗီလာ၏ ဓမ္မာ်ဝင်ည

ဝရီမီယာလိဂ်ပွဲစဉ်(၃၄)အဖြစ် အက်စတွန်ဗီလာအသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ကွင်းဗီလာပါ့ခ်၌ ယှဉ်ပြိုင်ခဲ့ရသော အက်စတွန်ဗီလာအသင်းသည် ဧည့်သည်ဆန်းဒါးလန်းအသင်းကို ခြောက်ဂိုးအထိ သွင်းယူကာ မော်ဝင်ညသဖွယ်အောင်ပွဲခံနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် အက်စတွန်ဗီလာအသင်းသည် ရစ်ချက်ဒန်း၊ အယ်လ်ဘရိုက်တန် စသည့်ကစားသမားများ ဒဏ်ရာပြဿနာကြုံနေသဖြင့် အဘွန်လဟော၊ ဝေမန်း၊ ဘန်တီကီ စသည့်ကစားသမားများကို ဦးစားပေးပွဲထွက်ကစားစေခဲ့ရာ ဝထမပိုင်းမှာပင် နည်းပြသစ်ဒီကာနီယို၏ ဆန်းဒါးလန်းအသင်းကို နှစ်ဂိုး-တစ်ပိုးဖြင့် အနိုင်ရရှိထားခဲ့သည်။

၄-၄-၂ ဝုံစံဖြင့် ပွဲထွက်လာသော ဆန်းဒါးလန်းအသင်းသည် နိုင်ပွဲရရှိရေးအတွက် ကစားအားတင်ခဲ့သော်လည်း အက်စ်တွန်ဗီလာအသင်း၏ ပိုးပေါက်ခြိမ်းခြောက်မှုကို မဟန့်တားနိုင်ခဲ့သည်အပြင် တိုက်စစ်မှူး စတီဖင်ဆက်ဆီနန် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရ၍ ကစားအားပိုပိုကျဆင်းလာရာ ဒုတိယပိုင်းတွင် လေးပိုးဆက်တိုက်ပေးလိုက်ရသည်။

အက်စတွန်ဗီလာအသင်းအတွက် သွင်းပိုးများကို ပွဲကစားချိန် ၃၁ မိနစ်တွင် ဗယ်လာ၊ ၃၈ မိနစ်တွင် ဝေမန်း၊ ၅၅ မိနစ်၊ ၅၉ မိနစ်နှင့် ၇၂ မိနစ်တို့တွင် ဘန်တီကီက ဟက်ထရစ်သွင်းယူပေးခဲ့ပြီး ၈၈ မိနစ်တွင် အဘွန်လဟောတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်းသည် ယင်းပွဲစဉ်တွင်ခြောက်ဂိုး-တစ်ပိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း တန်ဆင်းဇုန်အထက်တွင် ရမှတ် ၃၄ မှတ်ဖြင့် အဆင့် ၁၇ နေရာတွင် ရပ်တည်နေပြီး တန်ဆင်းဇုန်အန္တရာယ်မှ လွတ်မြောက်ရန်အတွက်မူ ထပ်မံရုန်းကန်ရဦးမည်ဖြစ်သည်။

ပြင်သစ်နိုင်ငံသားနည်းပြကြီး အာစင်ဝင်းဂါးအတွက် ဇာတိမြေအပြန်လမ်းဖြစ်လာမည်လား

နိုင်လင်းကြည်

ကာတာသူဌေး ပိုင်ဆိုင်သော ဝါရီမြို့အခြေစိုက် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် လက်ရှိနည်းပြ ကားလိုစ်အန်ဆန်လော့တီမှာ ယခုနှစ်ဘောလုံးရာသီကုန်ပါက ပီအက်စ်ဂျီအသင်းကို လက်ပြနှုတ်ဆက်တော့မည် ဖြစ်ခြင်းကြောင့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးကို ဇာတိမြေသို့ ပြန်ခေါ်ရန် စဉ်းစားလျက်ရှိပြီး ဝင်းဂါးကို ခေါ်ယူနိုင်မည်ဟုလည်း ယုံကြည်ထားသည်ဟု ဆိုသည်။

ပြင်သစ်နိုင်ငံသား နည်းပြကြီး အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းကို ကိုင်တွယ်ခဲ့သည်မှာ ၁၇ နှစ်ကြာခဲ့ပြီဖြစ်ပြီး ၎င်း၏ အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းမှာလည်း နောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်ရာ လန်ဒန်မြို့မှ ပါရီမြို့သို့ ပြောင်းရွှေ့ကာ ပီအက်စ်ဂျီအသင်းကို တာဝန်ယူကိုင်တွယ်ရန် ဆန္ဒရှိနေကြောင်းသိရသည်။

ထို့အပြင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ပါက ၂၀၀၄ ခုနှစ် နွေရာသီအပြောင်းအရွှေ့တွင် ပြင်သစ်မြေသို့ ပြန်လည်သွားရောက်ကာ ပီအက်စ်ဂျီအသင်းနှင့် လက်တွဲမည်ဟုလည်း ဆိုသည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းကလည်း အာစင်ဝင်းဂါးကို ခေါ်ယူရန် ဖိတ်ဝင်စားနေပြီဖြစ်ရာ အမ်းမရိတ်ကိုစွန့်ခွာရန် ဆုံးဖြတ်ပြီးပါက ပြင်သစ်နိုင်ငံသား နည်းပြကြီး အာစင်ဝင်းဂါးအတွက် ဇာတိမြေသို့ အပြန်လမ်းဖြစ်လာတော့မည်လား?

JADE Travel & Tours
(10.5.2013)-
(23.5.2013)-
0973123443, 095179754, 0943177351

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (ဘောကြာ)
Ph:209200,430480,544383

ကျိုက်ထီးရိုး
ချောင်းသာ
01-569782, 09-73198239

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000
209388, 09-731 68000

RUBY
518100
09-51-77212, 535100

၂၆-၄-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၃)နှင့် ၂၇-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃)တို့ပါ ဦးနိုင်းရွက်[၁၃/ကတန(နိုင်)၀၈၄၃၁၄]၊ ဒေါ်နန်းအိရှန်[၁၃/ကတန(နိုင်)၀၀၇၃၃၅]နှင့် ဦးခင်မောင်ဌေး(တရားလွှတ်တော်ရှေ့နေ) (စဉ်-၃၅၃၀)တို့၏ ဒေါ်နန်းစံဟွမ်[၁၃/ကတန(နိုင်)၀၀၀၆၄၂]အပေါ် ကြေညာချက်အား ခြွင်းချက်မရှိဝန်ချတောင်းပန်ပါရန် ပြန်လည်ရှင်းလင်း သတိပေးကြေညာခြင်း

ဒေါ်နန်းစံဟွမ်[၁၃/ကတန(နိုင်)၀၀၀၆၄၂]ကိုင်ဆောင်သူနှင့် ဦးစိုင်းရွက်[၁၃/ကတန(နိုင်)၀၈၄၃၁၄]၊ ဒေါ်နန်းအိရှန်[၁၃/ကတန(နိုင်)၀၀၇၃၃၅] ကိုင်ဆောင်သူ တို့အကြား လွှဲအပ်ပေးထားခဲ့သော ကိုယ်စားလှယ်လွှဲစာမှာ ရွှေရေကန်(သွင်းကုန်/ထုတ်ကုန်)ကုမ္ပဏီလီမိတက်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိသည်ကိုသိပါလျက် ဂုဏ်သိက္ခာညှိုးနွမ်းစေရန် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ထည့်သွင်းကြေညာခဲ့ခြင်းအား ယခုကြေညာချက်ပါသည့် နေ့မှစ၍ တစ်ပတ်(၇ရက်)အတွင်း ကျွနိုပ်အားခြွင်းချက်မရှိ ပြန်လည်ဝန်ချ တောင်းပန်ပါရန် အတိအလင်းသတိပေးကြေညာအပ်ပါသည်။ ဝန်ချတောင်းပန်ခြင်းမရှိပါက အသရေဖျက်မှုဖြင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ပြင် ဦးစိုင်းရွက်နှင့် ဒေါ်နန်းအိရှန်တို့မှ ဒေါ်နန်းစံဟွမ်အပေါ် လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအား ဒေါ်နန်းစံဟွမ်၏ သဘောတူညီချက်မပါဘဲ တစ်ဖက်သတ် ရုပ်သိမ်းခွင့်မရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်နန်းစံဟွမ်
[၁၃/ကတန(နိုင်)၀၀၀၆၄၂]
အမှတ်-၁၅၄၊ ရိပ်သာ(၁)လမ်း၊ ဝေဇယန္တာရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ယာဉ်ကြံ့ခိုင်မှုမရှိခြင်းကြောင့် လားရှိုးတွင် ခြောက်ဦးသေဆုံး၊ ၂၄ ဦး ဒဏ်ရာရ

လားရှိုး ဧပြီ ၃၀

နေပြည်တော်မှ လောက်ကိုင်မြို့သို့အသွား လားရှိုးမြို့အဝင် တန့်ယန်းလမ်းခွဲအနီး၌ ဧပြီ ၂၇ ရက် ညနေ ၅ နာရီခွဲခန့်တွင် ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ လောက်ကိုင်မြို့အသွား လားရှိုးမြို့အဝင် လမ်းမကြီး တန့်ယန်းလမ်းခွဲအနီးတွင် ယာဉ်မောင်း ဘိုဟိန်း (၂၃)နှစ် ပြည်စံအောင် စံပြကျေးရွာ ရေပြာရိုးရပ်ကွက် ဇေယျာသီရိမြို့နယ် နေပြည်တော် နေသူသည် ယာဉ်အမှတ် ၁စ/--- စကတ်/ဖောအမျိုးအစား အပြာရောင်ယာဉ်ဖြင့် လမ်းဖောက်လုပ်သားများအား နေပြည်တော်ဘက်မှ လောက်ကိုင်ဘက်သို့ ပို့ဆောင်ရန် ထွက်ခွာလာစဉ် တန့်ယန်းလမ်းခွဲအနီး ရေကျော်တံတားကုန်းဆင်း မိုင်တိုင် (၁၆၅/၄)ရှေ့တွင် ယာဉ်၏ရှေ့ယာရှပ်တန်းကျိုးပြီး လမ်း၏ယာဘက်ရှိ ၁၀ ပေခန့်နက်သော ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ကိုကျော်အေး (၅၇)နှစ် ရွှေတောင်မြို့နယ် ကွဲတလင်းအုပ်စု၊ မလှဝေ (၃၄)နှစ် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ရွာ၊ မမြမြ (၄၈)နှစ် ရွှေတောင်မြို့နယ် ရင်းမှကုန်းအုပ်စု၊ မအေးအေးမူ (၃၅)နှစ် ရှမ်းရွာ နေပြည်တော်၊ ဦးလှိုင်ကြူ (၄၄)နှစ် ရင်းမှကုန်းရွာ ရွှေတောင်မြို့၊ ဦးသက်နိုင်ဦး (၂၂)နှစ် ရင်းမှကုန်းရွာ ရွှေတောင်မြို့၊ ဦးနိုင်လင်း(၂၇)နှစ် ဆယ့်ကိုးပင်ရွာ ပထန်ကုန်းအုပ်စု မကွေးတိုင်းဒေသကြီး၊ ကိုပေါက်စ (၃၆)နှစ် ရင်းမှကုန်းရွာ ရွှေတောင်မြို့၊ ဦးဇော်ထွန်း (၂၃)နှစ် ရင်းမှကုန်းရွာ ရွှေတောင်မြို့၊ ကိုတင်ဇော် (၃၈)နှစ် သရက်ကုန်းရွာ ရွှေတောင်မြို့၊ ဦးညီသက်ဟန် (၃၈)နှစ် ကွဲတလင်းရွာ ရွှေတောင်မြို့၊ ဦးအောင်ချမ်းသာ (၂၃)နှစ်၊ ကုန်းနမ်းရွာ ရွှေတောင်မြို့၊ ဦးခင်မောင်သန်း (၂၈)နှစ် သရက်ကုန်းရွာ ရွှေတောင်မြို့၊ ဦးအောင်မင်း (၅၂)နှစ် လက်ပံကုန်းရွာ မိုးညိုမြို့၊ ဦးကျော်စန်းလှိုင် (၃၂)နှစ် လက်ပံကုန်းရွာ မိုးညိုမြို့၊ ဦးအောင်နိုင်ထွေး (၂၅) နှစ် သိုက်ချောင်းရွာ နေပြည်တော်၊ ဦးနိုင်စိုး (၂၇)နှစ် ညောင်ကန်ရွာ မကွေးတိုင်းဒေသကြီး၊ ဦးထွန်းဝေ (၄၃)နှစ် သိုက်ချောင်းရွာ နေပြည်တော်၊ ဦးတင်ဝေ (၄၃)နှစ် သိုက်ချောင်းရွာ နေပြည်တော်၊ ဦးသိန်းဝင်း (၅၄)နှစ် လက်ပံရွာ မိုးညိုမြို့၊ ဦးဖြိုး (၁၉)နှစ် သရက်ကုန်းရွာ ရွှေတောင်မြို့၊ ဦးကျော်သူရ (၁၆)နှစ် ရွှေတောင်မြို့၊ မနေနေဆွေ (၅)နှစ် သရက်ကုန်းရွာ ရွှေတောင်မြို့၊ ဒေါ်မြဝင်း (၄၈)နှစ် ရင်းမှကုန်းရွာ ရွှေတောင်မြို့တို့ ဒဏ်ရာများရရှိပြီး ဦးသက်ပိုင်(၄၈)နှစ် ရှမ်းရွာ သိုက်ချောင်းအုပ်စု ဇေယျာသီရိမြို့နယ် နေပြည်တော်၊ ဒေါ်ငွေငွေရီ(၄၂)နှစ် သရက်ကုန်းရွာ ကွဲတလင်းအုပ်စု ရွှေတောင်မြို့၊ ဦးညွန့်လွင် (၄၉)နှစ် ဇီးကုန်းရွာ ဗောဓိမြိုင်အုပ်စု ပျဉ်းမနားမြို့၊ ဦးတင်လှ (၄၅)နှစ် မရင်းကုန်းရွာ ရွှေတောင်မြို့၊ ဦးနေအောင် (၂၅)နှစ် ဗောဓိမြိုင်ရွာ ဇီးကုန်းအုပ်စု ဇေယျာသီရိမြို့နယ်၊ မောင်ငြိမ်းချမ်းကို (၂)နှစ် သရက် ကုန်းရွာ ကွဲတလင်းအုပ်စု ရွှေတောင် မြို့တို့ သေဆုံးပြီး ၂၄ ဦး ဒဏ်ရာ ရရှိခဲ့သည်။

ယာဉ်ကြံ့ခိုင်မှုအား စစ်ဆေးမှုမရှိဘဲ ယာဉ်မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်း ဘိုဟိန်းအား လားရှိုးအမှတ်(၁) ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာဏီအောင် (လားရှိုး)

သရက် - ကံမ - ပြည် ကားလမ်းပေါ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

သရက် ဧပြီ ၃၀

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် စက်တောင်ကျေးရွာ မိုင်တိုင်အမှတ်(၉)မိုင်အနီး သရက်-ကံမ- ပြည် ကားလမ်းပေါ်တွင် ဧပြီ ၂၈ ရက် ညနေ ၆ နာရီခွဲခန့်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သရက်- ကံမ- ပြည် ကားလမ်း စက်တောင်ကျေးရွာ မိုင်တိုင်အမှတ်(၉)မိုင်အနီး တောင်မှ မြောက်သို့ ယာဉ်မောင်း အောင်မင်းဟန် (၂၅)နှစ်မောင်းနှင်သည့် ၂ခ/--- ကောင်တာအဖြူရောင် ခြောက်ဘီးယာဉ်သည် သံချောင်းနှင့် အုန်းသီးများ တင်ဆောင်မောင်းနှင်လာစဉ် စက်တောင်ကျေးရွာအနီး ကုန်းဆင်း၌ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ

ကားလမ်းဘေးဘက်သို့ တိမ်းမှောက်သွားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်အားမဆင်မခြင်မောင်းနှင်သူ အောင်မင်းဟန်အား သရက်ရဲစခန်းက ယာဉ်(ပ)၆/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၇၉ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုကိုအောင်(သရက်)

တရားမဝင်ကုန်ပစ္စည်းများ Mobile Team အဖွဲ့ ဖမ်းမိ

ဝေါ ဧပြီ ၃၀

ဧပြီ ၂၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝေါမြို့မှ ဘုရားကြီးစံပြကျေးရွာအထိ ကားလမ်းတစ်လျှောက် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များအား ရှောင်တခင်စစ်ဆေးနိုင်ရန် Mobile Team လရ-၂ အဖွဲ့က အခြေပြုရာမှ ထွက်ခွာလာရာ ပေါက်တောကျေးရွာ လမ်းဆုံအရောက်တွင် ယာဉ်မောင်း တင်ကိုလတ် မောင်းနှင်လာသော ယာဉ်အမှတ် လ/--- ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ တရားမဝင်ကန့်သတ်ကုန် ပစ္စည်းဖြစ်သော Beer Chang (330 Ml) (1× 24) ၈၇ ဖာ၊ ဘုရားကြီးကျေးရွာ လမ်းဆုံတွင် ယာဉ်မောင်းနိုင်နိုင်ဝင်း မောင်းနှင်လာသော ယာဉ်အမှတ် ၈ဈ/--- ယာဉ်အား ရပ်တန့် စစ်ဆေးရာ Beer Chang (330 Ml) (1× 24) ၁၈၀ ဖာ တွေ့ရှိရသည်အတွက် ၎င်းယာဉ်နှစ်စီးအား မိမိအခြေပြုရာ မဟာဗျူဟာလမ်းဆုံသို့ ပြန်လည်ခေါ်ဆောင်လာစဉ် ဝေါမြို့ ကသစ်ဝိုင်လမ်းဆုံ အရောက်၌ ယာဉ်မောင်း အောင်စန်းဝင်း မောင်းနှင်လာသော ယာဉ်အမှတ် ပါဂျဲရိုး ၇က/--- အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် Beer Chang (330 Ml) (1× 24) ၉၅ ဖာနှင့် ဆားငန်သီး၊ နှင်းသီးများ တွေ့ရှိရသည်အတွက် ထပ်မံသိမ်းဆည်းခေါ်ဆောင်လာပြီး အကခ အမှုတွဲအမှတ် ၁၁ လရ-၂/၂၀၁၃၊ (၆၇၇) (၆၇၈) (၆၇၉) တို့ဖြင့် အသီးသီးအမှုဖွင့်လှစ်ခဲ့ကြောင်းနှင့် ၎င်းကားသုံးစီးပေါ်တွင် တရားမဝင်သိမ်းဆည်းရမိသော ပစ္စည်း၏ကာလတန်ဖိုးမှာ ကျပ် ၃၃၇၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ဘုန်းသော်(ဝေါ)

(၉)နှစ်ပြည့်မင်္ဂလာဆုပန်လွှာ

ချစ်သောဆရာ ဦးမျိုးသိန်းနှင့် အစ်မကေခိုင်(နေသီဟကုမ္ပဏီလီမိတက်)တို့၏ ၁-၅-၂၀၁၃ ရက်တွင် ကျရောက်သော (၉)နှစ်ပြည့်မင်္ဂလာမှသည့် နှောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း သုခအပေါင်းနှင့် ပြည့်စုံပါစေ။

တပည့်များ

နေသီဟကုမ္ပဏီလီမိတက်

ကွန်ဒိုတိုက်ခန်းအမြန်ရောင်း/ငှားမည်
1200 Sqft, M-1, B-1,Ph,A/C 3,
Lift, ကားပါကင်(အထက-ဝ၊
ဒဂုံကျောင်းအနီး)
ရောင်းသိန်း (၀၀၀၀)၊ ငှား ၅ သိန်း
ပွဲစားမလုပ်ပါ။
ဖုန်း-၀၉-၄၂၀၀၀၂၄၀၅

(၂၉)နှစ်ပြည့် မင်္ဂလာဆုတောင်းလွှာ

ဖေဖေ ဗိုလ်မှူးကြီးမျိုးမြင့်(တေဇ-၈)၊ မေမေ ဒေါ်မာမာဦး(MD-ပဥ္စညီနောင် မိသားစုရောင်းဝယ်ရေးကုမ္ပဏီ) (အရိပ်သစ် ပျိုးဥယျာဉ် နေပြည်တော်)တို့၏ ၁-၅-၂၀၁၃ ရက်တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီးနှင့်အတူ ကိုယ်စိတ် နှလုံး ကျန်းမာချမ်းသာစွာဖြင့် လောက၊ လောကုတ္တရာ အကျိုးဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ ကြောင်း ဆုမွန်ကောင်းတောင်းလျက်-----

ချစ်သား - မောင်ရန်အောင်မျိုး(B.C.Sc)
Director(ပဥ္စညီနောင် မိသားစုရောင်းဝယ်ရေးကုမ္ပဏီ)

ချစ်သမီး - မမျိုးမြတ်ရတနာ(ခ)နေခြည်မျိုးမြင့်(B.Agr.Sc)
ဒု-လက်ထောက်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

ငွေရတုမင်္ဂလာဆုတောင်း

၁-၅-၂၀၁၃ ရက်တွင် ကျရောက်သော အန်ကယ် ဦးမိုးရည်နှင့် အန်တီဒေါ်ဥမ္မာကျော်တို့၏ (၂၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာ ငြိမ်းချမ်းသာယာသော ဘဝခရီးလမ်းအား လျှောက်လှမ်းနိုင်ပါစေကြောင်းနှင့် ပရဟိတလုပ်ငန်းများအား ယခုထက်ပိုမိုဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

တူ၊ တူမများ။

အထက်မြန်မာပြည်သတင်း

မင်းတုန်းမင်းလက်ထက် တည်ဆောက်ခဲ့သော စစ်ကိုင်းခံတပ်(၁)အစေခံ ခံတပ်

စစ်ကိုင်း ဧပြီ ၃၀

စစ်ကိုင်းမြို့သို့ရောက်ရှိလာသည့် လေ့လာရေးအဖွဲ့များသည် အထူးသဖြင့် စစ်ကိုင်းမြို့ ဧမြဝတီရပ်ကွက်ရှိ စစ်ကိုင်းခံတပ်(ခ) အစေခံခံတပ်ကို ရောက်ရှိအောင် သွားရောက်၍ လေ့လာသည်ကများသည်။ အစေခံ ခံတပ်ကို သက္ကရာဇ် ၁၂၃၇ ခုနှစ် မင်းတုန်းမင်းလက်ထက်တွင် တည်ဆောက်သည်။ တည်ဆောက်ရာတွင် ဒိုင်းဝန်မင်း၊ ကသည်းဝန်းမင်းတို့ ကြီးကြပ်ကာ ရေကြောင်းစစ်ဘက် ဌာနမှ မြန်မာဘုရင် အမှုတော်ထမ်း အီတလီလူမျိုး ကွန်မိုတိုဆိုသူက ဆောက်လုပ်ခဲ့သည်။ အင်းဝဆင်ကျုံးခံတပ်၊ မြောက်ယက်သပြေတန်းခံတပ်နှင့် စစ်ကိုင်းအစေခံ ခံတပ်တို့သည် အနေအထားအားဖြင့် သုံးပွင့်ဆိုင် တြိဂံပုံသဏ္ဍာန်တည်ရှိသည်။

ထိုခံတပ်နှင့် အရှေ့ဘက်ရှိ သပြေတန်းခံတပ်မှာ တစ်မိုင်ကျော်၊ အနောက်ဘက်ရှိ ဆင်ကျုံးခံတပ်မှာ တစ်မိုင် သုံးဖာလုံ၊ သပြေတန်းခံတပ်နှင့် ဆင်ကျုံးခံတပ်မှာ နှစ်မိုင် လေးဖာလုံကွာဝေးသည်။ အစေခံ ခံတပ်သည် အရှေ့အနောက်ပေ ၃၅၀၊ တောင်မြောက်ပေ ၂၅၀ အကျယ်အဝန်းရှိသည်။ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် ဝင်ပေါက်များရှိသည်။ တောင်ဘက်မျက်နှာတွင် တံတိုင်းအုတ်ရိုးနှင့် မြေသားထု ပေ ၃၀ ရှိသည်။ ကျန်မျက်နှာသုံးဖက်ရှိ တံတိုင်းအုတ်ရိုးမှာ ထု နှစ်ပေခန့်ရှိပြီး ထိပ်ပိုင်းတွင် အတွင်းကျဉ်းပြီး အမြင်ကျယ်စတုဂံ သေနတ်ဝစ်ပေါက်များပါရှိသည်။ အလယ်တွင် ပြင်ညီမြေကွက်လပ်ရှိပြီး လက်နက်တိုက်နှင့် ယမ်းတိုက်တို့သည် အရှေ့ဘက်နှင့် အနောက်ဘက် တံတိုင်းအုတ်ရိုးနှင့် ကပ်လျက်တွင်တည်ရှိသည်။**(အပေါ်ပုံ)**

အဆိုပါ ခံတပ်ကြီးပြီးစီးသောအခါ ဗိုလ်ကြယ်ဆိုသူကို စစ်သား ၅၀ နှင့်တကွ ခံတပ်စောင့်ထားသည်။ များမကြာမီ ဗိုလ်ကြယ်သည် သပြေတန်းခံတပ်သို့ ပြောင်းရွှေ့သွားသဖြင့် ဗိုလ်သွယ်က ၎င်း၏နေရာတွင် ဆက်ခံသည့် သက္ကရာဇ် ၁၂၄၇ ခုနှစ် အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲဖြစ်သောအခါ အတွင်းဝန် ဝင်းမြို့စား မင်းကြီးမင်းခေါင် မဟာမင်းကျော်သူရိန်သည် စစ်သား ၁၇၂၆ ဦးနှင့် ခံတပ်ကြီးနှင့်တကွ နွားချေးကျွန်းကမ်းဝါးနီစသော ဌာနများတွင် တပ်စွဲကြီးကြပ်သည်။ သို့သော် လွှတ်တော်မှ မတိုက်ရဟူသော အမိန့်ကြောင့် တန်ဆောင်းမုန်းလဆုတ် ၅ ရက်တွင် ဂျင်နရယ်ဝိုက်ကြီးမှူးသော ဟမ်ရှိင်းယားစစ်တပ်သည် ဤခံတပ်ကို သိမ်းပိုက်နိုင်ခဲ့သည်။ သီပေါဘုရင် အိန္ဒိယနိုင်ငံသို့ လိုက်ပါတော်မူရသည့် ထိုနှစ်တွင် ကနောင်အိမ်ရှေ့မင်း၏သားတော် ကျွန်းညိုမင်းသား ခေါင်းဆောင်သော မြန်မာမျိုးချစ်တော်လှန်ရေးသမားများနှင့် ခံတပ်စောင့်အင်္ဂလိပ်တပ်သားများသည် အကြိတ်အနယ်တိုက်ခိုက်ကြရာ ဆာဂျင်ဟတ်ဆိုသူ ဆေးအမှုထမ်းတစ်ဦး ကျဆုံးသည်။ ကျဆုံးသူတို့၏သင်္ချိုင်းကို ဤခံတပ်ကြီး၏အရှေ့ဘက်တွင်တွေ့မြင်နိုင်သည်။ စစ်ကိုင်းခံတပ်ကြီးကို ၁၉၅၇ ခုနှစ်မှစ၍ ယခုအချိန်အထိ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို သမိုင်းဝင်ကျောက်စာ အထောက်အထားများအရ သိရသည်။

(မျိုးဝင်း)

ပြင်ဦးလွင်-လားရှိုး ရေသယောက်ကုန်းအနီးရှိ အန္တရာယ်သစ်ပင်ကြီး

ပြင်ဦးလွင် ဧပြီ ၃၀

ပြင်ဦးလွင်မှ လားရှိုးသို့သွားရာလမ်း၏ ရေသယောက်ကုန်းကျေးရွာနှင့် ကျက်တက်ကျေးရွာလမ်းဆုံအနီးတွင် နှစ်ဝေါင်း ၁၀၀ ကျော် သက်တမ်းရှိသော ညောင်ကျက်ပင်ကြီးတစ်ပင်အား တွေ့ရသည်။ **(ဝဲပုံ)** အဆိုပါအပင်ကြီးမှာ သာမန်အားဖြင့် ကောင်းမွန်စွာ တည်ရှိနေသည်ဟု ထင်ရသော်လည်း အနီးကပ်သေချာစွာ လေ့လာကြည့်ပါက အန္တရာယ်များစွာ ဖြစ်ပေါ်နိုင်ကြောင်း တွေ့ရသည်။

နေ့စဉ်အဆိုပါအပင်ကြီးအောက်မှ မန္တလေး၊ လားရှိုး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ကုန်စည်ပို့ဆောင်ခြင်း၊ ခရီးသွားလာခြင်းအစရှိသော အကြောင်းအမျိုးမျိုးကြောင့် ထိုညောင်ကျက်ဝင်ကြီး၏ အောက်မှ ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများမှာ များပြားလျက်ရှိရာ သာမန်အားဖြင့် အဆိုပါအန္တရာယ်ကို မြင်တွေ့နိုင်ဖွယ် မရှိပေ။

နှစ်ဝေါင်း ၁၀၀ ကျော် သက်တမ်းရှိသော အပင်ကြီးများသည် များသောအားဖြင့် ချတ်ယွင်းချက်များရှိတတ်သည်။ ယခုသစ်ဝင်ကြီးမှာလည်း အတွင်းအူများဆွေးမြည့်ခြင်း၊ ကိုင်းခွဆုံများတွင် အက်ကြောင်းများ ဖြစ်ပေါ်ခြင်း၊ အပင်၏အနေအထားမှာ လမ်းဘက်သို့ အနည်းငယ်တိမ်းစောင်းနေခြင်းများကို တွေ့ရှိရသည်။ ထို့ကြောင့် အပင်အနီးနားတစ်ဝိုက်တွင် ယခင်က ဒေသခံရွာသားများ ဖွင့်လှစ်ထားရှိသော ဈေးဆိုင်ငယ်ကလေးများကို ဖျက်သိမ်းပေးခဲ့ရသည်။

အဆိုပါအပင်ကြီးသည် ယခင်နှစ်က လေပြင်းတိုက်ခိုက်ခြင်းမရှိဘဲ ရုတ်တရက် သစ်ကိုင်းများကျိုးကျရာမှ ကျေးရွာဝိုင်စာကြည့်တိုက် ဈေးဆိုင်တစ်ဆိုင်နှင့် အနီးရှိနေအိမ်တစ်လုံးမှ မီးဖိုချောင်တို့ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယခုတစ်ဖန် ၂၀၁၃ ခုနှစ်တွင် အဆိုပါ အန္တရာယ်များနှင့် ကြုံတွေ့နိုင်ဖွယ်ဖြစ်သောကြောင့် သက်ဆိုင်ရာသို့ တင်ပြထားသော်လည်း ခွင့်ပြုချက်မရရှိဘဲ တားမြစ်ခြင်းခံရသည်ဟု ယင်းအပင်ကြီးအနီးတွင် ဈေးရောင်းသူတစ်ဦးက ပြောကြားသည်။ ညောင်ကျက်ဝင်ကြီးမှာလည်း ကားလမ်းဘက်သို့ အချိန်မရွေးလဲပြိုကျနိုင်ပြီး ခရီးသွားပြည်သူများ ရုတ်တရက် မမြင်နိုင်သောအန္တရာယ်နှင့် ကြုံတွေ့နိုင်ဖွယ်ရှိသောကြောင့် ကြိုတင်ကာကွယ်နိုင်ရန်လိုအပ်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

(၆၁၄)

နဂါးကိုးကောင်ကုသိုလ်ဖြစ် ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် နှိုးဆော်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေးပြင်ဦးလွင်ကားလမ်းနံဘေးရှိ စောမွန်လှ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတ်ဘက် နဂါးကိုးကောင်ဘုရား စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးသင် ပရဟိတကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီ၊ ကျောင်းသား၊ ကျောင်းသူ (၈၅၀)ကျော်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို အများပြည်သူများအတွက် နဂါးကိုးကောင်ဆေးပေးခန်းကြီးကို အလျား(၁၀၈)ပေ၊ အနံ ပေ(၄၀)၊ အာစီကွန်ကရစ် သုံးထပ်ဆောက်လုပ်လျက်ရှိပါသည်။ ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ (၁၂)ပေပတ်လည်တစ်ခန်းလျှင် ကျပ်သိန်း(၂၀)နှုန်းဖြင့် မိမိတို့တတ်နိုင်သလောက်ဖြစ်စေ၊ မိမိတို့စေတနာရှိသလောက်ဖြစ်စေ အစ်မတော်စောမွန်လှနှင့် နဂါးမယ်တော်ကြီးတို့၏ ပဋ္ဌာန်းဆက်ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်

ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၀၃၇၀၆၈၆၊ ၀၉-၄၃၀၇၂၉၁၀

မီးပိုမီး၊ အခြားမီး ကြွင်းကျန်သတိ အမြဲရှိ

ခွေးမွေးမြူမှုများပြားလာပြီး ခွေးရူးအန္တရာယ်စိုးရိမ်လာရ

ပခုက္ကူ ဧပြီ ၃၀

အညာဒေသ ပခုက္ကူမြို့တွင် လမ်းတိုင်း၊ အိမ်တိုင်း ခွေးများပေါ်များနေပြီး လမ်းသွားလမ်းလာများကို အနှောင့်အယှက် ဖြစ်ပေါ်စေပြီး ခွေးကိုက်ခြင်းကြောင့် ရန်ဖြစ်ပွားမှု မကြာခဏဖြစ်နေကြောင်း သိရသည်။ ပခုက္ကူမြို့တွင် အိမ်တိုင်း ခွေးမွေးထားသော်လည်း အိမ်ဝိုင်းအတွင်း မထားခြင်း၊ အစာအာဟာရ လုံလောက်စွာ ကျွေးမွေးမှုမရှိခြင်း၊ လမ်းပေါ်၌သာ ကျက်စားနေထိုင်ခြင်းတို့ကြောင့် ကလေး၊ လူကြီး ခွေးကိုက်မှုအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ဧပြီလဆန်းရက်ပိုင်းတွင် ခွေးရူးတစ်ကောင် ပေါ်ပေါက်လာ၍ မြို့နေပြည်သူများ စိုးရိမ်ကြောင့်ကြသောကပွားကြရသည်ဟု သိရသည်။ ခွေးရူးပြန်ရောဂါသည် HIV၊ AIDS ရောဂါထက်ကြောက်စရာကောင်းနေပြီး ထိရောက်စွာ မကာကွယ်နိုင်ပါက အသက်အန္တရာယ်ထိခိုက်စေ၍ မြိုင်မြို့နယ် ပိုက်သင်ရွာတွင် အလှူရှင်မိသားစုတစ်စုက ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ လှူဒါန်းလျက် ပိုက်သင်ရွာရှိ ခွေးကောင်ရေ ၃၀၀ နီးပါးအား ဆေးထိုးရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

(မောင်နေဦး)

တိုတိုထွာထွာ ဖတ်စရာ

မန္တလေးမြို့နှင့်အနီးတစ်ဝိုက် မိုးရွာသွန်း

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေ့အပူချိန်များမြင့်တက်နေရာမှ ဧပြီ ၂၈ ရက် နံနက် ၁ နာရီခွဲခန့်မှစ၍ အနောက်တောင်ဘက်မှ တိမ်တိုက်များတက်လာပြီး လေပြင်းနှင့်အတူ မိုးရွာသွန်းခဲ့ရာ နေ့အပူချိန်များ လျော့ကျသွားခဲ့သဖြင့် သက်ကြီးရွယ်အိုများ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ ရွာသွန်းခဲ့သော မိုးရေချိန်မှာ မန္တလေးမြို့တွင် သုည ဒသမ ၃၅ လက်မ၊ စဉ့်ကိုင်မြို့တွင် ၁ ဒသမ ၂၀ လက်မ၊ ကျောက်ဆည်မြို့တွင် ၂ ဒသမ ၇၆ လက်မရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် မန္တလေး ဝန်းကျင် အမရပူရ၊ မြစ်ငယ်၊ စဉ့်ကိုင်၊ ကျောက်ဆည်မြို့များရှိ သရက်ခြံများမှ သရက်ကင်းများ ကြွေကျခဲ့ကြောင်း သိရသည်။

မန္တလေးမြို့သို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုများပြား

မန္တလေးမြို့သို့ ထိုင်းလေကြောင်းခရီးစဉ်များဖြင့် တိုက်ရိုက်ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများလျက်ရှိပြီး မြနန်းစံကျော် ရွှေနန်းတော်၊ မန္တလေးတောင်၊ ကျုံးမြို့ရိုး၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ ရွှေကျောင်းကြီးတို့သို့ တစ်ဦးချင်း၊ အဖွဲ့လိုက် မော်တော်ယာဉ်၊ အငှားယာဉ်၊ စက်ဘီးများဖြင့် သွားရောက် လည်ပတ်၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

ကမ္ဘာလှည့်ခရီးသည်များသည် အမရပူရမြို့ စေတီပုထိုးများနှင့် ဦးပိန်တံတား၊ စစ်ကိုင်း၊ ပြင်ဦးလွင်နှင့် ပုဂံညောင်ဦးမြို့များသို့ ဆက်လက်သွားရောက်လည်ပတ်ကြသည်။

ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေး

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့တိရစ္ဆာန်ဆေးကုသရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မြည်ကြီးတံခွန်မြို့နယ် ကျဲဆည်ကန်ရှိ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဆေးဝညာဌာန ဝါမောက္ခ ဒေါက်တာရဲထွဋ်အောင်က "ရောဂါတားဆီးထိန်းချုပ်ဖို့ ကာကွယ်ဆေးထိုးကြစို့" ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။ ကျဲဆည်ကန်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် မန္တလေးမြို့ရှိ အိမ်မွေးခွေး၊ ကြောင်များအား ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံပေးကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

လောဘ

တင်မျိုးနောင် (ကြီးနီ)

"လောဘ" သည် အကုသိုလ်စေတသိက် ၁၄ ပါးတွင် "လောဘ၊ ဒိဋ္ဌိ၊မာန" ဟူသော အစုအဖွဲ့၌ ပါဝင်သည်။ လောဘ၏မှုရင်းအဓိပ္ပာယ်မှာ (DESIRE) ပင်ဖြစ်သည်။လောဘသည် မိမိတည်ရာ သတ္တဝါနှင့်အတူ ဖြစ်ဖက် စေတသိက်တို့ကို အာရုံအား လိုချင်တပ်မက်မှုဖြစ်လာအောင် ပြုလုပ်တတ်သည်။ လောဘသည် တိုက်ခိုက်လာသော အာရုံကို လိုချင်မှုမည်မကာ မတ္တမဟုတ်၊ အာသာငမ်းငမ်းဖြင့် မစွန့်နိုင်၊မခွာနိုင်ဖြစ်လောက်အောင် စွဲစွဲလမ်းလမ်း လိုချင်မှုမျိုးဖြစ်သည်။

လောဘကို အလွန်ကပ်ငြိတတ်သော မျောက်နှဲစေးဖြင့်လည်း ပမာပြုလေ့ရှိသည်။ အဝတ်အထည်များတွင် ဆီချေးစွန်းထင်းသော် ရုတ်တရက်မကျွတ်မကွာနိုင်သကဲ့သို့ လောဘစေတသိက်သည် အာရုံများ၌ စွဲလမ်းကပ်ငြိနေတတ်သည်။

လောဘသည် မည်သည်အခါမျှ လိုချင်တပ်မက်မှုကို မစွန့်နိုင်သဖြင့် လောဘ၏အလိုကို ကျေနပ်အောင် မည်သို့မျှမဖြည့်တင်းနိုင်ချေ။ လောဘလွှမ်းမိုးမှုနယ်ပယ်သည် လောကပုထုဇဉ်လူသားများကို မဆိုထားဘိ၊ အောက်အဝီစိမှ အထက်ဆုံးဘဝဂ်အထိ ၃၁ ဘုံလုံးကို လွှမ်းမိုးနိုင်လေသည်။ရုပ်ရှိသော ရူပဗြဟ္မာ၊ ရုပ်မရှိသော အရူပဗြဟ္မာဖြစ်စေကာမူ လောဘ၏စက်တွင်းမှ မလွတ်မြောက်နိုင်ပေ။ အလွန်သိမ်မွေ့သော အနုသယအဖြစ် ကိန်းဝပ်နေပြီး အခွင့်သာသည်နှင့် အားကြီးသောလောဘအသွင်သို့ ပြောင်းလဲကာ သတ္တဝါအပေါင်းကို သံသရာဝဋ်ဆင်းရဲအတွင်း တပြောင်းပြန်ပြန် ဝဲလည်နေအောင် ခြယ်လှယ်နိုင်လေသည်။

ပုထုဇဉ်လူသားတို့အား နဖားကြိုးတပ်ကာ လိုရာသို့ ကြိုးဆွဲနိုင်စွမ်းရှိလေသည်။ထိုလောဘသည် တဏှာ၊ ရာဂ၊ ကာမ၊ မာယာ၊ အာလယ၊ ယောဂ၊ သြဃ၊ ဂန္ထ၊ အာသဝ၊ နန္ဒီ၊ နိကန္တိ၊ အဘိဇ္ဈာ၊ သံယောဇဉ်၊ ဥပါဒါန်ဟူ၍ အမည်အမျိုးမျိုးရလျက် သတ္တဝါတို့အား ကြီးစွာသော ပူလောင်မှုကို ပေးတတ်လေသည်။

တစ်စုံတစ်ဦး၏ လောဘ၊ ဆန္ဒအလိုပြည့်ဝအောင် မစွမ်းနိုင်၊ လောဘ၊ ဆန္ဒပြည့်ဝနိုင်ခဲ၊ ဝေခွဲသိမြင်ပညာရှင်တို့သည် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးလုံး၌ တရားနှင့်လျော်ညီသော သုစရိုက် ၁၀ ပါးကိုသာ ကျင့်ကြံကြိုးကုတ် အားထုတ်ပွားများသင့်ပေ၏။

ဤလူ့လောက၌ ကာမဝတ္ထု အစုစုတည်းဟူသော (ကာမုပဓိတရား) ကို ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ငြိကပ်တွယ်တာရာ တရားဟူ၍ ပိုင်းခြားထင်ထင် သိမြင်သောသတ္တဝါသည် ကာမဝတ္ထုတရားစုကို ပယ်ဖျောက်ခြင်းငှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ပွားများကျင့်ကြံသင့်ပေ၏။

ဘုရားရှင်က လောကလူသားတို့အနေဖြင့် အာသာငမ်းငမ်းလိုချင်တပ်မက်တတ်သော လောဘကို ဖယ်ခွာပြီး တစ်လောကလုံးအေးချမ်းစွာအတူယှဉ်တွဲနေထိုင်ကြစိမ့်သောငှာ ချမ်းသာအစစ် ၁၂ ပါး တရားတော်ကို သုံးဂါထာဖြင့် ဟောကြားတော်မူသည်။

ပထမဂါထာ၏အဓိပ္ပာယ်မှာ လူ့လောကကြီးထဲ၌ စေတနာကောင်းဖြင့် ဖူးပေါင်းဖြေရှင်းကူညီတတ်သော မိတ်ဆွေကောင်းတို့သည် ချမ်းသာစေကြောင်း အမှီကောင်းဖြစ်ပါပေ၏။ ကိုယ်အား၊ ဉာဏ်အားဖြင့် ကြိုးစားရှာဖွေ၍ ရလာသောဥစ္စာဖြင့် တင်းတိမ်ရောင့်ရဲခြင်းသည် ချမ်းသာသုခဖြစ်ပါပေ၏။ သုံးတန်စေကနာဖြင့် လှူဒါန်းခြင်းသည် ပစ္စုပ္ပန်သံသရာနှစ်ဖြာလုံးအတွက် ချမ်းသာသုခဖြစ်ပါပေ၏။ ဝဋ်ဒုက္ခအပေါင်းကို အမြစ်မကျန်ဖယ်ရှားတတ်သော အရဟတ္တဖိုလ်မြတ်တရားသည် ချမ်းသာအစစ်ဖြစ်ပါပေ၏။

ဒုတိယဂါထာ၏အဓိပ္ပာယ်မှ လောက၌ ကျေးဇူးရှင်မိခင်ဖခင်တို့အား ကြည်ဖြူစွာပြုစုလုပ်ကျွေးခြင်း ရဟန်းသံဃာတော်တို့အား ရိုသေလေးမြတ်စွာ ဆည်းကပ်လှူဒါန်းခြင်း၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့အား ရိုသေလေးမြတ်စွာ ဆည်းကပ်လှူဒါန်းပူဇော်ရခြင်းများသည် ချမ်းသာရခြင်း အကြောင်းရင်းဖြစ်ပါပေ၏။

တတိယဂါထာ၏ အဓိပ္ပာယ်မှာ ကိုယ့်ကျင့်သီလသည် ချမ်းသာရကြောင်း ကောင်းမြတ်သောတရားဖြစ်ပါပေ၏။ ရတနာသုံးပါးနှင့် ကံ ကံ ၏အကျိုးကို ယုံကြည်သည် သဒ္ဓါတရားသည် ချမ်းသာရကြောင်း ကောင်းမြတ်သော တရားဖြစ်ပါပေ၏။ လောကီ၊ လောကုတ္တရာပညာနှစ်ပါးကို ကြိုးစားအားထုတ် ရယူနိုင်ခြင်းသည် ချမ်းသာရကြောင်း တရားကောင်းဖြစ်တော်မူပါပေ၏။ ယုတ်မာသော အကုသိုလ်တရားတို့ကို မပြုလုပ်ဘဲ ဝေးစွာရှောင်ကြဉ်ခြင်းသည် ချမ်းသာရကြောင်း ကောင်းမြတ်သောတရားဖြစ်တော်မူပါပေ၏။ (ခုဒ္ဒနိကာယ်၊ ဓမ္မပဒ ပါဠိတော်၊ နာဂဝဂ်၊ မာရဝတ္ထု အဖွင့်၊ နှာ (၃၂၄)။

ပုထုဇဉ်လူသားတို့အနေဖြင့် "လောဘ" ကိုအပြီးအပိုင်ဖယ်ရှားနိုင်ဖို့တော့ မလွယ်ကူပါ။ ဆင်းရဲတဲ့လူကလည်းချမ်းသာအောင်၊ ချမ်းသာပြီးသားလူကလည်း သားစဉ်မြေးဆက်စားမကုန်အောင် လောဘဇောနဲ့ ရှန်းကန်ရှာဖွေနေကြပါတယ်၊ လောဘကြောင့် အရှက်စွန့်သူတွေ၊ အသက်စွန့်သူတွေ၊ ကိုယ့်ရာထူး၊ ဂုဏ်သိက္ခာကိုမငဲ့ဘဲ မတော်လောဘဖုံးလွှမ်းနေသူတွေ လောကမှာ ဒုနဲ့ဒေးများပြားလှပါတယ်။

မတော်လောဘကို တတ်နိုင်သလောက်ဖယ်ခွာ၍ မြတ်ဗုဒ္ဓဟောကြားခဲ့သည့် တရားတော်မြတ်အတိုင်း ချမ်းသာသုခအစစ်ကို မြင်အောင်ရှုပြီး သုစရိုက်တရားတို့ကို ကျင့်ကြံလိုက်နာနိုင်ကြပါစေဟု ဆန္ဒမွန်ဖြင့် ရေးသားလိုက်ရပါတယ်။

ဆေးဖက်ဝင် စပါးလင်

စပါးလင်သည် လူသားများ၏ နေ့စဉ်စားသုံးမှုတွင် တစ်မျိုးမဟုတ်တစ်မျိုး ပါဝင်နေသည်။ ဟင်းချက်ရာတွင် ဖြစ်စေ၊ မုန့်ဟင်းခါးချက်ပြုတ်ရာတွင်ဖြစ်စေ သုံးစွဲကြသည်ဟုသာ သိထားကြသော်လည်း ဆေးဖက်ဝင်သည်ကိုကား သိရှိသူနည်းပါးလှသည်။

စပါးလင်၏ ရုက္ခဗေဒအမည်မှာ (Cymbopogon citrates Steapf) ဟု ခေါ်ပြီး GRAMINEAE မျိုးရင်းဝင် ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့ ပေါက်ရောက်သည်။ စပါးလင်ပင်၏ အသုံးဝင်အစိတ်အပိုင်းမှာ ပဥ္စငါးပါးနှင့် အဆီဖြစ်သည်။

နာစေးချောင်းဆိုးဖြစ်လျှင် စပါးလင်ပင် ပဥ္စငါးပါး ကိုပြုတ်၍ ဆားမီးဖုတ်အနည်းငယ်ခတ်ကာ သောက်သုံးသော် ပျောက်ကင်း၏။ နာတာရှည်ငှက်ဖျားရောဂါများကိုလည်း စပါးလင်ကို စားသုံးခြင်းဖြင့် ပျောက်ကင်းပါသည်။ ငရုတ်ကောင်းနှင့် ရောပြုတ်ထားသော ပြုတ်ရည်သည် အမျိုးသမီးများ ဓမ္မတာမမှန်ခြင်းနှင့် ရာသီချိန်တွင် ကိုက်ခဲခြင်းအတွက် ဆေးကောင်းတစ်လက်ဖြစ်သည်။

စပါးလင်ရွက်အား ပူစီနံ၊ ငရုတ်ကောင်း၊ ချင်းခြောက်၊ သကြားတို့နှင့်ရောကျို၍ သောက်သုံးလျှင် လေနှင့်ပတ်သက်သော ရောဂါများ ပျောက်ကင်းပါသည်။ ဆီးကြောင့် ဖြစ်သော အသားဝါရောဂါအား စပါးလင်ရွက်ကို ကျိုသောက်ခြင်းဖြင့် ပျောက်ကင်းပါသည့်။ ရောင်ရမ်းနာဖြစ်ပါက စပါးလင်အား ထုထောင်း၍ ကြပ်ထုပ်ထိုးပေးရသည်။ လေဖြတ်လေငန်းရောဂါ၊ အဆစ်ရောင်ကိုက်ခဲခြင်းရောဂါ၊ ကြွက်တက်ခြင်းရောဂါများအတွက် စပါးလင်အဆီသည် အလွန်အစွမ်းထက်လိမ်းဆေးဖြစ်သည်။

စပါးလင်ပင်သည် စားသောက်ပစ္စည်းသာမက လူသားများအတွက် ကျန်းမာရေးကိစ္စများတွင် အသုံးဝင်သကဲ့သို့ ဆပ်ပြာ၊ ရေမွှေး၊ ခေါင်းလိမ်းဆီ ခြင်မကိုက်စေသော လိမ်းဆေးများတွင် ထည့်သွင်းအသုံးပြုကြောင်း သိရသည်။

မင်းရဲမာန်(နေပြည်တော်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်၊
စဉ် တင်ဒါအမှတ် အကြောင်းအရာ
(က) ၁၉/မမ/(CE) ရန်ကုန်-ပုသိမ်လမ်းပိုင်းရှိ ဘူတာရုံများတွင် Platform Waiting Shed တည်ဆောက်ရန်၊
(ခ) ၁၈/မမ/(CE) ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျှောက်ရှိ လူကူးမျဉ်းကြားများ (၁၃)စင်း မြှင့်ရန်
တင်ဒါပိတ်မည့်နေ့/အချိန် - ၁၄. ၅. ၂၀၁၃(အင်္ဂါနေ့)(၁၂:၀၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၉-၄-၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ စုံစမ်းနိုင်ပါသည်။
ဒုတိယအထွေထွေမန်နေဂျာ(ယောက်ပိုင်ဌာန)မြန်မာ့မီးရထား၊ ကုန်သည်လမ်း နှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ ဖုန်း - 294352,291994

☆ STYLE ☆
Design & Tailoring Training Centre
Dozo Fashion Technical School
ကျောင်းဆင်း Myanmar Young Designer ဆုရ
မခမလှခင်ဆရာ
ကိုယ်တိုင်ခေတ်မီဂျပန်စင်တီမီတာနည်းဖြင့်စနစ်တကျ သင်ကြားပေးပါမည်၊ ညပိုင်းသင်တန်းရှိသည်။
သင်တန်းဖွင့်ရက် (11.5.2013)
သင်တန်းနေရာ-တိုက်(55)သီတာလမ်းကျောက်မြောင်း၊ရန်ကုန်မြို့။
09 73037491, 09 5096251

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
ဖုန်း- ၀၉၄၂၀၀၀၇၀၂၀
၀၉၄၄၈၀၂၅၃၄၂
၀၉၇၃၂၃၄၆၅၆
၀၉၇၃၂၂၉၉၆၅

VICTOR
5-7pm(Sat-Sun) 10000/-
7-9am (Tues,Wed,Thurs)
7-9am Sat,Sun,Mon
09-5096794

01-512443
09-73017656
31000 Ks
27500 Ks
20000 Ks

ကျွန်တော့်အတွေးကျွန်တော့်အမြင်များ
ဦးလှဝင်း(လေသူရဲတစ်ဦး)
ဒီနေ့ခေတ်အပေါ် ကျွန်တော် ဘာယ်လို
တွေးမိ၊ မြင်မိတယ် ဆိုတာကို ဖော်ပြထားတာပါ။
ရတနာပုံစာအုပ်တိုက် - အမှတ်၄၆/၁၊ဗိုလ်ရာညွှန့်လမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်၊ဖုန်း - ၃၇၇၃၇၆၁

ကားရောင်းမည်
Probox , BB လိုင်စင်
ဒီဇယ်၊ Manual
ဖုန်း-၀၉ ၅၁၀၅၃၆၈

ချောင်းဟောင်းပေါင်းချုပ်နှင့်
ချောင်းတဗျာဂန္ထဝင်ငှီထာ
ထွက်ပေါ်မှုအခြေခံအကျိုးနှင့်
ဝင်းခင်းမှုအစဉ်အလာထျမ်း
ခေတ်ပေါ်ဆေးဝါးလမ်းညွှန်
ဒေါက်တာဇေယျ
ထွက်ပြီ

Myanmar WWW Institute
Web Essentials
HTML, CSS, JavaScript, Photoshop, Flash, Dreamweaver, XML, TCP/IP
Mon+Wed+Fri 09:15am - 12:15pm
Sat + Sun 04:00pm - 07:00pm
Website Designer
652288
521125
Building 5, Room 4, MICT Park, Hlaing Universities Campus, Hlaing Township,Yangon.

"လျင်မြန်စွာပျောက်ကင်းသက်သာချင်သူများအတွက်"
ကပ်းထော်သီနှင့်ဆင်စိုးသီ တို့ဖြင့်
အချိုးကျ ဖော်စပ်ထားသော
ရွှေသမင်ကပ်းထော်အတော်ကြေလိမ်းဆေး ရှိပါတယ်၊

ပြည်တွင်းရေးရာ

ရွှေဖရုံသီးနဲ့ အသားအရေထိန်းသိမ်းနည်း

ပေါက်ပေါက်

ရွှေဖရုံသီးထဲမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအပြင် ရေဓာတ်အလုံအလောက်ပါရှိလို့ မျက်နှာအတွင်းသားများအထိ အေးမြစေပြီး ကျန်းမာလှပသော အသားအရေပိုင်ဆိုင်စေမှာအမှန်ပါ။ ဘယ်အသားအရေမျိုးတွက်မဆိုသင့်တော်တဲ့အတွက် ငွေလည်းမကုန်ကရှိကထလည်းမများဘဲ မိမိအိမ်မှာ ရွှေဖရုံသီးနဲ့ အသားအရေထိန်းသိမ်းနိုင်ပါတယ်။ နောက်ပြီး ရွှေဖရုံသီးက အရေပြားကင်ဆာမဖြစ်အောင် ကာကွယ်တားဆီးပေးနိုင်ပါတယ်တဲ့။

(က) ပုံမှန်အသားအရေအတွက် - ပျားရည်တစ်ဇွန်း၊

(ခ) ခြောက်သွေ့တဲ့အသားအရေအတွက် - နို့ခရင်မ် ၁/၄ ဇွန်း (သို့) သကြားညို ၁/၂ဇွန်း၊

(ဂ) အဆီပြန်တဲ့အသားအရေအတွက် ပန်းသီးဝိုင် ၁/၄ ဇွန်း (သို့) ဘယ်ရီသီးဖျော်ရည် ၁/၄ ဇွန်းတို့ကို နူးအောင်ပြုတ်ခြေထားသော ရွှေဖရုံသီးနှစ်ဇွန်းဖြင့် သမအောင် ရောနယ်ကာ မျက်စိထဲမဝင်အောင် မျက်နှာတစ်ပြင်လုံး ညင်သာစွာလိမ်းပေးရပါမယ်၊ ရွှေဖရုံသီးအရောအနှောတို့ မျက်နှာအသားထဲစိမ့်ပင်သွားအောင် ၁၅ မိနစ်ထားပြီးနောက် ရေနွေးနွေးလေးဖြင့် သန့်စင်ပြီး မိမိလိမ်းနေကျ ခရင်မ်တစ်ခုခု လိမ်းပေးနိုင်ပါတယ်။ ဤနည်းဖြင့် တစ်ပတ်လျှင် တစ်ကြိမ်မျှ ပုံမှန်လုပ်ပေးသွားပါက နူးညံ့ချောမွေ့ပင်းပသော လှတစ်မျက်နှာပိုင်ရှင်ဖြစ်လာနိုင်ပါပြီ။

ရွှေဖရုံသီးအနှစ်ဖြင့် ခန္ဓာကိုယ်အသားအရေ ညက်ညောလှပအောင် body scrub လုပ်နိုင်ပါတယ်၊ ပြုတ်ခြေထားသော ရွှေဖရုံသီးထဲကို ဆားနှင့် သကြားညိုထည့်နယ်ကာ အရည်ကျဲကျဲဖျော်စပ်ပြီးတော့ ခန္ဓာကိုယ်အနှံ့ စက်ပိုင်းသဏ္ဍာန်လိမ်းကျံပေးပြီး ရေချိုးသန့်စင်ပေးရုံပါပဲ။

အသားအရေခြောက်သွေ့ကာ ခြေဖနောင့်ကွဲအက်သူများအတွက် ခြေထောက်ကို ရေစင်ကြယ်အောင်ဆေးပြီး ရွှေဖရုံသီးအနှစ်နဲ့ ဖယောင်းရည်တို့ကို ဆတူရောကာ နှိပ်နယ်လူးပေးနိုင်ပါတယ်။

ရွှေဖရုံသီးနှင့် ကျန်းမာရေး

Whfloods ၏ ဓာတ်ခွဲစမ်းသပ်ချက်များအရ ရွှေဖရုံသီး ၁ပပ ဂရမ်ထဲတွင် လူသားတို့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ဝရိုတင်း ၁ ဒသမ ၃ ဂရမ်၊ သဘာဝအဆီဓာတ် သုည ဒသမ ၃ ဂရမ်၊ ကစီဓာတ် ၉ ဒသမ ၉ ဂရမ်၊ ဗီတာမင်အေ ၂၆၉၀၈ IU၊ ဗီတာမင်ဘီပမ်း သုည ဒသမ ဝ၃ မီလီဂရမ်၊ ဗီတာမင်ဘီတူး သုည ဒသမ ဝ၇ မီလီဂရမ်၊ နီအာစင် သုည ဒသမ ၄ မီလီဂရမ်၊ ဗီတာမင်စီ ၅ မီလီဂရမ်၊ ကယ်လ်စီယမ် ၃၂ မီလီဂရမ်၊ မီးစုန်း ၄၂ မီလီဂရမ်နှင့် သံဓာတ် ၁ ဒသမ ၇ မီလီဂရမ်တို့ အသီးသီးပါရှိကြတယ်လို့ ဆိုပါတယ်။ တစ်ဂရမ်ပမာဏရှိသော ရွှေဖရုံစေ့ထဲရှိ ပရိုတင်းဓာတ်ပါဝင်မှုဟာ နွားနို့တစ်ဖန်ခွက်စာ ဝရိုတင်းဓာတ်ပမာဏနဲ့ ထပ်တူညီမျှတယ်လို့ ဆိုပါတယ်။ ဒါတင်မကသေးပါဘူး၊ ရွှေဖရုံစေ့ဟာ ကျန်းမာရေးကို ကောင်းကျိုးပြုစေသည် မပြည်ပဆီ၊ ဗီတာမင်ကေနှင့် ဗီတာမင်အီးတို့ စုပေးရာအရင်းအမြစ်လည်း ဖြစ်ပါတယ်တဲ့။

မျက်စိအပေးမှုန်ခြင်း၊အနီးမှုန်ခြင်းနှင့် ကြက်မျက်သင့်ရောဂါဝေဒနာရှင်များသည် ဗီတာမင်အေအပြည့်

အပပါရှိသော ရွှေဖရုံသီးကို မဖြစ်မနေစားသုံးပေးသင့်ပါတယ်။

ရွှေဖရုံသီးထဲမှာ ဆန့်ကျင်ဓာတ်တိုးပစ္စည်းများ၊ ဗီတာကယ်ရိုတင်းနှင့် ဗီတာမင်အီးတို့ ပါရှိသောကြောင့် အသားအရေကို ကျန်းမာစေကာ ဝဲနှင်းခူရောဂါတို့လို ကူးစက်ရောဂါများကိုလည်း မဖြစ်စေပါဘူး။

အရွယ်တင်နုပျိုစေလို့ အလှအပမြတ်နိုးတဲ့ ပျိုပျိုမေတို့ အားထားလောက်ပါတယ်။

ရွှေဖရုံသီးနှင့် ရွှေဖရုံစေ့ထဲရှိအဆီတို့သည် ကာမအားကို တိုးပွားစေသည်အပြင် ထိုသဘာဝအဆီဓာတ်က တျောက်ကပ်၏စွမ်းဆောင်ရည်ကို တိုးတက်မြင့်မားလာစေပြီး ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော အညစ်အကြေးတို့ကို ဆီးအဖြစ်စွန့်ထုတ်ပေးနိုင်လို့ ဆီးကျောက်တည်ခြင်းမဖြစ်စေပါဘူး။ အထူးသဖြင့် အမျိုးသားများတွင်ဖြစ်တတ်သော ဆီးကျိတ်ကြီးထွားလာခြင်းကို သက်သာစေရုံမျှမက ဆီးကျိတ်ကင်ဆာရောဂါကိုလည်း ထိထိရောက်ရောက် တားဆီးကာကွယ်ပေးနိုင်ပါတယ်။

အမျိုးသမီးများရဲ့ မျိုးပွားအင်္ဂါအဖွဲ့အစည်းများကို အလွန်အမင်းကောင်းကျိုးပြုလို့ သားသမီးယူရန် အစီအစဉ်ရှိသော မိခင်လောင်းများ ရွှေဖရုံသီးနဲ့ရွှေဖရုံစေ့တို့ကို အထူးတလည်စားပေးသင့်ပါတယ်။ ကိုယ်ဝန်ဆောင်နေစဉ်ရွှေဖရုံသီးဟင်းလျာကို စားပေးခြင်းဖြင့် ရင်ခေါင်းတောင့်ခြင်းနဲ့ ရင်ပြည်ရင်ကယ်ခြင်းတို့ကို သက်သာစေကာ ခံတွင်းလိုက်စေပါတယ်။ နောက်ပြီး အမျှင်ဓာတ်ကြွယ်ပစွာပါရှိလို့ ကိုယ်ပန်သည်များအတွက် အကောင်းဆုံး သဘာဝပမ်းပျော့ဆေးတစ်ခွက်ပါပဲ။ ။

မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာခြောက်ရွာမှပြည်သူများအား ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းပူဇော်

မော်လမြိုင်ကျွန်း ဧပြီ ၃၀

မော်လမြိုင်ကျွန်းမြို့နယ် သရက်ကုန်း၊ ကျွန်းဒိပ်ကျေးရွာအုပ်စု၌ ပထမဦးဆုံးအကြိမ်ကျင်းပသော ဗုဒ္ဓရုပ်ပွားတော်များ မပူဇော်ရသေးသည့်ကျေးရွာခြောက်ရွာအတွက် ဗုဒ္ဓရုပ်ပွားတော်များ စုပေါင်းအနေကဇာတင်ပွဲနှင့်ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းပူဇော်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် အေးရွာ မင်္ဂလာမုန်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ယင်းလှူဒါန်းပူဇော်သော ဗုဒ္ဓရုပ်ပွားတော်များမှာ ဉာဏ်တော်အမြင့်ခုနစ်လက်မမှ ၁၂ လက်မအထိ ရှိကြသော ဗောဓိရုပ်ပွားတော်၊ မဟာမြတ်မုနိရုပ်ပွားတော်နှင့် လာဘမုနိရုပ်ပွားတော်များဖြစ်ပြီး ပခုက္ကူ ရွှေကူဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ (နယ်လှည့်သာသနာပြုဓမ္မကထိက)က လှူဒါန်းပူဇော်သည့် ဗုဒ္ဓရုပ်ပွားတော်များ ဖြစ်သည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော်များအား အနေကဇာတင်လှူပူဇော်ပွဲကို နံနက် ၉ နာရီခွဲတွင် အေးရွာ မင်္ဂလာမုန်ကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပပြီး မွန်းလွဲ ၁ နာရီတွင် ဗုဒ္ဓရုပ်ပွားတော်များကို လှူဒါန်းပူဇော်ကြရာ အေးရွာ၊ ကျူချောင်း၊ ပိုက်တဲ၊ ကျွန်းဒိပ်၊ သရက်ကုန်းနှင့် သရက်ချောင်းကျေးရွာတို့အတွက် ဗုဒ္ဓရုပ်ပွားတော် အဆူပေါင်း ၂၁၆ ဆူတို့အား ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ထွေးတို့က ကျေးရွာအလိုက် မဲနှိုက်ပြီး ဗုဒ္ဓရုပ်ပွားတော်များကို ပေးအပ်လှူဒါန်းကြရာ ဒေသခံပြည်သူတို့ဝမ်းသာပျော်ရွှင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော် အနေကဇာတင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓရုပ်ပွားတော် လှူဒါန်းပူဇော်ပွဲသို့ သရက်ကုန်း၊ ကျွန်းဒိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခြောက်ရွာမှ ဒေသခံပြည်သူ ၃၅၀ တို့တက်ရောက်ပူဇော်ကြကြောင်း သိရသည်။ ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းပူဇော်လျက်ရှိသော ပခုက္ကူ ရွှေကူဆရာတော် ဘဒ္ဒန္တစက္ကိန္ဒမှာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဗုဒ္ဓရုပ်ပွားတော် အဆူ ၂၀၀၀ နှင့် ယခု မော်လမြိုင်ကျွန်းမြို့နယ် အေးရွာတွင် ဗုဒ္ဓရုပ်ပွားတော် ၂၁၆ ဆူ စုစုပေါင်း ၂၂၁၆ ဆူကို လှူဒါန်းပူဇော်ထားပြီးဖြစ်ကြောင်း သိရသည်။ (၃၆၄)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန် တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြေကြီးနှင့် ကပ်လျက်သီးနေသော ပိန္နဲသီး

ရေတာရှည် ဧပြီ ၃၀

ပိန္နဲပင်ငယ်မှ ထူးထူးခြားခြား မြေကြီးနှင့် ကပ်လျက်တွင် ပိန္နဲသီးကြီးတစ်လုံး သီးနေသည်ကို ရေတာရှည်မြို့နယ် ဆွာမြို့ မစ္စတာဘားစားသောက်ဆိုင်ဘေးတွင် ဧပြီလ ၂၇ ရက်က မြင်တွေ့ခဲ့ရသည်။

ကိုလွင်(ဆွာ)

ခရီးသွားပြည်သူများစိတ်ချမ်းသာစေလို

စာရေးသူသည် နေပြည်တော်၌ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ သင်္ကြန်ရုံးပိတ်ရက်များတွင် မိဘဆွေမျိုးမောင်နှမများထံ ပြန်ချင်သောစိတ်ဆန္ဒများသည် နေပြည်တော်ရှိ ဝန်ထမ်းများ၏ စိတ်ခံစားမှုတစ်ရပ်ဖြစ်ပါသည်။

စာရေးသူလည်း ရန်ကုန်သို့ ပြန်ရန်စီစဉ်ထားသော်လည်း စာရေးသူတို့၏ ဝန်ကြီးဌာနတွင် နှစ်ဆန်းတစ်ရက်နေ့တိုင်း ဘိုးဘွားသက်ကြီးပူဇော်ပွဲကျင်းပလေ့ရှိသဖြင့် ဘိုးဘွားများ ကြို၊ ပို့တာဝန်ပေးအပ်လာပါ၍ သက်ကြီးပူဇော်ပွဲပြီးမှ ရန်ကုန်သို့ပြန်ရန် အိမ်ရာနှင့်နီးသည် မြို့မဈေးအဝေးပြေးကားဂိတ်တွင် ကားလက်မှတ်ဝယ်ယူရာ သူလိုငါလိုပြန်ချင်သောသူများခြားပြီး နေပြည်တော်-ရန်ကုန်သို့ ပြေးဆွဲနေသော ယာဉ်လိုင်းများ၌ ကားအရေအတွက် မလုံလောက်ခြင်းကြောင့် လူတိုင်းနီးဝါး အခက်အခဲကြုံရသလို ရုံးဖွင့်ရက် ၂၂-၄-၂၀၁၃ ရက်အမီ ရုံးတက်နိုင်ရေးအတွက် ရန်ကုန်-နေပြည်တော်သို့ အပြန်ကားလက်မှတ်ပယ်ယူရာတွင် အခက်အခဲကြုံရပြန်ပါသည်။

ရန်ကုန်-နေပြည်တော်သို့အပြန်တွင် စာရေးသူသည် “ဇာနည်ဘွား” အမည်ရှိမော်တော်ယာဉ်လိုင်း၌ ညနေ ၃ နာရီ ခွဲတွင် လမ်းဟောင်းကမောင်းသည် ၆ခ/-----ယာဉ်ဖြင့် ကားလက်မှတ်ဝယ်ယူစီးနင်းခဲ့ရာ ပွဲ့တန်ဆာ-ဒိုက်ဦး-ညောင်လေးပင် လမ်းတစ်လျှောက်ကြားခုံလူတင်၍ ကျပ်တည်းစွာ စီးနင်းရသည်ကို စာရေးသူမပြောလိုပါ။ သူတို့ ကိုက်အောင်လူတင် တာရယ်လို့ နားလည်အတွေးနဲ့ ဖြေသိမ့်ခဲ့ပေမယ့် ကြားခုံလူရအောင် ရပ်စောင့်ပြီး လူတင်ဖို့တော့မကောင်းပါ။ ခရီးသွားပြည်သူတွေကို အားနာပေါ့ဗျာ---။

ရန်ကုန်-နေပြည်တော်ကို ၉ နာရီခွဲကြာမောင်းနှင်မှုကြောင့် ဆီး၊ ဝမ်းအောင့်အည်းပြီး ကားစီးရတာ ပိုဆိုးဝါတယ်။ မော်တော်ယာဉ်ဆိုတာ မီးရထားလို ဆီး/ဝမ်းထသွားဖို့ မလွယ်ပါဘူး။ အဲယားကွန်းကလည်း ရှယ်ပဲ။ ပဲခူးယာဉ်ရပ်နားစခန်းရောက်တော့ အဲယားကွန်းမကောင်းပါ၍ ခရီးသည်များကားတံခါးဖွင့်စီးကြပါတဲ့လေ၊ ဒီလို ပို့ဆောင်ရေးဝန်ဆောင်မှုများကြောင့် ကားပေါ်စီးနင်းလာသော ၇၅ ရာခိုင်နှုန်းရှိ လူအများစုထံမှ စိတ်ဒုက္ခရောက်ကြောင်း ပြောဆိုနေသံ မိုးထက်ယံ နားပြည်လျှံ၍ ပြည်သူများစိတ်ချမ်းသာစေဖို့ ရေးသားတင်ပြအပ်ပါသည်။ ။

ကျော်သူရ(နေပြည်တော်)

MANDALAR CHARM TRAVELS & TOURS
May Package Tours
Genting Highlands
Port Dickson
Day Trip
Discount
E-mail : mandalarcharm@gmail.com

ဆရာသာထက်(All-In-One)
PRACTICAL SPOKEN & WRITTEN ENGLISH
Essay, letter
Special English Classes
Ph- 09 43021247, 09 43161689)

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်
Ocean East Point
ဆက်သွယ်ရန်- Ph-09-5181185

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း(သမင်ဖြူ)၊ ဖြူနိုက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

Zarmany Rice Distribution
G-1 (48 kg)
25900 Ks
1-5-2013 မှ 10-5-2013 အထိ
2% Discount
24kg, 48kg
Ph : 2305704, 500219, 2304268,09-73067363/4

သီတာဂူရှေ့ပြည်သိမ်နိုင်ဆရာတော် ဆေးရုံ မေလ (၁၂၊ ၁၈၊ ၁၉) (၂၃) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလှူရှင်များ

[illegible]	၃၅၀၀၀၀	[illegible]	မော်လူး	၆၀၀၀၀	[illegible]	ဝန်းသို	၂၀၀၀၀၀
[illegible]	၁၀၀၀၀၀	[illegible]	မော်လူး	၆၀၀၀၀	[illegible]	ဝမ်းသို	၁၀၀၀၀၀
[illegible]	၁၀၀၀၀၀	[illegible]	မော်လူး	၆၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	၁၀၀၀၀၀	[illegible]	မော်လူး	၆၀၀၀၀	[illegible]	ဝန်းသို	၆၃၀၀၀
[illegible]	၁၀၀၀၀၀	[illegible]	မော်လူး	၆၀၀၀၀	[illegible]	ဝန်းသို	၆၂၀၀၀
[illegible]	၁၀၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀	[illegible]	ဝန်းသို	၆၂၀၀၀
[illegible]	၁၀၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	၁၀၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	၁၀၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	၇၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	၇၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	၇၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀
[illegible]	၆၀၀၀၀	[illegible]	ဝန်းသို	၆၀၀၀၀	[illegible]	ဝန်းသို	၂၂၀၀၀

[illegible] KBZ Bank (Account No. 0071220029870)

UEC
United Education Centre

ကျောင်းအပ်နှံထားသူ မိဘတိုင်း စိတ်ချမ်းသာမှု ရရှိနေကြသည်။

၅၊ ၆၊ ၇၊ ၈ တန်းများ မေလ (၆)ရက်တွင် စတင်ဖွင့်လှစ်မည်။ (ကျူရှင်၊ ကျောင်းကြီးတက်ရန်မလို)

၈၊ ၉၊ ၁၀ ဘော်ဒါ နှင့် DAY CAMP တန်းခွဲများ လျှပြည့်ပါတော့မည်။ (လူဦးရေပိုကျူရှာ တန့်သတ်ထားသည်)

အဆင့်မြင့်ကိုယ်ပိုင်ကျောင်း

စာသင်ကျောင်း - အမှတ် (၄၇)၊ ဓနိဗိုလ်ပြိမ် (၅)လမ်း၊ ကမာရွတ်မြို့နယ်။ Ph: 01-539875, 09 5157988

အဆောင်များ - အမှတ် (၁၅/က)နှင့် (၁၅/ခ)၊ ဓနိဗိုလ်ပြိမ် (၅) လမ်း။ Ph: 09 5080478, 09 73065707

KING STAR ဖုန်း - ၀၉၅၀၀၀၃၃
ကွန်ပျူတာအတတ်သင် 20000Ks
Office 2010
D.T.P
Graphic Design
A+ Hardware
Video Editing
AutoCAD 2D,3D

ယာဉ်မောင်းအလိုရှိသည်
၁။ CNG TAXI (နေ့/ည)
၂။ BB ဖင်ကောက်(နေ့)
၃။ ကျောင်းကားမောင်းရန်
ဖုန်း-၀၉ ၇၃၀၆၅၇၀၇၊ ၀၉ ၅၀၆၂၂၃၈

ကလေးတိုင်းကြိုက်တဲ့ BOBO ကာတွန်းဂျာနယ်
နီးစပ်ရာ ဂျာနယ်အရောင်းဆိုင်များတွင် မှာကြားဝယ်ယူနိုင်ပါပြီ
09-5163144 09-5124754

ASIA KING 09-43114301, 09-420115717
Apr 26, Mar 3, 10, 17, 24, 31 Hotel & Restaurant
• မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း (၃)ရက် Special Discount 65000
• ပုဂံ(ရွှေစည်းခုံ)၊ ပုပ္ပါး၊ မင်္ဂလာ၊ နေပြည်တော် (၃)ရက် 65000
• ဆောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ တံခါး (၅)ရက် 70000
• ကျိုက်ထီးရိုး/ ရှောင်းသာ 50000 • ငပလီ/နေပြည်တော်

AMARA ACADEMY
Preparing the next generation of Myanmar Leader

Start at May 13th
General English (4 skill)
Local Teacher
Tue to Fri
Mon, Tue, Wed, Fri
Mon to Wed
Foreign Teacher
Sat - Sun (3 classes)
Writing Course
Basic Mon to Thurs
Academic Tue to Thurs

IELTS
Gram. + Speak Tue to Fri
Read+ Vocab Mon to Thurs
Speak+Vocab Mon to Thurs
Preparation and Exam Practice
Mon to Thurs
IELTS (Foreigner Teacher)
Sat - Sun

No. 24, 2nd Street, Hlaing Yadanamon Housing, Hlaing Township, Ygn.
Tel: 09 5060 376, 09-4500 48721

ဆက်သွယ်ပါ - ခံစားခွင့်ရှိသည်
အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ကြာဇံချက်၊ ရှိုင်မုန့်တီ
ကျွမ်းကျင်စွာ ချက်ပြုတ်နိုင်သူများ ကိုယ်တိုင်ချက်ပြုတ်လက်ရာ
နှင့်အတူ ဆက်သွယ်နိုင်ပါသည်။ ဖုန်း - ၀၉ ၅၀၀၈၇၂၇

အကောင်းကြိုက်သူများအတွက်
သန့်
ပေါ်ယိုရှယ်ပေါ်ဆန်းမွှေး၊ ပဲဆီမွှေး၊ ရှမ်းဆန်၊ ဘာခမာတီ၊ ဆန်မျိုးစုံ
မွှေးရှယ်သန့်စင်ပြီး(ဝပ်ဈက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။
ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။
(ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက
တစ်ပတ်အတွင်း ပြန်လည် လဲလှယ်ပေးပါမည်။
ရွှေဘို့ပေါ် ဆန်းမွှေးချိုး
ဘုရင့်နောင်ပွဲရုံများကုန်စိုတန်း၊ ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-681209, 681504, 682934, 09 73249922

ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၂)လမ်းရှိ မြေညီထပ်မှ ဒါဘာအထိ
တိုက်ခန်းများထို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။
(သယ်န်းကျွန်းမြို့နယ်၊ လေးဒါင့်ထန်လမ်းမကြီးနှင့်ထပ်လျှတ်)
အဆင့်မြင့်ပြင်ဆင်ပြီး လူနေရန်အသင့်ဖြစ်သည်။
ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇

YCTC
သင် တက္ကသိုလ် ဆက်တက်ဖို့ အဆင်သင့် ဖြစ်ပြီလား . . ?
University Foundation Program
Preparation for August Intake
✦ B.B.A., International Business
✦ B.B.A., Hospitality & Tourism Management
✦ B.A., English for Business Communication
3rd June စမည်၊ ENROLL NOW! 558364 09420118100
Bachelor Degree အတွက်
Dhurakij Pundit University (DPU),Thailand ၅ 50 % scholarship ရိုးဖြင့်မည်။
Representative Office : No. (212/D-501), Shwe Gone Taing Tower (Near KBZ Bank), Shwe Gone Taing Road, Bahan Tsp.

မဟာဆွေ
ဝတ္ထုတိုပေါင်းချုပ် - ၉
လေရူးသည် စာမတတ်ပါ
တက္ကသိုလ်ဘုန်းနိုင်
email: kantkawwutyee@gmail.com
http://kantkawwutyee.myanmaronlinesales.com

အမြန်ရောင်းမည်
ပုဝံ ဟိုတယ်ဇုန်မြေကွက် (၁)ဧက ထောင့်ကွက် ဝရန်အမည်ပေါက်
ပိုင်ရှင်ထိုယ်တိုင်ရောင်းမည်။
ဆက်သွယ်ရန်ဖုန်း-၇၇၅၀၅၀၊ ၀၉-၅၁၁၆၂၅၆

ပါဝါ
ကျောက်ကြေအေး
သည်းခြေအိတ်၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးပြွန်၊
ဆီးသွားလမ်းကျောက်တည်ခြင်းနှင့်
ဆီးကျိတ်၊ ဆီးရောဂါများအတွက်
သောက်သုံးနိုင်ပါသည်။
"ပါဝါ" ကျောက်ကြေအေး

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။
03 Jpn Light Truck 850 Kg	92 သိန်း
07 Canter Truck 10 ft	153 သိန်း
03 Dyna Freezer Box 10 ft	128 သိန်း
06 Toyota Box 15 ft ရှေ့လေး	182 သိန်း

09-73144588, 09-400 551 558

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဝိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.06/DHPI/Spare/2013-2014	
(က)	Spare Parts (Heavy Machinery Spare)	1Lot

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၅-၆-၂၀၁၃ ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈ရက် မွန်းတည့် ၁၂း၀၀နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်-၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၀။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဝိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung) နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.04/DHPI/Lab Equipment/2013-2014	
(က)	Triaxial Compression Test Equipment	(၁)စုံ
(ခ)	Large-Scale Constant Head Permeability Test Equipment	(၂)စုံ
(ဂ)	Standard Scale Constant Head Permeability Test Equipment	(၅)စုံ
(ဃ)	Large Scale Compaction Test Equipment	(၁)စုံ
	Consolidation Test Equipment	(၁)စုံ
	Tender No.05/DHPI/Equipment/2013-2014	
(က)	Shotcrete Machine Aliva III	(၃)စုံ
(ခ)	Concrete Pump Truck	(၂)စုံ

၂။ ပစ္စည်းများ၏(Technical Specification)များအား ၂၈-၅-၂၀၁၃ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါ ပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် မွန်းတည့် ၁၂း၀၀နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.01/DHPI/Survery/2013-2014	
(က)	ODOM Hydrographic Echo Sounder	(၃)စုံ
(ခ)	River Surveyor M.9 System	(၂)စုံ
(ဂ)	Automatic Weather Station	(၆)စုံ
	Tender No.02/DHPI/Admixture/2013-2014	
(က)	Fosroc Conplast-R(MR_2) Admixture	၁၃၀၂၀၀ လီတာ
(ခ)	Grace GP.101 Admixture	၅၅၈၀၀ လီတာ
	Tender No.03/DHPI/Equipment/2013-2014	
(က)	Hydraulic Hose Crimping Machine	(၂)စုံ

၂။ ပစ္စည်းများ၏ (Technical Specification)များအား ၂၈-၅-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်မ မဥမ္မာမြိုင်သည် ကိုသိန်းသော်[၁၀/မလမ(နိုင်)၀၉၇၁၅၄] SNAZZY FASHION (ဗိုလ်ချုပ်ဈေး)၏ အကျင့်စာရိတ္တအား နှစ်သက်မှုမရှိခြင်းနှင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်သောကြောင့် ၂၅-၄-၂၀၁၃ရက်တွင် စမ်းချောင်းမြို့နယ် တရားရုံးအသိသက်သေများရှေ့၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မဥမ္မာမြိုင်[၁၂/မရက(နိုင်)၀၀၂၉၅၀]

အထူးကျေးဇူးတင်လွှာ

၂၀-၄-၂၀၁၃ ရက်နေ့ မြစ်ကြီးနားတက္ကသိုလ်ခန်းမ၌ အောင်မြင်စွာ ကျင်းပခဲ့သော ကချင်ပြည်နယ် ဒေသကောလိပ် ပထမအကြိမ် အာစရိယပူဇော်ပွဲကို ကြွရောက်ပေးပါသော ဆရာကြီး ဦးစိုင်းအောင်ထွန်းအမှူးပြုသည့် ဆရာကြီး၊ ဆရာမကြီးများ လမ်းညွှန်ပြသပေးပါသော ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဆရာမကြီး ဒေါ်ဘောက်ဂျာအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ကချင်ပြည်နယ် ဒေသကောလိပ်ကျောင်းသားဟောင်း ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရာဝမ်းဂျို၊ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်(မြစ်ကြီးနားဒေသကောလိပ်လမ်းစဉ်လူငယ်အတွင်းရေးမှူးဟောင်း)၊ အားပေးစကားပြောကြားပေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်တိန်နန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးတို့အားလည်းကောင်း၊ အလှူငွေ ထည့်ဝင်ပေးကြသော သူငယ်ချင်း ကျောင်းသား၊ ကျောင်းသူဟောင်းများအားလည်းကောင်း၊ အာစရိယပူဇော်ပွဲ ဗီဒီယိုအခမဲ့ ရိုက်ကူးပေးသော ကျောင်းသားဟောင်း ဦးချမ်းဆောင်ယိမ်း၊ စေတနာထား မှတ်တမ်းတင် ဓာတ်ပုံရိုက်ပေးသော ကျောင်းသားဟောင်း ဦးစိုးမြင့်နှင့်အဖွဲ့အားလည်းကောင်း၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ မေတ္တာစေတနာဖြင့် ပံ့ပိုးကူညီချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးများ၊ မိတ်ဆွေ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သောသူများအားလုံးတို့အား လှုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ကချင်ပြည်နယ် ဒေသကောလိပ်(၁၉၇၆-၁၉၈၂)
ပထမအကြိမ်အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

ချစ်သားငယ်လေး ကိုစိုးသူရထွန်း(စ)ကိုသဲငယ် အတွက်
မွေးနေ့ မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ၊ ချစ်မေမေတို့ရဲ့ ချစ်သားငယ် **ကိုစိုးသူရထွန်း**၏ ၁-၅-၂၀၁၃ရက်တွင် ကျရောက်သော (၃၂)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး သားငယ်ချစ်သောဖေဖေ၊ ချစ်သောမေမေ၊ ချစ်တူလေးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လိုရာဆန္ဒတွေ ပြည့်စုံစွာဖြင့် ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေ- ဝဏ္ဏကျော်ထင်ဦးသက်ထွန်း
ချစ်မေမေ- အကယ်ဒမီ ဒေါ်တင်တင်နွဲ့
ချစ်တူလေး- မောင်ဖြိုးပြည့်ဇာနည်ထွန်း

ပျောက်ဆုံးကြောင်း

ဦးထွန်းလင်းသန့်[၁၁/ဘလန(နိုင်)၁၈၉၅၁၁]၏ သင်္ဘောသားမှတ်ပုံတင်စာအုပ်အမှတ်(CDC-73029)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၃၅၈၃၁

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စော/တောင်ရပ်ကွက်၊ အမှတ်-၁၄(က)၊ လျှပ်စစ်ရိပ်သာ၊ ကျောင်းလမ်းနေ သားဖြစ်သူကိုလင်းနိုင်[၁၂/အလန(နိုင်)၁၃၅၄၁၅]သည် ကျွန်တော်၊ ကျွန်မတို့၏ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိဘများ၏ ဂုဏ်သိက္ခာကျဆင်းအောင် ၎င်း၏သဘောအတိုင်း ပြုမူလုပ်ဆောင်နေပါသဖြင့် ယနေ့ကြေညာသည့်နေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့်ကိစ္စအားလုံး ကျွန်တော်၊ ကျွန်မတို့နှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်-ဦးမြဝင်း
[၁၂/သကတ(နိုင်)၀၁၉၄၄၆]
မိခင်-ဒေါ်မြသီ
[၁၂/အလန(နိုင်)၀၁၉၅၃၄]

[illegible]

[illegible]

SUNN - [illegible]

ချယ်ရီ **အမျိုးသမီးအပ်ချုပ်သင်တန်း**

ဂျပန်ပြည်ရှိ ဆူဂျင်နိုကောလိပ် (Sugino College of Dress Making) မှ သင်ကြားပေးသည့် နည်းအတိုင်း ဘာသာစုံကို သိပ္ပံနည်းကျကျဖြင့် သင်ကြားပေးနေပါသည်။

၃လွှာ၊ အမှတ်(၀၉၄)၊ လမ်း(၅၀)၊ ဖုန်း-၂၉၇၃၅၄

"ရောင်းမည်"

၁။ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ ဒဂုံရွှေမျှားလမ်း၊ (60'×50') တစ်ထပ်တိုက် (၁)လုံး၊ (၂)ထပ်တိုက်(၁)လုံး ဆိုဈေးသိန်း (၁၁၀၀)

၂။ လှိုင်သာယာမြို့နယ်၊ အရှေ့ပိုင်း ရပ်ကွက်၊ သမကွန်းအဝိုင်းအနီး၊ ပေ(၂၀)လမ်း၊ (20'×60') တစ်ထပ်တိုက် (၁)လုံး၊ ကွန်ကရစ်လမ်း၊ ဆိုဈေးသိန်း (၃၅၀)၊ ဆက်သွယ်ရန်- Ph - 09-73069070

Myjobs
.com.mm
Myanmar's No.1 Job Site

လုပ်ငန်းအတွေ့အကြုံရှိသော
B.E / M.E (Electronic Communication),
B.C.Sc (Network Engineer)များ
လာရောက် ဆက်သွယ် နိုင်ပါသည်။

English 4 skills ကျွမ်းကျင်ရမည်။
Telecommunication ပိုင်းနှင့် ပတ်သက်၍
နားလည်တတ်ကျွမ်းမှု ရှိရမည်။

Address
No.3, Mindama Road, ShweKabar Housing (5th Street),
Mayangone Township, Yangon, Myanmar.
Website : www.myjobs.com.mm, Email: info@myjobs.com.mm,
Phone : 01-4411361/4411362 (9AM to 6PM)

မင်္ဂလာညွှန့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နေ ဦးသန်းထွန်း-ဒေါ်ခင်စောဝင်းတို့၏သား

ဗိုလ်ကြီးကျော်ညီလင်း

B.C.Sc (D.S.A)M.C.Sc (D.S.A)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နေပြည်တော်

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)-ဒေါ်နွဲ့ညို(စာရင်းစစ်-ငြိမ်း)တို့၏သမီး

ဒေါက်တာခိုင်နွယ်ဝင်း

B.Arch (M.T.U),M.Arch (Y.T.U),Ph.D (Architecture) (M.T.U)ဒုတိယပါမောက္ခ

(သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ နေပြည်တော်)

တို့၏ ၂၃-၂-၂၀၁၃ရက်(စနေနေ့)တွင် Park Royal Hotel ၌ စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာအခမ်းအနားကို ကြွရောက်ပေးပါသော နှစ်ဖက်သောဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော သီရိသုမင်္ဂလာဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူး) ပြည်ထောင်စုရှေ့နေချုပ်ရုံးအားလည်းကောင်း ၂၃-၄-၂၀၁၃ရက်(အင်္ဂါနေ့)တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာကထိန်ဆွမ်းစားဆောင်(ကမ္ဘာအေး)တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၄-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ Sedona Hotel Grand Ball Room တွင် ကျင်းပသော မင်္ဂလာညွှန့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဗိုလ်ချုပ်ကျော်ဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်ခင်စန်းသိန်းအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်ချုပ်မြဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်သန်းသန်းဝင်းအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီးဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဇနီးဒေါ်သီတာစိုးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ကြွရောက်ချီးမြှင့်ပေးပါသော သီဟသူရမင်းဇေယျတရဲ ဆင်မင်းဦးတင်ရွေနှင့် ဇနီးဒေါ်ကြည်ကြည် (ဆင်မင်းဆပ်ပြာစက်)အားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၏ဇနီး ဒေါ်စိုးဝတ်ရည်အားလည်းကောင်း၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၆)မှ သူငယ်ချင်းများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ရတနာဦး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော Cupid တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပနီးကြဲပေးပါသော မစောပြည့်စုံ၊ မင်္ဂလာအောင်စံပယ် ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မအေးမြတ်မွန်နှင့် မနွယ်နီဝင်း၊ မင်္ဂလာသတို့သားအရံအဖြစ် ကူညီပေးပါသော ဗိုလ်ကြီးအောင်ကိုဝင်းနှင့် ဗိုလ်ကြီးချမ်းသာ၊ မင်္ဂလာသတို့သမီးအရံအဖြစ် ကူညီပေးပါသော မသီနွယ်ဝင်းနှင့် မဝတ်ရည်တင့် မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်၊ ဆံပင်အလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့သားများ၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံများရိုက်ကူးပေးပါသော Cupid အဖွဲ့သားများ၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညွှန့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆရာသမားများ၊ ဆွေမျိုးများ၊ မိတ်ဆွေများ၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဟာများအားလည်းကောင်း၊ မင်္ဂလာညွှန့်ခံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းနှင့် ကျေးဇူး တင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်ညီလင်း-ဒေါက်တာခိုင်နွယ်ဝင်း

Fraternity Enterprise., Ltd.မှအောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။ အမှတ်(၇)၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (ပြည်တွင်း၌သာခန့်ထားရန်)

(1) Medical Representative ကျား/မ (5)Posts
(M.B.B.S,B.D.S,B.V.Sc,Pharmacists) ဘွဲ့တစ်ခုခုရရှိပြီးသူ၊
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူ၊ ရိုးသားကြိုးစားသူ ဖြစ်ရမည်။
လစာ (200000-500000)

(2) Sales & Marketing Manager ကျား/မ (5)Posts
(B.E,B.Tech,B.Pharm,B.V.Sc (သို့) Sales & Marketing)နှင့်ဆိုင်သောဒီပလိုမာရရှိပြီးသူ၊
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူ ရိုးသားကြိုးစားသူဖြစ်ရမည့်။
လစာ (200000-400000)

(3) Supervisor ကျား/မ (5)Posts
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူ (သို့)အရောင်းနှင့်ပတ်သက်သော
ဒီပလိုမာရရှိပြီးသူ ဈေးကွက်ရှာဖွေမှုလုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူ၊
ရိုးသားကြိုးစားသူဖြစ်ရမည်။ လစာ (90000-150000)

(4) Graphic Designer ကျား/မ (3)Posts
(Photoshop,IIlustrator, CoralDraw) ကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊
ဒီပလိုမာရရှိပြီးသူ၊ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူဖြစ်ရမည်။
လစာ(150000-350000)

(5) Salesman ကျား/မ (10)Posts
အနိမ့်ဆုံးပညာအရည်အချင်းတက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူထက် ရိုးသားကြိုးစားသူ အလုပ်လုပ်ချင်စိတ်အပြည့်အဝရှိသူဖြစ်ရမည်။ လစာ(60000-100000)

လျှောက်ထားသူများအားလုံးသည် နေရာဒေသမရွေးတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ မိမိကိုယ်ရေးရာဇဝင်သက်ဆိုင်ရာကျွမ်းကျင်မှုလက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံအကျင့်စာရိတ္တကောင်းမွန်ကြောင်းရပ်ကွက်ထောက်ခံချက်၊ ပြစ်မှုတင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်တို့နှင့်အတူကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်သေတ္တာအမှတ်(၃၅၁)သို့ဖြစ်စေ ပေးပို့လျှောက်ထားနိုင်သည်။

အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မလမျိုးနွယ် [၁၃/တကန(နိုင်)၂၈၅၇၆၇] ကိုင်ဆောင်သူသည် မိမိသဘောဖြင့် ၂၈-၁-၂၀၁၁ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် နောက်နောင်ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကြေညာအပ်ပါသည်။

ကိုမော်ထွန်းဦး
[၁၂/သကတ(နိုင်)၀၀၂၅၃၃]

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်လတ်လတ်စိုး [၇/ရတန(နိုင်)၀၇၀၃၄၃]မှ ဒေါ်ခိုင်ခိုင်စိုး [၇/ရတန(နိုင်)၀၀၅၉၅၄]အား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၂၉-၁၂-၂၀၀၆ရက်၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၆၀၉/၂၀၀၆ ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခဲ့သည်ကို ယနေ့ ၂၆-၄-၂၀၁၃ ရက်တွင် ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း ဒေါ်ခိုင်ခိုင်စိုးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်လတ်လတ်စိုး
[၇/ရတန(နိုင်)၀၇၀၃၄၃]
ဖုန်း-၀၉-၄၂၃၇၅၂၀၈၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၀၀၃၉)၊ မြေကွက်တည်နေရာအမှတ်(၁၁၃၉)၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက်(ဦးမောင်မောင်မြင့်)(CE-၀၉၅၈၂၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးမောင်မောင်မြင့် ကွယ်လွန်သဖြင့် ဒေါ်မြသန်းမှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GP ၁၉၉၉၂/၁၂(၁၉-၁၂-၁၂)ဖြင့် ဦးသူရလင်း[၇/ညလပ(နိုင်)၁၉၂၂၂၅]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၅၅၅)မြေ ကွက်တည်နေရာအမှတ်(၅၅၅)၊ စဝါယံ(၂)လမ်း၊(ဒေါ်ထွေး) [၁၂/ဥကမ(နိုင်)၁၀၉၃၁၀] အမည်ပေါက် နှစ်(၆၀)ဂရန် မြေအားအမည်ပေါက် မခင်ဒေါ်ထွေး၊ ဖခင်ဦးကျော်ညွန့် ကွယ်လွန်သဖြင့် ဒေါ်ရီရီညွန့်[၁၂/ဥကမ(နိုင်)၀၉၄၁၃၃]ကတစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်၊

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀ဒီ၊ မြေကွက်အမှတ် ၄၅၈/၅ဘီ+ ၄၅၈အက်ဖ်/၅ဘီ၊ မြေကွက်တည်နေရာအမှတ်(၂၃၆)၊ မမစေတီလမ်း၊ ဗဟန်းမြို့နယ်၊ (ဒေါ်ခင်ယံ) အမည်ပေါက် မြေပင်မြေအားအမည်ပေါက် ဒေါ်ခင်ယံ ကွယ်လွန်သဖြင့် ရန်ကုန်တိုင်းတရားရုံး ၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၆ ၏ စီရင်ချက်၊ ရန်ကုန်တိုင်းတရားရုံး ၂၀၀၅ခုနှစ် တရားမဇာရီမှုအမှတ် ၂၀၀၅၏ ထုတ်ဆင့်စာ တရားရှင် (၁) [၉/မရမ(နိုင်)၀၀၂၄၄၁]၊ (၂) ဒေါ်ခင်ဆွေမ [၁၄/ပပတ(နိုင်)၀၀၆၀၁၀]တို့က သားသမီးတော်စပ်ကြောင်း သေစာရင်းအမွေစေ့စပ်အဖြစ် ရထိုက်ကြောင်း တရားရုံးဒီကရီတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၁၆၀၇/က)၊ မြေကွက်တည်နေရာအမှတ်(၁၆၀၇/က)၊ လမ်းသစ်(၀)လမ်း၊ (၁) ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ရင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရင်(မိခင်)နှင့် ဦးကြည်မြိုင် (ဖခင်)ကို ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးမောင်မောင်ကြည်[၁၂/သကတ(နိုင်) ၁၄၈၃၂၁]မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ်(၂/၃)၊ မြေကွက်တည်နေရာ (၃)၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဒေါ်အင်ကြီ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အင်ကြီ(မိခင်)နှင့် ဦးသိန်းထွန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးသိန်းလှ[၁၂/ဒပန(နိုင်)၀၃၁၉၄၇]၊ ဦးမျိုးသန်း [၁၂/ဒပန(နိုင်)၀၂၉၅၃၂]၊ ဒေါ်ခင်ကျသိန္န [၁၂/သကတ(နိုင်)၀၄၂၈၄၈]၊ [illegible] [၁၂/ဒပန(နိုင်) ၀၄၂၆၆၀]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း နှင့် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ (ခုတင် ၅၀၀)၏ သေဆုံးခြင်း လက်မှတ်တို့ [illegible] ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စပါယ်ရှယ်ပါဝါဖျက်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၈)ရပ်ကွက်၊ မြေကွက်အမှတ်(၁၉၂) အားပိုင်ရှင် ဦးကျော်ငြိမ်း[၁၂/ကမရ(နိုင်) ၀၀၉၈၃၉]မှ ဦးကာရဏ [၁၂/အလန(သ) ၀၀၀၃၅၄]အား လွှဲထားသော စပါယ်ရှယ်ပါဝါအား မြန်လည်ရုပ်သိမ်းပါသည်။

ဦးကျော်ငြိမ်း[၁၂/ကမရ(နိုင်)၁၁၉၈၃၉]

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

ကျေးဇူးကြီးမားလှပါသော ချစ်ဖေဖေ **ဦးခင်မောင်ဌေး** (CHIEF- Engineer) (Unitean Marine Co.,Ltd) - ချစ်မေမေ **ဒေါ်ချိုချိုရင်** တို့၏ ၁-၅-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ဝလ ရတုမသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သားများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာများ ရွက်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းဝါသည်။

ချစ်သားကြီး - ဖြိုးကဌေး-B.Sc (Computing & Information Systems) (Oxford Brookes University)

ချစ်သားငယ် - ခွန်းချိုသာဌေး B.A(Hons) Business Administration (Northumbria University, UK)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်နိုင်ငံ၊ ဘော်စတန်မြို့ No.686 Main Street, Malden နေ (ဦးသက်ထွန်း)-ဒေါ်သန်းသန်းမြင့်တို့၏သား

မောင်သိန်းဇော်ဦး Bachelor of Engineering (Mechanical)
Wentworth Institute of Technology
Assit project Engineer (Fraser Paper Co.Ltd)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၀၁)မြန်မာ့ဂုဏ်ရည်လမ်းနေ ဦးစံလင်-ဒေါ်ချိုချိုဝင်းတို့၏သမီး

ဒေါက်တာဆုမွန်သွယ် (M.B.B.S)Ygn

တို့သည် ၂၆-၄-၂၀၁၃ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့ M3 food Center (ပဲတောက်ခန်းမ) ၌ နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်သိန်းဇော်ဦး - Dr. ဆုမွန်သွယ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဝဇန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀ဂျေ၊ မြေကွက်အမှတ်- II ၃၆၊ မြေကွက်တည်နေရာအမှတ(၃၃၃၅)၊ ၅၄လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ကိုကိုကြီး၊ မောင်မောင်ကြီး၊ အရယ်မရောက်သ မောင်ကြည်(အုပ်ထိန်းသူ)ဒေါ်တီ အမည်ပေါက် နှစ်(၉၀)ဂရန်သက်ကန်မြေအားအမည်ပေါက် နှစ်ဦးဖြစ်သူ ဦးမောင်မောင်ကြီးနှင့် ဦးမောင်ကြည်တို့အသီးသီး ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်-၁၇၀၀/၂၁၁၁(၁၁-၃-၂၁၁၁)အရ မနီကါစုလတန်(ခ)ဒေါ်တင်တင်ကြည်+၁၁ဦးမှပိုင်ဆိုင်ပြီး ၎င်းတို့(၁၂)ဦးအနက်မှ တစ်ဦးဖြစ်သူဦးဇော်လွင်[၁၂/ပဇတ(နိုင်)၀၂၆၃၀၀]၊ (ဦးမောင်ကြည်၏ဝင ဆင်ခွင့်အစ)မှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်ရစ်သူများ(၁) မနီကါစုလတန်(ခ) ဒေါ်တင်တင်ကြည်[၁၂/ပဇတ(နိုင်)၁၁၈၁၇၅]၊ (၂)ဦးထွန်းလင်[၁၂/ပဇတ(နိုင်)၁၁၈၁၇၈]၊ (၃)ဒေါ်ခင်ခင်ရွှေ[၁၂/ပဇတ(နိုင်)၁၁၈၁၇၄]၊ (၄)ဒေါ်ခင်မေမေ[၁၂/ပဇတ(နိုင်) ၁၁၈၁၇၉]၊ (၅)ဒေါ်ခင်မေထွေး[၁၂/ပဇတ(နိုင်)၁၂၈၈၉၆]၊ (၆)ဒေါ်အေးဇာနည်ထွန်း[၁၂/ပဇတ(နိုင်)၁၃၁၈၂၈]တို့နှင့် (၇)ဒေါ်တင်တင်အေး[၁၂/ပဇတ(နိုင်)၁၁၈၁၇၇]၊ (၈)ဒေါ်ခင်သီတာ[၁၂/ပဇတ(နိုင်)၁၁၈၁၇၂]၊ (၉)ဒေါ်စန္ဒာဝင်း[၁၂/ပဇတ(နိုင်)၁၂၆၄၈၁]၊ (၁၀)ဒေါ်သီဂီဝင်း[၁၂/ပဇတ(နိုင်)၁၁၄၆၆၈]၊ (၁၁)ဒေါ်မိုးသန္တာဝင်း [၁၂/ပဇတ(နိုင်)၁၂၇၇၄၅]တို့က တရားရုံးကတိသစ္စာပြုလွှာတင်ပြ၍ ပူးတွဲအမည်ပေါက်တစ်ဦးဖြစ်သူ ဦးကို ကိုကြီး[၁၂/ပဇတ(နိုင်)၁၁၈၁၇၀]နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ၃၂လမ်း၊ အမှတ်(၀၂၅)၊ မြေညီထပ်(အလယ်ခန်း)အခန်းအမှတ်(၂)တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကွယ်လွန်သူ ဦးဘကြူ၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်နှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ သား၊ သမီးများဖြစ်ကြသော ဦးသန်းမောင်[၁၂/ပဘတ(နိုင်)၁၂၀၅၂၇]ပါ၆ဦးတို့ထံမှ အပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေကဝစည်းတန်ဖင့်ဌေး၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကြေးစရန်ငွေအဖြစ် ၂၄-၄-၂၀၁၃ရက်က ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ ကန့်ကွက်အရေးဆိုလိုသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းအောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၀၀၈၅)
အမှတ်(၇၉)၀၀၀လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၅၇၄၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သယ်န်းကျွန်းမြို့ကွက်အမှတ်(၂၉/က)၊ ဦးပိုင်အမှတ်(၅/ခ)နှင့် ၂-၃-၄-၆ ဧရိယာဧက (၁၅. ၈)ဧကတွင်အနက်မှ အကျယ်အဝန်းပေ(၂၅x၄၀)ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၇)၊ သမာဓိ(၂)လမ်း၊ (ဆ/က)ရပ်ကွက်ဟု ခေါ်တွင်သည့် ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးယစန်(KRGN-၁၁၄၉၃၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ၂၆-၄-၂၀၁၃ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီးဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဝင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာ ဝါသည့်နေ့မှစ၍(၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်မြိုးအောင် (LL.B.DBL)
အထက်တန်းရှေ့နေ
အမှတ်(၅၀)အေ-၁၇၊ ဘဏ်လပ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၄၄၈၀၄၈၂၃၂

ဦးသိန်းမြင့်[၁၂/အစန(နိုင်)၁၄၅၁၂၂]နှင့်အများပြည်သူများသိစေရန်ကြေညာခြင်း

ဦးကျော်အေး[၁၂/မဘန(နိုင်)၁၈၉၁၂၃]မှ တ/၁၅ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ ဦးသိန်းမြင့်[၁၂/အစန(နိုင်)၀၄၅၀၂၂]အား လွှဲအပ်ခဲ့သောအထွေထွေကိုယ်စားလှယ်လွှဲစာအား ၁၁-၃-၂၀၀၁ရက်က သက်သေများရှေ့မှောက်စုတ်ဖြဲပြီးဖြစ်၍ ဦးကျော်အေးကိုယ်စားလုပ်ကိုင် ဆောင်ရွက်ပိုင်ခွင့်မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဝင်း (စဉ်-၅၆၉၈)
L.LB WIPO D.I.P (Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၈၅)မြေညီထပ်၊ (၁၉)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၁-၂၅၂၅၁၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ယ)ရပ်ကွက်၊ ဝေပုလ္လ(၆)လမ်း၊ အိမ်အမှတ်(၀၈၉၂)၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် အိမ်၏အမည်ပေါက် ဦးကြူ(PGU-126407)ထံမှ အဆင့်ဆင့် တရားဝင်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားရှိသူ ဦးကျော်ဝင်း[၀၃/လလန(နိုင်)၀၀၇၂၀၄]ထံမှ ဒေါ်နီလာဝင်း[၀၄/ပသန(နိုင်)၀၂၅၉၃၅]က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါ အိမ်အပါ မြေကွက်နှင့်ပတ်သက်၍ ပတ်သက်သက်ဆိုင်သူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LL.B)
တရားလွှတ်တော်ရှေ့နေ
(၈ဉ-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုစဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အနောက်ပိုင်းခရိုင်တရားရုံးတော်၊ ဒုတိယခရိုင်တရားသူကြီး(၆)
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၆

ဦးခင်မောင်ဝင်း — နှင့် — ဦးစောအဲ(လ်)ဘတ်(ခ)စောခိုအေး
တရားလို — **တရားပြိုင်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သီထာလမ်း၊ အမှတ်(၆၀)၊ ၈လွှာတွင်နေထိုင်သော (ယခုနေရပ်လိပ်စာမသိ) ဦးစောအဲ(လ်)ဘတ်(ခ)စောခိုအေးအား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားသူအား ဥပစာမှ နှင်ထုတ်ဖယ်ရှား ထုတ်ခွာသွားစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များထို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ မေလ ၂၇ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်ကိုယ်တိုင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားထိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပိုလိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဧပြီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(တင်မောင်လတ်)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုစဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅
တိုက်ကြီးမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးအမှုအမှတ်(၁၉)

ဦးသိန်းစိုးအောင်	နှင့်	ဒေါ်ခင်အေးလင်း
အရှေ့ပိုင်းရပ်ကွက်၊		အမှတ်(၀၂)၊ ရွာလယ်လမ်း၊
ဖူးကြီးကျေးရွာ၊		ပုတ္တကျေးရွာ၊ တာခွကျေးရွာအုပ်စု၊
မော်ဘီမြို့နယ်		တိုက်ကြီးမြို့နယ်
		(ယခုနေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်**

တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စု၊ ပုတ္တကျေးရွာ၊ ရွာလယ်လမ်း၊ အမှတ်(၀၂)နေ ဒေါ်ခင်အေးလင်း(ယခုနေရပ်လိပ်စာမသိ) သိရှိစေရမည်။

သင့်အပေါ် တရားလို ဦးသိန်းစိုးအောင်က အရောင်းအဝယ်ပြုသော (အိမ်နှင့်ခြံမြေ တန်ဖိုးကျန်ငွေ ကျပ်(၂)သိန်းကို လက်ခံ၍ တရားလိုအား အိမ်နှင့်ခြံမြေကို လက်ရောက်လွှဲပြောင်းပေးစေလိုမှု (သို့မဟုတ်) ရယူသွားသောစရန်ငွေနှင့် ထိုစရန်ငွေ၏ (၂)ဆ၊ နှစ်ရပ်ပေါင်းဖြစ်သော ကျပ်ငွေ(၃၃)သိန်းရလိုမှု) လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက် (၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှုပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပိုလိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ ၄ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်သိန်း)
တွံ့ဖကိမြို့နယ်တရားသူကြီး
တိုက်ကြီးမြို့နယ်တရားရုံး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်တွန်းတွန်းလင်း[၁၃/တကန(နိုင်)၀၄၁၈၅၆]သည် မိဘအား လွန်စွာစိတ်ဆင်းရဲ သောကရောက်အောင်ပြုမူပြီး မိမိသဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် ၂၆-၄-၂၀၁၃ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသိန်းဟန်[၁၃/တထန(နိုင်)၁၂၆၁၃၃]

(၃၇)နှစ်မြောက်မင်္ဂလာဆုတောင်း

၂၀-၄-၂၀၁၃ ရက်တွင် ကျရောက်ခဲ့သော သူငယ်ချင်းဇနီးမောင်နှံ **ကိုငွေဝင်းနှင့်မအေးအေးဖြူသော်**တို့၏ (၃၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးများကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက်-

ရန်ကုန်နှင့်မန္တလေးမြို့ရောက်
မိုးကုတ်မြို့မှ ငယ်သူငယ်ချင်းများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၁၁၂၈၊ မြေကွက်တည်နေရာအမှတ်-၁၁၂၈၊ နဝရတ်လမ်း၊ ၂၄ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း (ဦးကြီးမြင့်) [၁၂/မဂတ(နိုင်)၀၆၈၅၄၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည်[၁၂/မဂတ(နိုင်)၀၆၈၄၆၆]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၈၁၂၊ မြေကွက်တည်နေရာ အမှတ်-၈၁၂၊ ဇီဇဝါ(၃)လမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံတောင်၊ (ဦးကြီးမြင့်)[၁၂/မဂတ(နိုင်)၀၆၈၅၄၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည်[၁၂/မဂတ(နိုင်)၀၆၈၄၆၆]က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၅၆၂၊ မြေကွက်တည်နေရာအမှတ်-၅၆၂၊ မြရတနာ(၂)လမ်း၊ ၂၄ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း (ဦးကြီးမြင့်)[၁၂/မဂတ(နိုင်)၀၆၈၅၄၉] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့်ကွယ်လွန်သဖြင့် ဒေါ်အမာကြည်[၁၂/မဂတ(နိုင်)၀၆၈၄၆၆]က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃အေ-၄၊ မြေကွက်အမှတ်-V class-၂၄၅၊ မြေကွက်တည်နေရာအမှတ်(၂၃)၊ ကျောက်မြောင်းဈေးလမ်း၊ ပျဉ်းရေအိုးစင်၊ ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ (မောင်အေးမောင်နှင့်မငွေကြည်) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအားအမည်ပေါက် မောင်အေးမောင်နှင့် မငွေကြည် ကွယ်လွန်သဖြင့် ဦးမြင့်ကျော်[၁၂/တမန(နိုင်)၀၃၃၂၅၅]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀တိုးချဲ့၊ မြေကွက်အမှတ်-၉၊ မြေကွက်တည်နေရာအမှတ်-၉၊ ၁၀တိုးချဲ့ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်(ဦးမြသောင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြသောင်း ကွယ်လွန်သဖြင့် ဦးဇော်မင်းဦး[၁၂/ဗဟန(နိုင်)၀၅၀၇၁၃]၊ ဒေါ်ကေးသီတာ[၁၂/ဗဟန(နိုင်)၀၀၂၀၆၆]တို့မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စနစ်ပြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စ)၊ မြေကွက်အမှတ်(၀/၀၅)၊ မြေကွက်တည်နေရာအမှတ်(၂၂၀)၊ မဥ္ဇူလမ်း၊ ဉာဏရပ်ကွက်ရှိ ဦးထွန်းငယ်(ခ)ယဟုတ်ချမ[၀၂/မရက(နိုင်)၀၀၀၉၀၅]အမည်ပေါက်သော နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်မှ အထွေထွေကိုယ်စားလှယ်လွှဲစာ (၂၃-၀၂-၂၀၀၀) ပေးထားသည်မှာ သက်တမ်းကျော်လွန်နေပါသဖြင့် Special powerရရှိသူ ဦးထွန်းဝင်း[၀၃/လရန(နိုင်)၀၅၀၂၇၈]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၄-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၂၀ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်တွင် ရန်ကုန်မြို့၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ၁၄ရပ်ကွက်၊ အမှတ်-၆၈၉အစား အမှတ်-၆၉၈ဟုလည်းကောင်း၊ ဦးလဝေ[၁၂/မဂဒ(နိုင်)၀၁၈၆၇၇]အား ဦးလဝေ[၁၂/မဂတ(နိုင်)၀၁၈၆၇၇]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်း(B)ရှိ မခင်သူရစ်၊ အနောက်ရပ် အခြေခံပညာအလယ်တန်းကျောင်း ဆဌမတန်းမှ မောင်ကျော်သူစံ၊ တတိယတန်းမှ မောင်ဖြိုးကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုးပိုင်ဖြစ်ကြောင်း။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးညီညီကျော်ဇေယျ[၀၂/ကပတ(နိုင်)၀၅၉၉၀၂]နှင့် ကျွန်မဒေါ်ဇင်မာလင်း[၀၂/မဂဒ(နိုင်)၀၀၀၃၀၇]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၃-၄-၂၀၀၃ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ညီညီကျော်ဇေယျ၊ ဇင်မာလင်း

လုံးဝပသက်ဆိုင်တော့မါကြောင်း

မိုးကုတ်မြို့၊ အောင်ချမ်းသာရပ်နေ ဦးခင်မောင်လတ်(ခ)အေဘိုင်း[၉/ မကန(နိုင်)၀၈၈၀၈၄]သည် မိသားစုအသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်ပါသဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ သူသည် ကျွန်တော်၊ ကျွန်မတို့၏ အသိုင်းအဝိုင်းနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝ ပြဿနာများကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း အသိပေးအပ်ပါသည်။

ရှုဒရာပါ(ရ်)ဆပ်-တင်ဒူး
နီမာနမ်း-ဆွေမျိုးများ

အထူးကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ I.B.C ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော အာစရိယပူဇော်ပွဲ၌ အားတက်သရော ပါဝင်လှူဒါန်းကူညီခဲ့ကြသော ပြည်တွင်း၊ ပြည်ပမှ ကျောင်းသူဟောင်းများ၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အဘက်ဘက်မှ သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြသော တပည့်ဟောင်းများအားလုံးကို ကျေးဇူးတင်ရှိပါသည်။ တြရောက်ကန်တော့ခံကြသော ဆရာ၊ ဆရာမကြီးများနှင့် ပန်းစည်းပေးပို့ချီးမြှင့်ပါသော ဆရာမကြီးအားလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

ယခင် St. Philomena's နှင့်
(၁၉၈၀)ခုနှစ်ထိ အထက(၂)စမ်းချောင်း
အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်-၅၅၄၊ မြေကွက်တည်နေရာအမှတ်(၅၅၄)၊ ၄၇ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ (ဒေါက်တာမြမြအေး) အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဒေါက်တာမြမြအေးထံမှ GP-၃၈၄၂/၀၂(၀၄-၂-၀၂)ဖြင့် ဒေါက်တာကျော်သက်လူ[၀၂/လသန(နိုင်)၀၀၀၆၉၈]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-လေးဒေါင့်ကန၊ မြေကွက်အမှတ်-၈၀၅၊ မြေကွက်တည်နေရာအမှတ်-၃၈၀၊ ကနဦးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်း၊ (ဦးပြူး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးပြူးထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဆီရာဇမျာ(ခ)ဦးထွန်းချို[၀၂/သဃက(နိုင်)၀၉၀၀၃၇]က ပါမစ်ပျောက်ဆုံးကြောင်း ကတိသစ္စာပြုလွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိ ဝန်ခံချက်တို့တင်ပြ၍ လျှောက်ထားလာရာ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၀၃၊ မြေကွက်အမှတ်-၀၀၇၀/က၊ မြေကွက်တည်နေရာအမှတ်-၀၀၇၀/က၊ ယသာဝတီ(၀၇)လမ်း၊ ၀၃ ရပ်ကွက်၊ တောင်ဥက္ကလာပ(ဦးရှိန်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရှိန်းနှင့်ဇနီး ဒေါ်စိန်ကျော့၊ (သား)ဦးကျော်ထွန်းလွင်တို့ အသီးသီးကွယ်လွန်သဖြင့် ဦးစံတင်[၀၂/ဗဟန(နိုင်)၀၈၈၂၄၇]၊ ဒေါ်ဝေဝေထွန်း[၀၄/ဝခမ(နိုင်)၀၆၁၄၀၉]တို့က သားနှင့်ချေးမ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၈၉၀/က၊ မြေကွက်တည်နေရာအမှတ်-၈၉၀/က၊ ဇီဇဝါ(၂)လမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း (ဦးကြည်ဝင်း)(TGA-012360)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးကြည်ဝင်းထံမှ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်-၄၃၀၄၊ ၃-၉-၀၂ ဖြင့် ဝယ်ယူထားသူ ဦးကြီးမြင့်[၀၂/မဂထ(နိုင်)၀၆၈၅၄၉]သည် ကွယ်လွန်၍ ဒေါ်အမာကြည်[၀၂/မဂတ(နိုင်)၀၆၈၄၆၆]မှ တရားဝင်ဇနီးဖြစ်ကြောင်း ကတိသစ္စာပြုလွှာများထင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၇၀၄၊ မြေကွက်တည်နေရာအမှတ်-၇၀၄၊ မြရတနာ(၅)လမ်း၊ ၂၄ရပ်ကွက်၊ တောင်ဒဂုံ၊ ဦးကြီးမြင့်[၁၂/မဂတ(နိုင်)၀၆၈၅၄၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည်[၁၂/မဂတ(နိုင်)၀၆၈၄၆၆]က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၇၉၈၊ မြေကွက်တည်နေရာအမှတ်-၇၉၈၊ မင်္ဂလာလမ်း၊ ၂၄ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (ဦးကြီးမြင့်)[၁၂/မဂတ(နိုင်)၀၆၈၅၄၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့်ကွယ်လွန်သဖြင့် ဒေါ်အမာကြည်[၁၂/မဂတ(နိုင်)၀၆၈၄၆၆]က တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၇၅၂/ခ၊ မြေကွက်တည်နေရာအမှတ်-၇၅၂/ခ၊ စစ်ကိုင်း(၂၅) လမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပ(ဦးခင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်ထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးသိန်းအောင်[၁၂/ဥကတ(နိုင်)၀၀၅၄၈၄]က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံး ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်၊ (မြည်တွင်း၌သာခန့်ထားရန်)
21 AD Co.,Ltd
Marketing ဝန်ထမ်း(၂)ဦးအလိုရှိသည်။ (အမျိုးသမီး)
ဘွဲ့ရ၊ အသက် ၃၀အောက်၊ ရုပ်ရည်အသင့်တင့်ရှိရမည်။ သွက်လက်ချက်ခြာရမည်။ လစာ ၁၂၀၀၀၀+(%)၊ ရုံးချိန် ၉း၀၀ → ၁၂း၀၀၊
(၁)ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားရန်။
လျှောက်လွှာနှင့်အတူ (CV)အကျဉ်း၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ဓါတ်ပုံ(၁)ပုံ၊ လေဘာမိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ။
အမှတ်-၂၃၈(ဒုထပ်)၊ ၃၉လမ်း(အထက်)။

အကောင်းဆုံး ထုတ်ကုန်များ ၊ မိုဘိုင်းဖုန်းများ နှင့် ကားပြပွဲကြီး
BEST PRODUCTS EXPO' & CAR SHOW
နေ့ရက် - (11.5.2013 မှ 14.5.2013) နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
ပြပွဲစီစဉ်သူ - SMART BUSINESS GROUP. PH:01-656875,667473, 09-73014777,09-5099079

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ချောယုံ

အသက်(၉၇)နှစ်

ဦးဇော်ဝင်းရှိန်(အုပ်ချုပ်မှုဒါရိုက်တာ-ဇရာဟသ်ာကုမ္ပဏီများ အုပ်စု)-ဒေါ်ရွှေယင်းမာတို့၏ ချစ်လှစွာသော အဘွားဒေါ်ချောယုံသည် ၂၇-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစုများ
ဇရာဟသ်ာကုမ္ပဏီများအုပ်စု

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

2004 TOYOTA DYNA (LIGHT TRUCK DOUBLE CAB) 1.15 TONS, DIESEL TURBO, 5 MANUAL အပြာရောင် ၇ပနကား။

စုံစမ်းရန်ဖုန်း- ၀၉-၃၀၀၄၀၀၆၉

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ထိန်လင်း [၁၂/ဒဂတ(နိုင်)၀၈၅၄၇၈]၏ နိုင်ငံကူးလက်မှတ် အမှတ်-M-636065 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၉၀၀၆၂၁

အပည်ပြောင်း

ရန်ကုန်မြို့၊ အထက(၁) ဒဂုံ တတိယတန်း(င)တွင် ပညာသင်ကြားနေသော အဖ ဦးနန္ဒ ဖုန်းလွင်[၉/ပမန(နိုင်)၀၀၀၁၇၀]၏သား မောင်ဇဲသာထက်အား သာထက်နန္ဒဟု ပြောင်းလဲခေါ်ပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၀၃-၃-၂၀၁၃ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၁)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒဂုံမြောက်မြို့နယ် ဒေါ်လှသန်း+၅၏ မြေပုံကူးတွင်(၆)ဒေါ်မြင့်မြင့်ဝေအစား ဒေါ်မြင့်မြင့်ဝင်းဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	Oyster Cleaning Machine, Engine High Pressure Pump Assembly, Fibre Boat(33' × 10' × 2.8) & 60HP Yamaha Out Board Motor Engine	၁ စုံ
(ခ)	Bio Nucleus (6)မျိုးနှင့် Nucleus (၆)မျိုး	၈၃ ကီလို
(ဂ)	လောင်းလိုင်းသုံးပစ္စည်း	၀၀ မျိုး

၂။ တင်ဒါပိတ်သိမ်းမည့်နေ့ရက်မှာ ၃-၆-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၀၆း၃၀နာရီ ဖြစ်ပြီး ၄-၆-၂၀၁၃ရက် နံနက် ၀၀း၀၀နာရီတွင် ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၀၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ကျေးဇူးအထူးတင်ရှိခြင်း

ဗိုလ်မှူးချုပ်နေဝင်း(ငြိမ်း)
ဒုတိုင်းမှူး(ငြိမ်း)လပခ
အသက်(၆၆)နှစ်

၁၈-၄-၂၀၁၃ရက်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ မိဒန်တာဆေးရုံတွင် ကွယ်လွန်သွားရှာသော ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးချုပ်နေဝင်း(ငြိမ်း)၏ ရုပ်အလောင်းအား ကူညီဆောင်ရွက်ပေးခဲ့ကြပါသော မြန်မာနိုင်ငံတော်သံရုံးမှ တာဝန်ရှိသူများ၊ မိတ်ဆွေများအားလည်းကောင်း၊ ဖုန်း၊ အီးမေးလ်၊ သတင်းစာများမှလည်းကောင်း၊ ပြောကြားလာကြပါသော မြန်မာနိုင်ငံအနှံ့မှစစ်ဘက်၊ နယ်ဘက်ပုဂ္ဂိုလ်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ ကျောင်းနေဖက်များ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ၂၄-၄-၂၀၁၃ရက်တွင် မန္တလေးမြို့နေအိမ်၌ ပြုလုပ်ခဲ့သည့် ရက်လည်ဆွမ်းသွတ် တရားတော်နာသို့ကြွရောက်ခဲ့သည့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် တစ်ဦးချင်းအားဆက်သွယ်၍ ကျေးဇူးတင်ရှိပါကြောင်းပြောမပြနိုင်ခြင်းကို ခွင့်လွှတ်ပေးပါရန် လေးစားမှုအပြည့်ဖြင့် ပန်ကြားအပ်ပါသည်။

ကျန်ရစ်သူ ဇနီးနန်းအေးမြနှင့် သားသမီးမြေးများ

မြန်မာ့လက်ရွေးစင်ဟောင်း

ဦးခင်မောင်ဝင်း
(ရေတပ်ဘောလုံးအသင်း)
၁-၅-၂၀၁၁မှ ၁-၅-၂၀၁၃

(၂)နှစ်ပြည့်တဲ့ချိန်ကာလ မနေ့ကလိုပဲထင်ရ
လွမ်းဆွတ်နေရတာသာ ဘယ်သောခါမှမေ့မရ
ကုသိုလ်ပြုတိုင်းပေးဝေရ ထပ်တူ အမျှရစေပ။

မမြ မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အိပပထွေး
အသက်(၃၁)နှစ်
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအတက်တန်းကျောင်း

ဆရာမ ဒေါ်အိပပထွေးသည် ၂၇-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

G-2(D)မှ **တပည့်များ**
ချိုးချိုး၊ မြတ်ကြည်ဖြူ၊ ကြယ်လေး၊ ဖူးပွင့်ကျော်

အထူးပမ်းနည်းကြေကွဲခြင်း

ဒေါ်အိပပထွေး
အသက်(၃၁)နှစ်
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအတက်တန်းကျောင်း

သူငယ်ချင်း ဒေါ်အိပပထွေး ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

T.T.C မှ **လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ**
P.G.D.T **အပတ်စဉ်(၆)**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အိပပထွေး
အသက်(၃၁)နှစ်
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း

သူငယ်ချင်း ဒေါ်အိပပထွေး ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

T.T.C မှ T.E.O(6) **သူငယ်ချင်းများ**

ရောင်းရန်ရှိသည်။

(1) ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ အဆင့်မြင့်ကွန်ဒို ၊ (၅)လွှာ ၊ဓါတ်လှေကားပါ။

ဆက်သွယ်ရန်
၀၉ ၅၁၂၂၅၁၂၊ ၀၉ ၄၀၁၆၂၈၄၂၄၊
၀၉ ၄၃၁၇၇၀၀၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄၊ မြေကွက်အမှတ်-၄၄၃၊ မြေကွက်တည်နေရာအမှတ်(၄၄၃)၊ သိင်္ဂီလမ်း၊ ၂၄ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (ဦးအုန်းရွှေ)(AA-079215) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအုန်းရွှေကွယ်လွန်သဖြင့် ဒေါ်စောယုမေ[၁၂/မဂတ(နိုင်)၀၇၉၀၅၉]က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်

Hotel, ဆီဆိုင်၊ စားသောက်ဆိုင် နေရာကောင်း၊ လားရှိုး၊ သိန္နီလမ်းမပေါ်၊ ခေ 110′ x 240′

နှင့်

သိန္နီလမ်းသွယ်၊ ဟကာလမ်း၊ ကျောင်းနီး၊ အိမ်ကောင်း၊ အခန်း (၁၄) ခန်းပေါင်း၊ ခေ 120′ x 80′

Ph: 09-73071037

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၈၊ မြေကွက်အမှတ်-၅၀၀၊ မြေကွက်တည်နေရာအမှတ်(၅၀၀)၊ ပတမြားလမ်း၊ လှိုင်သာယာမြို့နယ်၊ (ဒေါ်မြကြွယ်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြကြွယ် ကွယ်လွန်သဖြင့် ဦးမောင်ကျန[၁၂/အစန(နိုင်)၁၀၆၄၁၉]က တစ်ဦးတည်းသောခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကွန်ဒိုတိုက်ခန်းငှားမည်
အိုဝေ့မ်စ်တာဝါ
ဗိုလ်အောင်ကျော်လမ်း
၀၉ ၅၁၀၄ ၀၉၈၆ (ပွဲစားမလို)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ချောယုံ

အသက်(၉၇)နှစ်

ဝိတိုရိယဆေးရုံဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်နှင့်ဇနီး ဒေါ်ရွှေယင်းမာတို့၏အဘွား ဒေါ်ချောယုံ အသက်(၉၇)နှစ်သည် ၂၇-၄-၂၀၁၃ရက် (စနေနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝိတိုရိယဆေးရုံအုပ်ချုပ်မှုအဖွဲ့နှင့်
ဝိတိုရိယဆေးရုံဝန်ထမ်းများ

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးကျော်နိုင် B.E (Mechanical) 1991
စီမံကိန်းအင်ဂျင်နီယာ
အမှတ်(၄)ခေတ်မြေပြဇာစက်ရုံစီမံကိန်း(မြောင်းတကာ)
အသက်(၄၄)နှစ်
(၁-၅-၂၀၀၉မှ ၁-၅-၂၀၁၃)

သား မောင်ကျော်နိုင်

မိသားစုနှင့် ခွဲခွာသွားတာ(၄)နှစ်ပြည့်ပြီဖြစ်သော်လည်း သားရဲ့မေတ္တာနှင့်ကျေးဇူးတရားများကို အမြဲသတိရအောက်မေ့လျက်ရှိပါတယ်။ သားအားရည်စူးပြီး ကွယ်လွန်ခြင်း(၄)နှစ်ပြည့်သည့်နေ့ ၁-၅-၂၀၁၃ရက်တွင် ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်အတွင်းရှိ ထနားတပင်ကျောင်းတိုက်၊ ကျောင်းဆောက်လုပ်ရာတွင် ငွေကျပ်(၃)သိန်းလှူဒါန်းခဲ့ပါတယ်။

သားရေ အမျှ အမျှ အမျှ

ဖေဖေ(ဦးလှကြည်) မေမေဒေါ်သိန်းနွယ်နှင့်
ညီအစ်ကိုမောင်နှမ၊ တူမများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အိပပထွေး
အသက်(၃၁)နှစ်
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအတက်တန်းကျောင်း

သူငယ်ချင်း ဒေါ်အိပပထွေး ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

T.T.C Grade-2 မှ **လုပ်ဖော်ကိုင်ဖက်ဆရာမများ**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးမြိုင်
အသက်(၇၂)နှစ်
ကတိုးကော့နှပ်ရွာ

ဒုတိယဗိုလ်မှူးကြီးမောင်မောင်သန့်(ရေ)- ဗိုလ်ကြီးဒေါ်ယဉ်ယဉ်ထွေး (ဆရက-၁/၁၀၀၀)တို့၏မိခင် ဒေါ်အေးမြိုင်သည် ၂၄-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှတ်စဉ်(၃၄) စစ်တက္ကသိုလ်ဗိုလ်လောင်း
ကျောင်းဆင်းအရာရှိများ

ရခိုင်ပြည်နယ်ဝင့်မထွမ်း စုံဝမ်းမပ်ဆေးရေးကော်မရှင်၏ အကြံပြုချက်(ကောက်နုတ်ချက်)များနှင့် ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝန်ကြီးဌာနများ၊ လုပ်ငန်းအကောင်အထည်ဖော်မည့် ကော်မတီများ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင်အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင်အထည်ဖော်မည့် ကော်မတီ
၁။	**ဒုက္ခသည်များကိစ္စ** မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေး	(က) ရခိုင်လူမျိုးဒုက္ခသည်များကို အထိုက်အလျောက် နေရာချထားပြီးဖြစ်သော်လည်း ဘင်္ဂါလီလူမျိုး ဒုက္ခသည်များအား ပြန်လည်နေရာချထားပေးရန် အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်။ ရခိုင်လူမျိုးများက ဘင်္ဂါလီများကို နိုင်ငံသားစိစစ်မှုလုပ်ငန်းများ လုပ်ဆောင်ပြီးမှသာ နေရာချထားပေးရန် တောင်းဆိုနေပါသည်။ သို့ရာတွင် မကြာမီ မိုးကျလာတော့မည်ဖြစ်ရာ မိုးမကျမီ ဒုက္ခသည်များ လုံခြုံသော အမိုးအကာအောက် ရောက်ရှိရေးသည် အထူးအရေးကြီးပြီး ဦးစားပေး လုပ်ဆောင်ပေးရပါမည်။	နယ်စပ်ရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ နိုင်ငံတကာအဖွဲ့အစည်းများ	ဒေသတွင်း ယာယီနေရာချထား ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ
	ပြန်လည်နေရာချထားရေး	(ခ) ဘင်္ဂါလီဒုက္ခသည်စခန်းများသည် လူဦးရေသိပ်သည်းနေခြင်း၊ ရေကောင်းရေသန့် လုံလောက်စွာရရှိရေး၊ အိမ်သာများ လုံလောက်စွာစီမံပေးရေး၊ မိုးရာသီတွင် ဖြစ်ပွားလာနိုင်သည့် အခြေအနေများကို ကြိုတင်ခန့်မှန်းကာ လုပ်သင့်လုပ်ထိုက်သည်များ လုပ်ဆောင်ထားရပါမည်။	- ၎င်း -	ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ
	စာသင်ကျောင်းဖွင့်လှစ်နိုင်ရေး	(ဂ) ဘင်္ဂါလီဒုက္ခသည်စခန်းများရှိ ကျောင်းသား/သူများအတွက် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရပါမည်။	- ၎င်း -	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ
	အစားအစာဖူလုံရေးနှင့် အာဟာရချို့တဲ့မှုများ	(ဃ) အစားအစာဖူလုံရေးအတွက် လိုအပ်ချက်များ ကြိုတင်တွက်ချက်စီမံထားခြင်း၊ အာဟာရချို့တဲ့မှုများရှိနေ၍ တိုက်ဖျက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရပါမည်။	- ၎င်း -	ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ
	အသက်မွေးဝမ်းကျောင်းလုပ်ငန်း	(င) ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့် မရမချင်း ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးသည် အစိုးရအပေါ်တွင် တာဝန်ရှိလာပါသည်။ သို့ဖြစ်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ပေးရပါမည်။	- ၎င်း -	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ
	အခြေတကျနေထိုင်နိုင်ရေး	(စ) အခြေအနေများ ပြန်လည်တည်ငြိမ်လာသည့်အခါ အခြေချနေထိုင်နိုင်မည့် အစီအမံများကို အစိုးရအနေဖြင့် ရေးဆွဲလျာထားရပါမည်။	- ၎င်း -	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
၂	**လူမှုရေး** တိုင်းရင်းသားကမန်များကိစ္စ	(က) လက်ရှိအခြေအနေတွင် ရခိုင်လူမျိုးများသည် ဘင်္ဂါလီလူမျိုးများအပေါ် နာကျည်းစိတ်ပြင်းထန်နေသဖြင့် စီးပွားရေး၊ လူမှုရေးများအရ ဆက်ဆံမှု လုံးဝမပြုလုပ်ကြရန်နှင့် ဆက်ဆံသူများကို ပြင်းထန်သည့် လူမှုရေးနှိမ့်ချမှုများ ပြုလုပ်နေကြသဖြင့် လူ့အဖွဲ့အစည်းနှစ်ခုအကြား ဆက်ဆံရေး လုံးဝပြတ်တောက်ခဲ့ရသည်။ ရမ်းဗြဲမြို့မှ တိုင်းရင်းသား ကမန်လူမျိုးများသည် အစဉ်အလာအားဖြင့် ပညာရေးနှင့် ဆက်သွယ်ရေးရုံးများတွင် အစိုးရဝန်ထမ်းများ ဖြစ်ကြပါသည်။ ယခုအခါ ၎င်းတို့သည် ဒုက္ခသည်စခန်းများတွင် ပိတ်မိနေခြင်းနှင့် စပ်လျဉ်း၍ လွတ်လပ်စွာသွားလာခွင့် ပြန်လည်ရရှိနိုင်ရေး နိုင်ငံတော်အစိုးရမှ အရေးယူပေးနိုင်ရန် တင်ပြတောင်းဆိုမှုများအပေါ် အမြန်ဆုံး ဆောင်ရွက်ပေးသင့်ပါသည်။	ရခိုင်ပြည်နယ်အစိုးရ	ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ
	လူဦးရေတိုးပွားနှုန်းကိစ္စ	(ခ) ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီများနှင့်အတူ ယှဉ်တွဲနေထိုင်ရန်ကြောက်ရွံ့သော ကိစ္စတစ်ခုမှာ ဘင်္ဂါလီများ၏ လူဦးရေတိုးပွားနှုန်း အဆမတန် မြင့်မားခြင်းပင်ဖြစ်သည်။ ၎င်းတို့အပေါ် အုပ်ချုပ်ရေးအာဏာဖြင့် အတင်းအကျပ်သားဆက်ခြားရေးအစီအစဉ်များ မလုပ်သင့်ပါ။ နိုင်ငံတကာအမြင်တွင် ဘင်္ဂါလီများအပေါ် မတရားပြုလုပ်သည်ဟု မြင်နိုင်သည့်အပြင် ဘင်္ဂါလီနိုင်ငံရေးလုပ်ရှားသူများမှ ဤကိစ္စကို အသုံးချ၍ ပြည်နယ်အတွင်း မတည်ငြိမ်မှုများကို ဖန်တီးလာနိုင်ပါသည်။	လဝကဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ နစက	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီ
	လူမှုရေးသဟဇာတဖြစ်စေရေးကိစ္စ	(ဂ) နိုင်ငံသားပြုခွင့်ရထားသူ၊ ဧည့်နိုင်ငံသားအဖြစ်နေထိုင်လိုသူတိုသည် ဤနိုင်ငံ၏ ဥပဒေ၊ စည်းကမ်းတို့ကို လိုက်နာ၍ မိမိနေထိုင်သည့်ဒေသနှင့် သဟဇာတဖြစ်စေရန် ဒေသ၏ ယဉ်ကျေးမှု၊ ဘာသာစကားတို့က အတိုင်းအတာတစ်ခုအထိ သင်ကြားတတ်မြောက်ထားစေပြီး စိစစ်ပြီးမှသာ ဧည့်နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားအဖြစ် ခွင့်ပြုသင့်သည်။ မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံး မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးတမ်းများကို သိရှိလိုက်နာကြရမည်ဖြစ်ပြီး ပညာပေးလုပ်ငန်းများကိုလည်းတစ်ဖက်မှ ဆောင်ရက်ပေးသင့်ပါသည်။	လဝက၊ ပြည်ထဲရေးဝန်ကြီးဌာနများ ရခိုင်ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီ
	ဖြစ်ရပ်မှန်ရှင်းလင်းရေးကော်မတီ တစ်ရပ် ဖွဲ့စည်းရေးကိစ္စ	(ဃ) နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းနှင့် အစ္စလာမ်လူ့အဖွဲ့အစည်းတို့အကြား ဖြစ်ပျက်ခဲ့သမျှတို့၏ မူလအကြောင်းရင်းမှန်တို့ကို ရှာဖွေစိစစ် ဖော်ထုတ်တင်ပြရေးကော်မတီတစ်ရပ် ဖွဲ့စည်းသင့်ပါသည်။ နောင်တွင် ပြဿနာထပ်မဖြစ်စေရန် မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို အဖြေထုတ်နိုင်ရန်ဖြစ်ပြီး လိုအပ်ပါက ပြည်ပတိုင်းပြည်များသို့ပါ ဖြစ်ရပ်မှန် ရှင်းလင်းရေးအဖွဲ့များစေလွှတ်နိုင်ရေးကိုလည်း စဉ်းစားထားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး	တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ
၃	**နိုင်ငံသားပြုရေးကိစ္စ**	(က) နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားဖြစ်ရေး၊ မဖြစ်ရေးကိုအလျင်အမြန်စိစစ်ရန် လိုအပ်ပါသည်။ နိုင်ငံသားအဖြစ် ရရှိနိုင်မှသာလျှင် ပြည်တွင်းရှိ အခြားနိုင်ငံသားများနှင့်အတူ ပေါင်းစည်းနေထိုင်နိုင်မည်ဖြစ်သည်။ ထို့အတူ ဘင်္ဂါလီများအနေဖြင့်လည်း နိုင်ငံသားအခွင့်အရေးရမှ မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်နေသော တိုင်းရေးပြည်ရေးများကို ပိုမိုစိတ်ဝင်စားလာမည်ဖြစ်ပြီး တိုင်းပြည်အတွင်း တာဝန်ရှိစွာ နေထိုင်သူများဖြစ်လာမည်ဖြစ်သည်။	လဝက၊ ပြည်ထဲရေးဝန်ကြီးဌာနများ ရခိုင်ပြည်နယ် အစိုးရ	လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီ
		(ခ) အစိုးရသည် ဘင်္ဂါလီများ၏ နိုင်ငံသားဖြစ်နိုင်မှု၊ မဖြစ်နိုင်မှုကို တည်ဆဲဥပဒေများအရ ပွင့်လင်းမြင်သာစွာ၊ တိကျစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ နိုင်ငံမဲ့ဖြစ်နေသူများကိစ္စကို နိုင်ငံအတွင်း ကျင့်သုံးနေသည့် ဥပဒေများဖြင့် အရေးယူဆောင်ရွက်ရန်သာမက အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် အညီ ဆက်လက်အရေးယူရန် လိုအပ်ပါသည်။ နိုင်ငံသားဖြစ်ခွင့်ရရှိသူများ၊ အသိအမှတ်ပြုခြင်းများကို အခမ်းအနားဖြင့် ကျမ်းသစ္စာကျိန်ဆိုပဲ ကျင်းပပေးသင့်ပါသည်။	လဝက၊ ပြည်ထဲရေးဝန်ကြီးဌာနများ ရခိုင်ပြည်နယ် အစိုးရ	လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းကော်မတီ
၄	**စီးပွားရေးကိစ္စ**	(က) လူတစ်ဦးချင်းစီ၏ ထုတ်လုပ်မှုစွမ်းအား နိမ့်နေခြင်း၊ စီးပွားရေးအသိပညာနည်းပါးခြင်းတို့ကြောင့် လူအများစုသည် သယံဇာတအပေါ် အခြေခံသည့်စီးပွားရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းအပေါ်တွင်သာ အသက်မွေးဝမ်းကျောင်းနေကြရပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းသည် ဆားငန်ရေဝင်ရောက်၍ အခွင့်လမ်းနည်းပါးသဖြင့် မြန်မာမျိုးရင်းစပါးကောင်းများ၊ နည်းပညာမြင့်အထွက်တိုးစပါးများကို ရခိုင်ဒေသသို့ ဖြန့်ဝေပေးသင့်ပါသည်။	လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ
		(ခ) နိုင်ငံသားမဟုတ်သူများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်း ခွင့်မပြုပါက ၎င်းတို့၏ စားဝတ်နေရေးပြဿနာသည် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာမည့်အပြင် ဆင်းရဲမှုကြောင့် ပဋိပက္ခများ ထပ်မံဖြစ်ပေါ်လာနိုင်ပါသည်။ ပျက်စီးသွားခဲ့သော နေအိမ်အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ပေးခြင်း၊ အခြေခံလိုအပ်ချက်ဖြစ်သည့် ရေ၊ မီးတို့ကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ စီးပွားဖြစ်ထွန်းမှုကို ရည်မှန်း၍ လူမျိုး၊ ဘာသာကွဲပြားသော စီးပွားရေးလုပ်ငန်းရှင်များ၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်စေရေး၊ စီးပွားကုန်သွယ်စီးဆင်းမှုမှန်ကန်စေရေးတို့ကို သက်ဆိုင်ရာအစိုးရနှင့် လူမှုရေးအဖွဲ့များ ပူးပေါင်း	စွမ်းအင်၊ လျှပ်စစ်၊ နယ်စပ်ဒေသ ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရ	ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ၊

အချပ်ပို (ခ) သို့

အချပ်ပို(က)မှ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင်အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင်အထည်ဖော်မည့် ကော်မတီ
		ဆောင်ရွက်ရန် လိုအပ်ပါသည်။ လက်ရှိ ကျောက်ဖြူရေနက်ဆိပ်ကမ်းမှ ရရှိလာသော သဘာဝဓာတ်ငွေ့၏ အစိတ်အပိုင်း အချို့ကိုသုံးကာ ကျောက်ဖြူဒေသအား လျှပ်စစ်ဓာတ်အား မပေးပါက အစိုးရအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာစေနိုင်ပါသည်။		
		(ဂ) ရခိုင်ပြည်နယ်တွင် သမိုင်းအမွေအနှစ်များ၊ သာယာလှပသော ကမ်းခြေများရှိသဖြင့် အပန်းဖြေစခန်းနှင့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်လုပ်ကိုင်သင့်ပါသည်။ ထို့ပြင်လေ၊ သဘောတည်ဆောက်ရေးလုပ်ငန်းများ၊ အများပိုင်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းနှင့် အအေးခန်းစက်ရုံများ တည်ဆောက်ခြင်း၊ CMP (Cutting, Making and Packing) လုပ်ငန်းများ၊ ရေသွင်းပုစွန်မွေးမြူရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အပန်းဖြေဥယျာဉ်များ တည်ထောင်ခြင်း လုပ်ငန်းတို့ကို လုပ်ဆောင်နိုင်ပါသည်။	သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဘက်စုံ မဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ
		(ဃ) စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အတိုးနှုန်းမြင့်မားစွာ ချေးငွေယူနေရခြင်းကို ထည့်သွင်းစဉ်းစားပေးခြင်းဖြင့် ၎င်းတို့၏ လူမှုရေး၊ စီးပွားရေးအတွက် များစွာ အထောက်အကူရရှိမည်ဖြစ်ပါသည်။	သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ဖြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ
၅။	**ကျန်းမာရေး**	(က) ဒုက္ခသည်စခန်းများတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးနှင့် ယင်လုံအိမ်သာ လုံလောက်မှုရှိရေးသည် အရေးတကြီး လိုအပ်ချက်ဖြစ်ပါသည်။	ကျန်းမာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO, NGO များ	ဒေသတွင်းယာယီ နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း ကော်မတီ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ
		(ခ) အစားအစာနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်တွင် ငတ်မွတ်မှုမရှိနိုင်သော်လည်း သန့်ရှင်းသောအစားအစာနှင့် မှန်ကန်သော စားသောက်နည်းလမ်းများကို ကျင့်သုံးနိုင်မှု အားနည်းပါသည်။ ထို့ကြောင့် ကလေးသူငယ်များ ငတ်မွတ်မှုမရှိနိုင်သော်လည်း အာဟာရဓာတ်ချို့တဲ့မှုများရှိနိုင်ပါသည်။	-၎င်း-	ကုလသမဂ္ဂ အဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်း ကော်မတီ
		(ဂ) အစိုးရအနေဖြင့် ဒုက္ခသည်များ၏ စိတ်ဓာတ်ရေးရာ မတည်ငြိမ်မှုများနှင့် အကြောက်တရားများ လွှမ်းမိုးနေမှုများကို ကူညီကုစားပေးရေး အလေးထား၍ အလျင်အမြန်ဆောင်ရွက်ပေးသင့်ပါသည်။	-၎င်း-	ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ
၆။	**ပညာရေး**	(က) ရခိုင်ဒုက္ခသည်များအတွက် စာသင်ကျောင်းများ ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်အတွင်း အားလုံးနီးပါး ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သော်လည်း ဘင်္ဂါလီဒုက္ခသည်စခန်းများရှိ ကလေးများအတွက် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်အမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO, NGO များ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ
		(ခ) လုံခြုံရေးအားနည်းသဖြင့် ရခိုင်နှင့် ဘင်္ဂါလီကျောင်းသားများ ရောနှောတက်ရောက်ရသည့် ကျောင်းများတွင် လုံခြုံရေး စိတ်မချရသဖြင့် ကျောင်းသားများ တက်ရောက်မှုနည်းပါးပါသည်။ ထိုကဲ့သို့သော ကျောင်းများကို စိစစ်၍ လုံခြုံရေးတိုးမြှင့်ချထားရန် လိုအပ်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO, NGO များ	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်း ကော်မတီ
		(ဂ) ဘင်္ဂါလီကျေးရွာရှိ ကျောင်းများ၊ ပဋိပက္ခဖြစ်နိုင်ခြေများသော ရခိုင်နှင့် ဘင်္ဂါလီများ နီးကပ်စွာရှိနေသည့် ကျောင်းများတွင် ဆရာ ဆရာမများ မလာရဲတော့သဖြင့် ဒေသခံများကို အမြန်ခန့်အပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သင့်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO များ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ
		(ဃ) နိုင်ငံတော်အပေါ် သစ္စာစောင့်သိလာစေရေး၊ အချင်းချင်း အပြန်အလှန်လေးစားတတ်စေရေးတို့ အတွက် ဘာသာရေးကျောင်းများ၏ သင်ရိုးညွှန်းတမ်းများကို အမြန်ဆုံးစိစစ်ပြီး ပြင်ဆင်ပြောင်းလဲမှုများ အမြန်ဆုံး ပြုလုပ်သင့်ပါသည်။ ဒေသခံကလေးများ၏ အသိပညာ ရေချိန်မြှင့်တင်နိုင်ရန် ပြည်သူ့နီတိ (Civic Education)ကို ပြည်နယ်တစ်ဝန်း ပို့ချသင့်ပါသည်။	ပညာရေးဝန်ကြီးဌာန သာသနာရေးဝန်ကြီး ဌာန ရခိုင်ပြည်နယ်အစိုးရ	ဘက်စုံ မဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ
		(င) ဘင်္ဂါလီများအား မြန်မာစာ အရေး၊ အဖတ်၊ အပြောအတွက် အသုံးလုံးကျေသင်တန်းများပို့ချမှုကို လူထုလှုပ်ရှားမှုတစ်ရပ်ဖြင့် ရခိုင်ပြည်နယ်တွင် ဖော်ဆောင်သင့်ပါသည်။	ပညာရေး ဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ
		(စ) ဒုက္ခသည်စခန်းရှိ ဘင်္ဂါလီစာသင်ကျောင်းများတွင် တက်ရောက်မည့် ကလေးသူငယ်များ လက်လှမ်းမီစေရန် စီမံဆောင်ရွက်ပေးသင့်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ INGO များ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း ကော်မတီ ကုလသမဂ္ဂ အဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ
		(ဆ) ရခိုင်နှင့်ဘင်္ဂါလီများရောနှောတက်ရသည့် ကျောင်းများတွင် လုံခြုံရေးအစီအမံများချမှတ်ခြင်း၊ ဝေးလံခေါင်သီသည့်ဒေသများတွင် ကျောင်းဆရာ ဆရာမများမှ ယုံကြည်စွာ တာဝန်များ ပြန်လည်ထမ်းဆောင်စေနိုင်မည့် အစီအမံများ၊ အာမခံချက်များကို အစိုးရအနေဖြင့် ချမှတ်ပေးသင့်ပါသည်။	ပညာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်း ကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ
		(ဇ) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရန် နှစ်ဖက်လူမျိုးများတွင်ရှိနေသည့် လူမျိုးရေး အမြင်ကျဉ်းမြောင်းမှုများ၊ အမုန်းတရားများ ပပျောက်ပြီး လူမှုရေးအမြင်များပြောင်းလဲသွားစေမည့် အထူးပညာရေးစနစ်နှင့် အစီအစဉ်များကို ဖော်ဆောင်သွားရန်လိုအပ်ပါသည်။ ဒေသခံပြည်သူများ၏ ဘာသာစကားဖြင့် ထုတ်လွှင့်သောရေဒီယိုအသံလွှင့်ဌာန (FM Radio Station) တစ်ခု တည်ထောင်ပေးရန်နှင့် နောင်တွင် TV Channel တစ်ခုကိုပါ ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ပြုလုပ်ထားသင့်ပါသည်။	ပညာရေး၊ သာသနာရေးဝန်ကြီးဌာနများ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ ဘက်စုံ မဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ
၇။	**ဘာသာရေး**	(က) လက်ရှိရခိုင်ပြည်နယ်ရှိ အစ္စလာမ် ဘာသာရေးကျောင်းများတွင် သဘောထားပြင်းထန်သည့် ဘာသာရေး ခေါင်းဆောင်များ၏နေရာတွင် ရန်ကုန်နှင့် မန္တလေးမြို့များရှိ သဘောထားပျော့ပျောင်းသော အစ္စလာမ်ဘာသာရေး ခေါင်းဆောင်များကို သေချာလေ့ကျင့်ပေးကာ ၎င်းတို့ကို ရွေ့တန်းတင်ပြီး ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာရေး ကျောင်းများအား ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်သင့်ပါသည်။	သာသနာရေး၊ ရခိုင်ပြည်နယ်အစိုးရ	ဘက်စုံ မဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ
		(ခ) အစိုးရအနေဖြင့် ဘာသာရေးဂိုဏ်းပေါင်းစုံနှင့် ပူးပေါင်း၍ Interfaith Dialogue Meeting များ ပြုလုပ်ပေးခြင်းဖြင့် ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များအကြား နားလည်မှု ပိုမိုရရှိအောင် ပြုလုပ်ပေးသင့်ပါသည်။	သာသနာရေး၊ ရခိုင်ပြည်နယ်အစိုးရ	ဘက်စုံ မဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ
		(ဂ) သဘောထား ပြင်းထန်သည့် ဘာသာရေး ခေါင်းဆောင်များဦးစီးသော ဘာသာရေး ကျောင်းများကို အစိုးရမှ စိစစ်ကြပ်မတ်သင့်ပြီး သင့်တော်သည့် အစ္စလာမ်ဘာသာဝင်ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့တစ်ခု ဖွဲ့စည်းကာ သင်ကြားသင့်သည့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲစေပြီး ယင်းအတိုင်းသာ သင်ကြားပို့ချစေသင့်ပါသည်။	သာသနာရေး၊ ရခိုင်ပြည်နယ်အစိုးရ	လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ ဘက်စုံ မဟာဗျူဟာ ရေးဆွဲရေး လုပ်ငန်း ကော်မတီ
		(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းရှိ ဘာသာရေးစိစစ်ရေးကို ပြန်လည်ပြုလုပ်သင့်ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဗလီများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ဟိန္ဒူဘာသာရေး ကျောင်းများ စသည့် ဘာသာရေး အဆောက်အအုံများ၊ ဘာသာရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအားလုံးကို ပြန်လည်စိစစ်ကြပ်မတ်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ထိုသို့ စစ်ဆေးပြီးပါက သာသနာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် တရားဝင် စာရွက်စာတမ်းအထောက်အထားများကို ထုတ်ပေးသင့်ပါသည်။	- ၎င်း -	တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်း ကော်မတီ
၈။	**INGO, NGO များ**	(က) နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပြုလုပ်သော သဘောတူညီချက်များကို ပြည်နယ်အတွင်း အခြေအနေများ၊ တိုင်းပြည်တွင်း အခြေအနေများနှင့်	ပြည်ထောင်စုအစိုးရအဖွဲ့	ကုလသမဂ္ဂအဖွဲ့ အစည်း၊ နိုင်ငံတကာ အဖွဲ့ အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ

အချပ်ပို(ဂ)သို့

အချပ်ပို (ခ) မှ

စဉ်	အကြောင်းအရာ	အကြံပြုထင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင် အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင် အထည်ဖော်မည့် ကော်မတီ
		ကိုက်ညီမှုရှိ၊ မရှိ အသေးစိတ်ဆန်းစစ်ပြီး အောက်ခြေပြည်သူတို့၏ အခြေအနေများကို နားလည်ထားပြီးမှ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ဆောင်သင့်ပါသည်။		
		(ခ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အစိုးရ၊ အလှူရှင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာတျမ်းတျင်သ ဒေသခံခေါင်းဆောင်တို့ဖြင့် ဆွေးနွေးလုပ်ကိုင်သင့်ပါသည်။ ထိုသို့ပြုလုပ်ရာတွင် ပြန်လည်ထူထောင်ရေးအစီအစဉ်နှင့် လူသားချင်းစာနာ‌ထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအတွက် ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရန်နှင့် မှန်ကန်သော သတင်းအချက်အလက်များ မျှဝေသွားရန်လည်း လိုအပ်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ INGO, NGO, CBO များ	ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ဂ) ပြည်ထောင်စုအစိုးရမှ ဦးဆောင်သော ဒေသအစိုးရ၊ NGOs, CBOs နှင့် အကျိုးဝင်ပတ်သတ်သူများအားလုံး ပါဝင်စေနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်တို့ အတောင်အတည်ဖော်သင့်သည်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အဖွဲ့အစည်းများအကြား နားလည်မှုပိုမိုမြင့်မားလာသည့်အမြင် အခြေခံရမည် နိုင်ငံတကာစံများအတိုင်း မြန်လည်ထူထောင်ရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲဖော်တုတ်နိုင်မည်ဖြစ်သည်။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွတ်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာမည်ဖြစ်သည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ INGO, NGO, CBO များ	ကုလသမဂ္ဂအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
၉	**လုံခြုံရေးနှင့် အုပ်ချုပ်ရေး**	(က) ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီများအကြား ပဋိပက္ခများစွာ ဖြစ်ပွားနေခဲ့ခြင်းဖြစ်ရာ အခြားနိုင်ငံများထံမှ သင်ခန်းစာယူ၍ Conflict Management Center ကဲ့သို့သောဌာနတစ်ခုအား ဖွဲ့စည်းထားသင့်ပြီး ပဋိပက္ခဖြစ်ပွားစေနိုင်သည့် အချက်အလတ်များ စုဆောင်းမြင်း၊ ပဋိပတ္တများအား ကိုင်တွယ်ဖြေရှင်းရေးနည်းလမ်းများ ရေးဆွဲမြုစုမြင်း၊ ပဋိပတ္တများဖြစ်ပွားပြီးနောတ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြင်ဆင်ပြုစုခြင်းများလုပ်ဆောင်ထားသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ခ) ရခိုင်ပြည်နယ်တွင် ပဋိပက္ခများ အချိန်မရွေးဖြစ်ပွားနိုင်သည့် အခြေအနေတွင် ရှိနေသေးရာ အစိုးရအနေဖြင့် ပဋိပက္ခများကို အချိန်မီကြိုတင်ခန့်မှန်းသိရှိနိုင်ရန်နှင့် ပြင်ဆင်ထားနိုင်ရန် လိုအပ်သည့် ကြိုတင်ကာတွယ်ရေးစနစ် (Early Warning System) တစ်ခုကို တည်ဆောတ်ရန်လိုအပ်ပါသည်။ ထိုသို့သောအခြေအနေတွင် လုံခြုံရေးတပ်အင်အားများ များပြားစွာ ရုတ်တရက်လျှော့ချမြင်းမျိုး မပြုလုပ်သင့်ပါ။ လုံခြုံရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ထားရန် လိုအပ်ပါသည်။ ထို့အပြင် အကြမ်းဖတ်/အစွန်းရောတ်အဖွဲ့အစည်းများ၏ အန္တရာယ်မှ ကြိုတင်ကာတွယ်ထောတ်လှမ်းသိရှိနိုင်ရန် စစ်ဘက်၊ အရပ်ဘက် ထောတ်လှမ်းရေးများ ပါဝင်သည့် Special Team တစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်ရန် လိုအပ်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ ဒေသတွင်း ယာယီနေရာချထားရေးနှင့် မြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ
		(ဂ) အစိုးရအနေဖြင့် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများ မည်သို့မည်ပုံ၊ မည်သည့်အခြေအနေတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေနိုင်မည်ကိုသိရှိနိုင်ရန် လူမျိုးစုနှစ်ခုလုံးမှ အပြန်အလှန်တွေ့ဆုံညှိနှိုင်း၍ အဖြေရှာရန် လုပ်ဆောင်ပေးရပါမည်။ အစိုးရအနေဖြင့် ကူညီပံ့ပိုးပေးသည့်အခန်းတဏ္ဍမှ ပါဝင်သင့်ပါသည်။ ကိုသို့တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် အစိုးရအနေဖြင့် လူမျိုးစုနှစ်ခုစလုံးမှ သဘောထားပျော့ပျောင်းသော ခေါင်းဆောင်များနှင့်ကော်မရှင်၏ အကြံပြုချက်များကို နိုင်ငံတော်သမ္မတ၏ အထူးအမိန့်ဖြင့် ဖွဲ့စည်းပေးမည့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွတ်မည်အဖွဲ့(Task Force)တစ်ခုဖွဲ့စည်းကာ အကောင်အတည်ဖော်ဆောင်ရွက်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ဃ) ထိုတွေ့ဆုံပွဲများကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်း လူမှုရေးအဖွဲ့များတ ကြီးမှူး၍အဓိတထားတျင်းပသွားသင့်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ကျင်းပလိုပါက ကျင်းပမည် ထိုအဖွဲ့အစည်းသည် ရခိုင်နှင့် ဘင်္ဂါလီနှစ်ဖွဲ့စလုံးမှ လက်ခံနိုင်သည့် အဖွဲ့အစည်းဖြစ်ရန်လိုအပ်ပါသည်။ သို့မဟုတ်ပါက မျက်နှာသာပေးမခံရတု မှတ်ယူသည့်အဖွဲ့မှ မကျေနပ်ချတ်ပို၍ ကြီးထွားလာနိုင်ပါသည်။	နိုင်ငံတော်သမ္မတရုံး	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(င) လက်ရှိအခြေအနေထွင် ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများကို သီးခြားစီခွဲထားရန် လိုအပ်ပါသည်။ သို့သော် ဤလူ့အဖွဲ့အစည်းနှစ်ခုကို အမြဲထမ်းခွဲထားရန်မှာမူ မဖြစ်နိုင်ပါ။ ထစ်ဦးပေါ်ထစ်ဦး ထားရှိလာခဲ့သော အမျက်ဒေါသများ လျော့သွားသည်အထိ ခွဲထားသင့်ပါသည်။ ဤအတောအတွင်း ဥပဒေချိုးဖောက်သူများကို ထရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရပါမည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ
		(စ) ရခိုင်ပြည်နယ်သည် လူဦးရေတိုးတက်နှုန်းအလွန်အမင်းမြင့်မားနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တုန်းရေ နယ်နိမိတ်များ ထိစပ်နေသည့်အပြင် အိန္ဒိယသမုဒ္ဒရာသို့ ကိုက်ရိုက်ပေါက်ရောက်သည့် ရှည်လျားလှသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည်ဖြစ်ရာ မြန်မာနိုင်ငံသာမက ဒေသလုံခြုံရေး၊ စီးပွားရေးတို့အတွက် အလွန်အချက်အချာကျနေပါသည်။ သို့ဖြစ်၍ မြန်မာပင်လယ်ပြင်ကို စိုးမိုးထားနိုင်ရေးအထွက် ထပ်မထော် ရေထပ်အင်အားကို မဖြစ်မနေတိုးချဲ့ထားရပါမည်။ ထိုနည်းတူစွာ ကမ်းမြေစောင့်ရဲ(Marine Police)ကိုလည်း ဖွဲ့စည်းချထားရန် လိုအပ်ပါသည်။ ၎င်းလုံခြုံရေးလတ်နတ်ကိုင် တပ်ပေါင်းစုတို ထိပ်ဆုံးမှ တပ်မှူးတီးတစ်ဦးတ ပေါင်းစပ်ညှိနှိုင်းကွပ်ကဲစေရပါမည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ဘတ်စုံလုံခြုံရေး မဟာဗျူဟာစီမံချတ်များကို ရေးဆွဲချမှတ်ထားရှိရပါမည်။ (holistic approach) နှင့် (preventive approach) ရပ်ခံချတ်(paradigm) ဖြင့် စီမံဆောင်ရွတ်ထားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ဆ) ယခုနှစ် ဒီဇင်ဘာလအတွင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ အနည်းနှင့်အများ ဂယတ်ရိုက်ခတ်မှုများ ရှိလာနိုင်ပါသည်။ နယ်စပ်အခြေအနေများကို မျတ်ခြည်မပြတ် စောင့်ကြည့်ထားသင့်ပါသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း နယ်စပ်ခြံစည်းကာနေသော တပ်မတော်အင်ဂျင်နီယာတပ်မှ စစ်သည်အချို့အား တစ်ဖတ်နိုင်ငံအခြေပြုစစ်သွေးတြွများတ အလစ်အငိုက်ယူတိုတ်ခိုက်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်များနှင့် မကြာခဏနှောင့်ယှက်မှုများရှိနေခဲ့ကြောင်း ကြားသိရပါသည်။ သို့ဖြစ်ရာ နယ်စပ်လုံခြုံရေးအတွတ် ကြိုတင်မြော်တွေးပြီး လုံခြုံရေးအစီအမံများထားရှိခြင်း၊ လုံခြုံရေးတပ်ဖွဲ့အင်အား တိုးမြှင့်ချထားခြင်းများ ဆောင်ရွတ်ထားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ ဘက်စုံမတာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ဇ) လတ်ရှိနယ်စပ်အခြေအနေများကြောင့် နစကအနေဖြင့် နယ်စပ်ဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာ ဒေသန္တရ အမိန့်များထုတ်ပြန်တာဆတ်လတ်ထိန်းချုပ်ထားသင့်ပါသည်။ သို့ရာတွင် နစကအဖွဲ့များသည် နယ်မြေဒေသအေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးကို ဦးတည်၍ တာဝန်များကို ဆောင်ရွက်သင့်ပါသည်။ နစကအဖွဲ့ဝင်များသည် တရားဥပဒေဘောင်အတွင်း နေထိုင်သောပြည်သူလူတု၏ အတျိုးစီးပွားကို ထိခိုက်စေမည် လုပ်ဆောင်မှုများတို ရှောင်ကြဉ်ရပါမည်။ တရားဥပဒေကို ချိုးဖောတ်သူများကို ဆက်ဆံရာတွင်လည်း တရားဥပဒေကြောင်းအရ အရေးယူမှုမျိုးကိုသာ မြုလုပ်သင့်ပါသည်။ နစတအဖွဲ့ဝင်များသည် ဥပဒေနှင့်မညီသော လုပ်ဆောင်မှုများအားလုံးကို ရှောင်ကြဉ်သင့်ပြီး ပြည်သူ့ဆက်ဆံရေးတျင့်ဝတ်များကို လိုက်နာတျင့်သုံးသင့်ပါသည်။ အကယ်၍ နစကတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ဥပဒေချိုးဖောတ်မှုရှိခဲ့ပါတလည်း တည်ဆဲဥပဒေနှင့်အညီ ထရောတ်စွာ အရေးယူဆောင်ရွက်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့	တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ
		(ဈ) ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဓိတရုဏ်းများဖြစ်ပွားသည့်အခါ တာဝန်ယူမည် အဓိတရုဏ်းဖြေရှင်းရေးတပ်ကိုဖွဲ့စည်းခြင်း၊ တိုတပ်ဖွဲ့များအား လိုအပ်လိုသည့်လတ်နတ်များ အပြည့်တပ်ဆင်ပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အထူးသင်တန်းများပေးခြင်း၊ အရေးအခင်းဖြစ်သည်နှင့် အဓိတရုဏ်းကိုင်တွယ်ဖြေရှင်းသည် တပ်အား ရှေးဦးစွာ တာဝန်ပေးပြီး ပဋိပတ္တအား တိုင်တွယ်ဖြေရှင်းစေခြင်းကို ပြုလုပ်သင့်ပါသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည်	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ

အချပ်ပို (ဃ) သို့

အချပ်ပို(ဂ)မှ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင် အထည် ဖော်မည့်ဌာန	လုပ်ငန်းအကောင် အထည်ဖော်မည့် ကော်မတီ
		ပဋိပက္ခကဲ့သို့ အထူးလေးနက်သိမ်မွေ့သည့် ပြဿနာများအား ဖြေရှင်းရာတွင် အထူးသင်တန်းပေးထားသော အဓိကရုဏ်းကိုင်တွယ်ဖြေရှင်းသည့် တပ်ရှိမှသာ ပဋိပက္ခများကို လျှော့နည်းစေနိုင်မည်ဟု ယူဆပါသည်။ တပ်မတော်၏ အကူအညီရယူရပါကလည်း တပ်မတော်တပ်ရင်းတပ်ဖွဲ့များကို အဓိကရုဏ်း နှိမ်နင်းရေးလက်နက်၊ ခဲယမ်းများ လုံလောက်စွာထုတ်ပေးထားသင့်ပါသည်။		
		(ည) ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားနေသည့် ပဋိပက္ခများ ချုပ်ငြိမ်းစေရန် လုံခြုံရေးတာဝန်ယူနေသည့်မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့နှင့် ထောက်လှမ်းရေးတပ်ဖွဲ့များ၊ နစက စသည့်အင်အားစုများကို ယခုအခါ အင်အားနှစ်ဆအထိ တိုးမြှင့်ချထားပေးရန် လိုအပ်ပါသည်။ ထိုလုံခြုံရေးအဖွဲ့အစည်းများသည် မိမိတို့၏ တာဝန်ဝတ္တရားများကို ဥပဒေနှင့်အညီ ထမ်းဆောင်ရမည် ဖြစ်ပါသည်။ အကယ်၍ ဤလုံခြုံရေးအဖွဲ့များမှ တာဝန်ရှိသူများသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက ထိုသူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ
		(ဋ) ဖြစ်ပွားခဲ့သော ရခိုင်အရေးအခင်းနှင့် ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီးဌာနများ (ပြည်ထောင်စုအစိုးရအဖွဲ့)၏ ပါဝင်လုပ်ဆောင်မှုများ အခန်းကဏ္ဍမှာ နည်းပါးလွန်းသည်ဟု ယူဆကြောင်း၊ အားမရပါကြောင်း၊ အထူးသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများအနေဖြင့် ယခုထက်ပိုမို ပါဝင်သင့်သည်ဟု ယူဆကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနပင်လျှင် ခဏတစ်ဖြုတ်လာပြီး ပြန်သွားကြောင်း၊ ပြည်နယ်အစိုးရမှာ လုပ်ပိုင်ခွင့်အကန့်အသတ်နှင့်သာဖြစ်၍ ဤပြဿနာကို ပြည်ထောင်စုအစိုးရမှ ယခုထက် ပိုမိုပါဝင်စွက်ဖက်သင့်သည်ဟု ယူဆကြောင်း စစ်တွေမြို့ခံ ရပ်မိရပ်ဖများထံမှ ကြားသိရပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ဌ) ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးနှင့် လုံခြုံရေးတာဝန်ရှိသူများသည် ရခိုင်လူမျိုးအရာရှိများသာဖြစ်ပါက ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များသည် ရခိုင်ကို မျက်နှာသာပေးသည်ဟု ပြောလာနိုင်ပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရသည့်အဖွဲ့များတွင် ရခိုင်အမျိုးသားသာမက တိုင်းရင်းသားပေါင်းစုံကို တာဝန်ပေးအပ်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ
		(ဍ) လက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့ပင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် အထွေထွေအုပ်ချုပ်ရေး၊ လဝက၊ အကျဉ်းဦးစီး၊ တရားရေးနှင့် ဥပဒေဌာနများသည် ဖွဲ့စည်းပုံအင် ပြည့်မီခြင်း မရှိသဖြင့် ပဋိပက္ခများကို ထိရောက်စွာ ကိုင်တွယ်နိုင်ခြင်းမရှိကြပါ။ အထူးသဖြင့် မောင်တောတွင် အခင်းဖြစ်ပွားသည့်အခါတိုင်း ရင်ဆိုင်ရသည့် အင်အားနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားမမျှခဲ့သဖြင့် ထိန်းသိမ်းရာတွင် အားနည်းချက်များစွာ ရှိခဲ့သည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံပြည့်မီရေး အင်အားဖြည့်တင်းပေးထားသင့်ပါသည်။ အထူးသဖြင့် လဝက၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာသနာရေးဦးစီးဌာနတို့အားအထူးကိစ္စရပ်အနေဖြင့် အင်အားဖြည့်တင်းပေးပြီး ကျေးရွာအဆင့်အထိ ကင်းဆင်းကာစီစစ်ရေးလုပ်ငန်းများအင်တိုက်အားတိုက်ဆောင်ရွက်စေသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ဎ) ရခိုင်ပြည်နယ်၏ ပထဝီအနေအထားအရ မြစ်ချောင်းများ အလွန်ပေါများသဖြင့် တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူ သွားရောက်နိုင်ခြင်း မရှိခြင်းကြောင့် အရေးပေါ်ကိစ္စများတွင် ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဦးစားပေးဆောင်ရွက်ပေးထားသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်သူ့ဆောက်လုပ်ရေး ဝန်ကြီးဌာန နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်နယ်အစိုးရအဖွဲ့	လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ဏ) ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်လာပါက အမြန်ဆုံး တည်ငြိမ်မှုများ ပြန်လည်ရရှိရေး ဆောင်ရွက်ရာတွင် လည်းကောင်း၊ မဖြစ်ပွားမီ ကြိုတင်ကာကွယ်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရသည့် တာဝန်ရှိသူပုဂ္ဂိုလ်များအား ထိရောက်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးအတွက်အားပေးရန် လိုအပ်သကဲ့သို့ ထိရောက်စွာဆောင်ရွက်နိုင်ရန် လုံလောက်သည့်လုပ်ပိုင်ခွင့် အမိန့်အာဏာများကိုလည်း ပေးအပ်ထားသင့်ပါသည်။ ထိုသို့တာဝန်ယူစိတ်အပြည့်ဖြင့် နည်းလမ်းတကျလုပ်ငန်းဆောင်ရွက်သူကိုလည်း လုံလောက်သည့်ထောက်ခံမှုများနှင့် အကာအကွယ်များပေးထားသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(တ) နယ်စပ်ဒေသ လူဝင်မှု စစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်(နစက)သည် မတူညီသောဝန်ကြီးဌာန(၄)ခုမှ ထုတ်နုတ်ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းနှင့်ကာကွယ်ရေး(ကြည်း)၏တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိနေကြောင်းသိရှိရပါသည်။ တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေရန်ဖွဲ့စည်းမှုများကို ဖြန်လည်သုံးသပ်သင့်ပါသည်။ လက်ရှိ နစကသည် ယခင်ကထက် ပိုမိုကောင်းမွန်လာသည်ဟု ဒေသခံများက ပြောကြပါသည်။ သို့ရာတွင် ကွပ်ကဲမှုလမ်းကြောင်း မတူညီမှုကြောင့် ဌာနဆိုင်ရာအချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် အားနည်းနေသေးသည်ကိုတွေ့ရှိရပါသည်။ရခိုင်ပြည်နယ်ရှိ တပ်မတော်မှအပ နယ်ဘက်အုပ်ချုပ်ရေးနှင့် ဆက်စပ်သောဌာနအားလုံးသည် ပြည်နယ်ဝန်ကြီးချုပ်ကို အပြည့်အဝတာဝန်ခံမှုမျိုးဖြစ်သင့်ပါသည်။လုံခြုံရေးအဖွဲ့အစည်းများသည် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရာတွင် ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် နယ်မြေဒေသအတွင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ရာတွင် လုံခြုံရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အမိန့်ကို နာခံရပြီးဒေသဆိုင်ရာ အုပ်ချုပ်ရေးဆောင်ရွက်သူများ၏အမိန့်ကို နာခံနိုင်ခြင်းမရှိသည်ကိုတွေ့ရပါသည်။ သို့ဖြစ်ပါ၍ လုံခြုံရေးအဖွဲ့အစည်းများသည် ပဋိပက္ခများကို မဖြစ်ခင်ကြိုတင်ကာကွယ်ရာတွင်လည်းကောင်း၊ ဖြစ်ပြီးချိန်တွင်အခြေအနေကို ထိန်းချုပ်နိုင်ရေးအတွက်ထမ်းဆောင်ရာတွင် လည်းကောင်း ၎င်းတို့၏ တာဝန်များကို အချိန်မီထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ပူးပေါင်းကာဆောင်ရွက်နိုင်မည့် နည်းလမ်း (Mechanism) များရှိရန်လိုအပ်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ထ) ဘင်္ဂလားဒေ့ရှ်မှ တရားမဝင်ခိုးဝင်လာသူများ(Migration) ကိစ္စများကို ကိုင်တွယ်ရာတွင် ဘင်္ဂလားဒေ့ရှ် အစိုးရမပါဘဲ ဖြေရှင်းရန်မဖြစ်နိုင်ပါ။ နယ်စပ်တွင်ဖြစ်ပွားသော အခြားပြဿနာများသည်လည်း အလားတူဖြစ်ပါသည်။ လက်ရှိတွင် နစက တစ်ခုတည်းကသာ ကိုင်တွယ်ဆက်ဆံနေခြင်းဖြစ်ပါသည်။ ပိုမိုထိရောက်စေရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးအား နိုင်ငံတော်အဆင့်ဖြင့် ဆက်ဆံသွားသင့်ပါသည်။ သို့ဖြစ်ရာ ဘင်္ဂလားဒေ့ရှ်နှင့် ဆက်ဆံရေးကို တိုးမြှင့်ထားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ရခိုင်ပြည်နယ်အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ
၁၀	**တရားဥပဒေစိုးမိုးရေး**	(က) ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားများနှင့် နိုင်ငံသားမဟုတ်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အမိန့်များကို သိရှိနားလည်သူအလွန်နည်းပါးနေပါသည်။ထိုဥပဒေများကို သိရှိနားလည်ပြီး ထိုဥပဒေများ၏ အကာအကွယ်ပေးမှုကို ရရှိခံစားနိုင်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ်အစိုးရဌာနများ၊	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ

အချပ်ပို(င)သို့

အချပ်ပို (ဃ) မှ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင် အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင် အထည်ဖော်မည့် ကော်မတီ
		စစ်တွေတက္ကသိုလ်၊ မြန်မာနိုင်ငံရေ့နေများ တောင်စီ (ဘားကောင်စီ)၊ မြန်မာနိုင်ငံ တက္ကသိုလ်များရှိ ဥပဒေသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများပူးပေါင်းကာ နွေရာသီဥပဒေပညာပေးသင်တန်းများကို ပုံမှန်ပြုလုပ်ရန် လိုအပ်ပါသည်။		
		(ခ) နိုင်ငံတော်အစိုးရအနေဖြင့် မည့်သည့် နိုင်ငံရေးအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်ကိုမဆို ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော လူမျိုးရေးပြဿနာများအပေါ် မိမိတို့အဖွဲ့ အစည်းအကျိုးအမြတ်အတွက် အသုံးပြု ခြင်းကို ဥပဒေများပြဋ္ဌာန်း၍ ထိရောက်စွာ တားမြစ်သွားသင့်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်း ကော်မတီ
		(ဂ) တရားဥပဒေစိုးမိုးမှု ဖြစ်ထွန်းနိုင်ရေးအတွက် ဥပဒေချိုးဖောက်သူများကို တရားရုံးမှ အရေးယူအပြစ်ပေးခြင်း ပြုလုပ်ရာတွင် ရခိုင်၊ ဘင်္ဂါလီ၊ အခြားတိုင်းရင်းသားများဟူ၍ ခွဲခြားဆက်ဆံခြင်းမပြုဘဲ တရားဥပဒေရှေ့ တွင် အားလုံးတန်းတူဆက်ဆံခြင်းပြုနိုင်ရေး အလေးထားသင့်ပါသည်။ ပဋိပက္ခများ တိန်းသိမ်းကိုင်တွယ်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များ၊ ပြန်တမ်းများကို ရခိုင်ပြည်နယ်အတွင်း နေထိုင်သူအများစု သိရှိနားလည်နိုင်ရန် ထုတ်ဝေသင့်ပါသည်။	ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်း ကော်မတီ
		(ဃ) လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ ယှဉ်တွဲ နေထိုင်သည် တိုင်းပြည်ဖြစ်သည်နှင့်အညီ လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုအစရှိသည်တို့ကို အခြေခံပြီး ပဋိပက္ခဖြစ်ရန် သို့မဟုတ် အဓိကရုဏ်း များဖြစ်ရန် လှုံ့ဆော်မှုပြုသူများကို ထိ ရောက်စွာ အရေးယူဆောင်ရွက်သင့် ပါသည်။ ယဉ်ကျေးသောလူ့ဘောင်အဖွဲ့ အစည်းတွင် အမုန်းတရားကို အခြေခံပြီး ဖြစ်ပွားလာသည့် မှုခင်းများကို ထိထိ ရောက်ရောက် အရေးယူနေပါသည်။ ထို့ကြောင့် လက်ရှိကျင့်သုံးနေသော ပြစ်မှု ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ထိရောက်စွာအရေးယူမှုများကို ပြုလုပ်ရန် လိုအပ်ပြီး ဟန့်တားနိုင်ရန် ထိရောက်သည့် ပြစ်ဒဏ်များပေးနိုင်ရေးအတွက် ပြင်ဆင် ရန်လည်းလိုအပ်ပါသည်။ ဥပဒေပြုရေး ကဏ္ဍမှလည်း ထိရောက်သော အရေးယူမှု များလုပ်နိုင်ရန် လိုအပ်သည့်ဥပဒေ များကိုလည်း ရေးဆွဲပြဋ္ဌာန်းပေးသင့်ပါ သည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်း ကော်မတီ
၁၁	**ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေး**	(က) ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီအချို့၏ နိုင်ငံ သားဖြစ်ရေးသည် လက်ရှိအခြေအနေတွင် ရှင်းလင်းမှုမရှိသေးပါ။ သို့ရာတွင် အစိုးရ နှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် သူတို့ အပေါ် လူ့အခွင့်အရေး မချိုးဖောက်မိ စေရန်နှင့် လူမှုဘဝလုံခြုံရေး၊ လူမှုဖူလုံရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရပါ မည်။ အစိုးရအဖွဲ့အစည်းများအနေဖြင့် တရားမဝင် ဝင်ရောက်လာသူများသည် အခြေခံလူ့အခွင့်အရေးများ ရသင့်သည်ဟု လက်ခံ၍ ထိုသူများအပေါ် တည်ဆဲဥပဒေ များအရ အရေးယူဆောင်ရွက်သင့်သည် များကို အများပြည်သူသိသာစေရန် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်သင့်ပါ သည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မထီ လူဝင်မှုကြီးကြပ် ရေးနှင့် နိုင်ငံသား စိစစ်ရေး လုပ်ငန်း ကော်မတီ တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေး လုပ်ငန်း ကော်မတီ
		(ခ) နိုင်ငံသားအဖြစ် အသိအမှတ်ပြုပြီးသော ဘင်္ဂါလီများကိုလည်း ဥပဒေအရ ရသင့် ရထိုက်သော အခွင့်အရေးများကို ပေးရ မည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် နိုင်ငံ တော် လုံခြုံရေးအတွက် ထိုသူများ၏ အခွင့်အရေးများကို ကန့်သတ်ရန်လိုအပ်ပါ ကလည်း ဥပဒေအရ တိကျစွာ ဆောင်ရွက် သင့်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပဋိပက္ခနှင့် ပတ်သက်နေသူအားလုံး၏ လူ့အခွင့်အရေးများကို မည်သူမျှ ချိုး ဖောက်ခွင့်မပြုခဲ့ပါက မလိုလားအပ်သည့် ပြဿနာမြောက်မြားစွာကို ရှောင်ကြဉ်ပြီး သား ဖြစ်သွားမည်ဖြစ်ပါသည်။	ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေ စိုးမိုးရေး လုပ်ငန်း ကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မထီ
		(ဂ) အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခများကို ဖြေရှင်းရာတွင် လူ့အခွင့် အရေးများ မချိုးဖောက်မိစေရန်နှင့် ပြည်နယ်အတွင်းရှိ နေထိုင်သူများ၏		

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားထည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင် အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင် အထည်ဖော်မည့် ကော်မတီ
		ဘဝလုံခြုံမှုကို အလေးပေး ဆောင်ရွက်ရ ပါမည်။ သို့ရာတွင် တိုင်းပြည်၏အမျိုးသား အကျိုးစီးပွားနှင့် မြန်မာပြည်သူတို့၏ လုံခြုံ ရေးအပေါ် ထိခိုက်နိုင်သူများ၏ လူ့အခွင့် အရေးကန့်သတ်မှုများကိုမူ နိုင်ငံတိုင်းက ပြုလုပ်ထတ်ကြပါသည်။ အကယ်၍ လူ ထစ်ဦး သို့မဟုတ် လူ့ဘစ်စု၏ လူ့အခွင့် အရေးများကို ကန့်သတ်ရန် လိုအပ်လာ သည်ဆိုပါက ထိုင်းပြည်လုံခြုံရေးအတွက် အမှန်တကယ် လုပ်ဆောင်ရန် လိုအပ်မှ သာ ပြုလုပ်သင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့် တရား ဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းကော်မတီ
		(ဃ) ရခိုင်ပြည်နယ်တွင် ကျင့်သုံးလျက်ရှိသော တရားရေးကဏ္ဍနှင့် ဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များသည် ပြည်နယ် အတွင်းနေထိုင်သူများ၏ ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် (Problem Solving Machanism) တစ်ခုအဖြစ် ရှိနေရန်လို အပ်ပါသည်။ ထိုသို့ဖြစ်မှသာ ရခိုင်နှင့် ဘင်္ဂါလီအများစုအနေဖြင့် ဥပဒေမဲ့ပြဿနာ ဖြေရှင်းမှုများ လျော့နည်းလာမည်ဖြစ်ပါ သည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့ ပြည်နယ် အစိုးရအဖွဲ့	တည်ငြိမ်အေးချမ်း ရေးနှင့် တရား ဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာဗျူဟာ ရေးဆွဲရေးလုပ်ငန်း ကော်မတီ
		(င) ရခိုင်လူမျိုးများအနေဖြင့် ဘင်္ဂါလီများနှင့် အတူယှဉ်တွဲနေထိုင်ရန် ကြောက်ရွံ့နေ သော ကိစ္စတစ်ခုမှာ ဘင်္ဂါလီများ၏ လူဦး ရေ တိုးပွားနှုန်းဖြစ်သည်။ ထိုတိုးပွားလာ သော လူဦးရေကိုကြည့်၍ ရခိုင်အချို့မှ တရားမဝင် ဝင်ရောက်လာသူများဖြစ်ကြ သည်ဟု ခံယူထားကြပြီး ရခိုင်ပြည်နယ်အား ဘင်္ဂါလီများ ထိန်းချုပ်သော ပြည်နယ်မဖြစ် စေရန် လုပ်ဆောင်ရမည်ဟူသည် အယူ ဝါဒရှိလာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်တိုင်းရင်းသားများက အစိုးရအနေဖြင့် ဘင်္ဂါလီများအပေါ် ပေါ်လစီများ ချမှတ် အကောင်အထည်ဖော်ရန် ဆန္ဒရှိနေကြပါ သည်။ အစိုးရအနေဖြင့် မိသားစုစီမံကိန်းကို စနစ်တကျ လုပ်ဆောင်သွားနိုင်လျှင် ရခိုင် လူမျိုးများ၏စိုးရိမ်မှုများ တစ်စိတ်တစ်ဒေသ လျော့ကျသွားပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ရေးကို အထောက်အကူပြု နိုင်သည်ဟု ပြောဆိုကြပါသည်။ အစိုးရက သော်လည်းကောင်း၊ လူမှုအဖွဲ့အစည်း တစ်ခုခုကသော်လည်းကောင်း ဘင်္ဂါလီများ အပေါ် အုပ်ချုပ်ရေးအာဏာသုံးကာ သားဆက်ခြားရေးအစီအစဉ်များ အတင်း အကျပ်မလုပ်သင့်ပါ။ ထိုသို့ပြုလုပ်ပါက နိုင်ငံတကာအမြင်တွင် ဘင်္ဂါလီများအပေါ် မတရားပြုလုပ်သည်ဟု မြင်နိုင်သည့်အပြင်၊ ဘင်္ဂါလီနိုင်ငံရေးလှုပ်ရှားသူများမှ ဤကိစ္စ ကို အသုံးချ၍ ပြည်နယ်အတွင်း မငြိမ် မသက်မှုများကို ဖန်တီးလာနိုင်ပါသည်။ ထို့အပြင် မိန်းမတစ်ယောက်ထက် ပိုမယူ ရန် အုပ်ချုပ်ရေးအာဏာကို သုံးကာ တားမြစ်ခြင်းများသည် လက်တွေ့တွင် အကျိုးသက်ရောက်မှု အလွန်ပင် အားနည်း နေသည်ကို တွေ့ရပါသည်။ လက်ရှိ အစိုးရ တက်လာသည့်အချိန်ထိ ရခိုင်ပြည်နယ် အတွင်းရှိ ဘင်္ဂါလီများအနေဖြင့် ဒေသ ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ၏ ခွင့်ပြုချက် မရရှိဘဲ အိမ်ထောင်ပြုခွင့်မရှိပါ။ ဤ စည်းမျဉ်းသည် သက်ဆိုင်ရာ အရာရှိမှ ဘင်္ဂါလီများထံ လာဘ်ယူရန် အခွင့်အရေး ဖန်တီးပေးသလိုဖြစ်နေပြီး လက်တွေ့တွင် အကျိုးသက်ရောက်မှုမရှိသည်ကို တွေ့ရ သည်။ ဘင်္ဂါလီအများအပြားသည် သက်ဆိုင်ရာမှ ခွင့်ပြုချက်မယူဘဲ တိတ် တဆိတ် လက်ထပ်ထားသူ အမြောက် အမြားရှိနေပါသည်။ ပြဿနာမှာ ထိုသူ များမှ မွေးဖွားလာသည် ကလေးများသည် မှတ်တမ်းတင်မထားသည် ကလေးများဖြစ် သွားကာ စစ်တမ်းကောက်ယူထားမှု များအရ ထိုကဲ့သို့သော ကလေးပေါင်း ၆၀၀၀၀ ကျော်ခန့်ရှိနေကြောင်း သိရှိရပါ သည်။ သို့ဖြစ်၍ နောင်တစ်ချိန်တွင်လူဦးရေ ပြဿနာများ ရှုပ်ထွေးလာနိုင်ပါသည်။ သို့ဖြစ်၍ အစိုးရအနေဖြင့် ပါကစ္စတန်နှင့် အခြား မူဆလင် နိုင်ငံများတွင် ချမှတ် အကောင်အထည်ဖော်သည် ပညာပေး ရေးနှင့် ဥပဒေများ စနစ်တကျပြဋ္ဌာန်း၍ အစီအစဉ်များ ချမှတ်အကောင်အထည် ဖော်သွားသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စု အစိုးရအဖွဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ INGO,NGO များ	ကုလသမဂ္ဂအဖွဲ့ အစည်း၊ နိုင်ငံ တကာအဖွဲ့အစည်း များ ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဘက်စုံမဟာ ဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ

အချပ်ပို (၈) သို့

ပြည်တွင်းရေးရာနှင့်ကြော်ငြာ

အချပ်ပို(င)မှ

စဉ်	အကြောင်းအရာ	အကြံပြုတင်ပြထားသည့် ဆောင်ရွက်ရန်အချက်များ	လုပ်ငန်းအကောင် အထည်ဖော်မည့် ဌာန	လုပ်ငန်းအကောင် အထည်ဖော်မည့် ကော်မတီ
၁၂	**မီဒီယာကဏ္ဍ**	(က) ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကို တစ်နိုင်ငံလုံးနှင့် နိုင်ငံတကာမှ အသေအချာ စောင့်ကြည့်လျက်ရှိသည်ဖြစ်ရာ အမြဲသတိရှိရပါမည်။ အစိုးရတာဝန်ရှိသူများသည် ပဋိပက္ခနှင့်ပတ်သက်၍ သတင်းမီဒီယာများကို ပြောကြားရာတွင် လည်းကောင်း၊နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံ၍ လုပ်ငန်းများလုပ်ဆောင်ရာတွင် လည်းကောင်း ပြည်နယ်အတွင်း ရှိပြီးသားပြဿနာများကို ပို၍ဆိုးရွားသွားစေနိုင်သည့် အပြုအမူ၊ အပြောအဆိုများကို ရှောင်ကြဉ်သင့်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်အစိုးရ၏ အစိုးရအဖွဲ့ဝင်လူကြီးများအနေဖြင့် ရခိုင်ပြည်နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများမရှိပါဟု အလွယ်တကူ မပြောသင့်ပါ။ ယင်းသို့ ပြောကြားခြင်းသည် ရခိုင်လူမျိုးများအား မလိုလားအပ်သည့် လှုံ့ဆော်မှုများ ပြုလုပ်သလို ဖြစ်နေပါသည်။ အစိုးရအနေဖြင့် တရားမဝင် ဝင်ရောက်လာသူများနှင့် တိုက်စွမ်းများတွင် အဂတိလိုက်စားသည် အစိုးရဝန်ထမ်းများကို ဥပဒေနှင့်အညီ စိစစ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဟုသာ ပြောသင့်ပါသည်။	နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့ ရခိုင်ပြည်နယ်အစိုးရ	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ခ) တို့အပြင် ပဋိပက္ခနှင့် ပတ်သက်သော အကြောင်းအရာများကို internet ပေါ်တွင် ဖုံးထားရန် လုံးဝမဖြစ်နိုင်တော့ပါ။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ဖြစ်စဉ်များကို မှန်မှန်ကန်ကန်၊ တိတိကျကျ ပုံမှန်သတင်းထုတ်ပြန်ပေးသင့်ပါသည်။ ထိုသို့မပြုလုပ်ပါက နှစ်ဖက်စလုံးမှ လှုံ့ဆော်သူများ၏ ထုတ်လွှင့်သော ကောလာတလသတင်းများ၏ လွှမ်းမိုးမှုကြောင့် အခြေအနေများ ပိုမိုဆိုးရွားလာမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်၏ သတင်းတုတ်ပြန်မှု နှေးကွေးမှုအပေါ် နှစ်ဖက်လှုံ့ဆော်သူများမှ အခွင့်အရေးယူကာ ဖြန့်ချိလိုက်သော ကောလာဟလများကြောင့် အခြေအနေများ ဆိုးရွားလာတတ်သည်ကို မကြာသေးခင်က ဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင် တွေ့ရှိနိုင်ပါသည်။	- ၎င်း -	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ
		(ဂ) ရခိုင်ပြည်နယ်၌ ဖြစ်ပွားနေသောပဋိပက္ခများကို ပြည်တွင်းကသာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ အတူးစောင့်ကြည့်နေပြီး ASEAN နိုင်ငံများသို့လည်း နိုင်ငံအချို့တ ဤပြဿနာကို နိုင်ငံတကာပြဿနာဖြစ်လာအောင် ကြိုးပမ်းလျက်ရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဆက်ဆံရာတွင် ဤပြဿနာသည် မြန်မာပြည်တွင်းရေးပြဿနာဟု ပြောရုံဖြင့် မလုံလောက်ပါ။ အစိုးရအနေဖြင့် ရခိုင်ပြည်ရှိ ပဋိပက္ခများကို ပြည်တွင်းပြဿနာတစ်ခုအဖြစ် ဖြေရှင်းနိုင်ကြောင်း လက်တွေ့ပြသရန် လိုအပ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်မှုများနှင့်ပတ်သက်သော သတင်းထုတ်ပြန်မှုများကို ပုံမှန်ပြုလုပ်သွားရန် လိုအပ်ပါသည်။ ရန်ကုန်ရှိ သံတမန်အသိုင်းအဝိုင်းအတွင်း၌ပင် internet နှင့် facebook တို့မှ ရရှိသော မှန်၊ မမှန် သေချာမှုမရှိသည့် သတင်းများကို အခြေခံ၍ အစိုးရအပေါ် အဖြစ်တင်မှုများ ရှိနေပါသည်။ ဤအခြေအနေမျိုးတွင် internet နှင့် social media network (facebook) များကို ထိန်းချုပ်မှုများ ပြုလုပ်ခြင်းမျိုးသည် အခြေအနေကို ပို၍ဆိုးရွားသွားစေနိုင်ပါသည်။ အစိုးရအနေဖြင့် ပို၍တိကျသော သတင်းထုတ်ပြန်မှုများကို ပြုလုပ်ခြင်းနှင့် နိုင်ငံတော်လုံခြုံရေးအတွက် အရေးကြီးသော ကိစ္စမှအပ ကျန်ကိစ္စများကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ခြင်းဖြင့် မတိကျ၊ မလိုလားအပ်သော ကောလာဟလသတင်းများက ကျော်လွှားနိုင်ရန် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သတင်းထုတ်ပြန်ချက်များ အခါအားလျော်စွာ ထုတ်လွှင့်ခြင်းများကို ပုံမှန်ဆောင်ရွက်သင့်ပါသည်။	- ၎င်း -	ဘက်စုံမဟာဗျူဟာရေးဆွဲရေး လုပ်ငန်းကော်မတီ
		(ဃ) ဇွန်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ရခိုင်ပြည်နယ် နေရာအနှံ့အပြား၌ အဓိကရုဏ်းများ ဆိုးရွားလာသည့် အဓိကအကြောင်းအရင်းတစ်ခုမှာ နိုင်ငံတော်အစိုးရ၌ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ပတ်သက်သော လိုအပ်သည့်သတင်းအချက်အလက်များအား ကြိုတင်ရရှိထားခြင်း မရှိသည့်အတွက် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစိုးရအနေဖြင့် အဓိကရုဏ်းများကို ကြိုတင်ကာကွယ်နိုင်ရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို အချိန်မီဆောင်ရွက်နိုင်ရန်အတွက် တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိရန် ဆောင်ရွက်သွားသင့်ပါသည်။	- ၎င်း -	ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ လုံခြုံရေးနှင့် နယ်ခြေစိုးမိုးရေး လုပ်ငန်းကော်မတီ

PARAMI General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital
အရိုးအဆစ် ဒူးဆစ်ကျောရိုးဆိုင်ရာ ခွဲစိတ်ကုသခြင်းအစီအစဉ်
ပါရမီဆေးရုံသို့ လစဉ်ပုံမှန်လာရောက်ကုသပေးနေသော နိုင်ငံခြားမှ
အရိုးအထူးကုဆရာဝန်ကြီးသည် ၂၀၁၃ ခုနှစ်၊ မေလ (၄) မှ (၅)ရက်နေ့ အထိ
လာရောက်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးနိုင်ပါပြီ။

အမှတ် (၆၀) (ဂို-၁)၊ ပါရမီလမ်းသစ် (ချော်တွင်းကုန်းပီးပွိုင့်အနီး)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၆၆၀၀၀၃၊ ၆၅၇၀၇၄၊ ၆၅၇၂၂၆၊ ၆၅၇၂၂၈၊ ၆၅၇၂၄၀၊ ၆၅၇၂၃၃၊ ၆၅၇၂၄၂

Y.E.C
ဗိုလ်မှူးကြီးရဲထွန်း(ငြိမ်း)နှင့် ဆရာဦးသဇင်မောင်(အင်္ဂလိပ်စာ)
အချိန်ပြည့်ကြပ်မတ်သည်။
Y.E.C ၏
သင်ကြားပို့ချသော ဆရာကြီး၊ ဆရာမကြီးများ
ဒေါက်တာ Ph.D
ဒေါက်တာ Ph.D
ဦးသက်မောင် (STUDENTS' CHOICE)
ဒေါက်တာ Ph.D (MATHS)
ဆရာဗိုလ် B.E (Electronics)
ဒေါက်တာ M.B.B.S
အခြေခံပညာကိုယ်ပိုင်အထက်တန်းကျောင်း
၅တန်းမှတက္ကသိုလ်ဝင်တန်း

ဧည့်အိုးတန်းဝိုင်း၊ ရန်ကင်းကျောင်း
နေ့တက်ကျောင်း လက်ခံပြီ။
၀၁ ၅၀၀ ၅၅၁ ၊ ၀၉ ၅၃၁ ၃၄၅ ၀၁
ရန်ကင်း။ ၉၇၊ ဧည့်အိုး၊ တန်းလမ်း(အထက်)၊ သာသာမြို့နယ်၊ ရန်ကုန်။ ၀၉ ၅၃၀ ၃၄၂၈၉ ၊ ၀၉၄ ၁၆ ၁၆ ၆

SAKURA AUTO AUCTION CENTRE

RAN SPEED AUTO CENTRE

URL : www.sakura-auction.com, Email : sakuragroup11@gmail.com

STC

RS AUTO

ဒုတိယအကြိမ် ကံစမ်းမဲဖွင့်ရန် (၁-လ) သာလိုပါတော့သည်
ကံစမ်းမဲ ဖွင့်ပွဲအမီ လေလံဝန်ဆောင်မှုများသာမက
Showroom **မှကားများကိုလည်း ထပ်မံဈေးလျှော့ရောင်းချပေးနေပါပြီ။**

Saloon ကားလေးများ လေလံဆွဲဝယ်ယူမည်ဆိုပါက (Auction Prices + ကျပ် ၁၆သိန်း) CIF YANGON ဆိပ်ကမ်းအရောက်တန်ဖိုး

Wagon ကားများ လေလံဆွဲဝယ်ယူမည်ဆိုပါက (Auction Prices + ကျပ် ၁၈ သိန်း) CIF YANGON ဆိပ်ကမ်းအရောက်တန်ဖိုး

ဘဏ်အကောင့်ဖွင့်ပေးခြင်း၊ ပါမစ်လျှောက်ထားပေးခြင်း၊ ငွေလွှဲပေးခြင်း ၊ သင်္ဘောတင်ခြင်းအပါအဝင် ရန်ကုန်ဆိပ်ကမ်းရောက်သည်အထိ

တာဝန်ယူဆောင်ရွက်ပေးပါသည်၊ စုစုပေါင်းတန်ဖိုး၏ ၅၀% သာပေးချေ၍ ကျန်ငွေကို သင်္ဘောတင်ပြီး BL ရောက်မှပေးချေနိုင်ပါသည်၊

အလုပ်ရှုပ်ခံ၍ ဘဏ်တွင်အကောင့်ဖွင့်ရန်မလို၊ ကုမ္ပဏီအရောင်းခန်းမတွင် One Stop Services ဖြင့် အားလုံးဝန်ဆောင်မှုပေးနေပါသည်၊

မီနီလိုက်ထရပ် များအား ကျပ်သိန်း ၅၀/၆၀ ခန့်ကျင်းပြင်ရောင်းပေးနေပါသည်၊

(၁)တန် လိုက်ထရပ် များအား ကျပ်သိန်း ၉၀/၁၀၀ ခန့်ကျင်းပြင်ရောင်းပေးနေပါသည်၊

မော်တော်ယာဉ်ဝယ်ယူသူများအား Free Routine Check up & Free Servicing လုပ်ငန်းများအား (၁)နှစ် လက်ခမဲ့ ဝန်ဆောင်မှုပေးနေပါသည်၊

April (၁)ရက်နေ့မှစ၍ မော်တော်ယာဉ်ဝယ်ယူသူတိုင်း Free Service Coupon Card များ ရယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်၊

ဒုတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲ(၁.၆.၂၀၁၃) စနေနေ့

တတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲ(၃၁.၁၂.၂၀၁၃) *New Year Dinner* ပွဲနှင့်အတူ

၂၀၁၃ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ဝယ်ယူအားပေးကြသော
မိတ်ဟောင်း မိတ်သစ်များ ကို ကျေးဇူးတုံ့ပြန်သောအားဖြင့်
မော်တော်ကား (၅) စီး (အခမဲ့ပေါက်)၊ မော်တော်ဆိုင်ကယ် (၅) စီး၊ ၄၀ လက်မ TV (၅) လုံးနှင့်
ဇလာမဝါ အခြားဆုမဲပေါင်းများစွာ စုစုပေါင်းကျပ်သိန်း (၁၀၀၀)ကျော်ဖိုးကို ကံစမ်းမဲဖောက်၍
ညစာစားပွဲ၊ ဂီတဖျော်ဖြေပွဲများနှင့်အတူ ကျေးဇူးတုံ့ပြန်မည်ဖြစ်ပါသည်။

၁။ ၁၄/ခ ရပ်ကွက်၊ ရွယ်ရီဥယျာဉ်အိမ်ရာ၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၅၆၆၁၀၆၊ ၅၆၆၁၀၉

၂။ အမှတ်(၁)၊ သံသုမာလမ်းနှင့် သစ္စာလမ်းထောင့် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၅၀၀၆၈၂၊ ၀၉ ၈၆၁၈၃၈၆

၃။ အမှတ်(၂၄/၂၅ - ဘီ)၊ ဂုဏလမ်း၊ စင်တော်မှကျေး၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၂ ၆၅၃၃၁၉၊ ၀၉ ၅၁၉၈၆၄၆

၄။ အမှတ်(၂)၊ သိပ္ပံလမ်း၊ ၆၀ × ၆၁ လမ်းကြား၊ ပြည်သစ် (၁) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၇၃၀ ၂၅၈ ၂၇

၅။ အမှတ် (OS - ၂၁)၊ ရာဇသင်္ဂဟလမ်းမကြီး၊ အင်ကြင်းပန်း အဝိုင်းအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၁၇၄၆၂/၆၃

၆။ အမှတ် (OS - ၂၂)၊ ရာဇသင်္ဂဟလမ်းမကြီး၊ အင်ကြင်းပန်း အဝိုင်းအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၁၇၄၆၄/၆၅

ဘော်ဝင်မိသားစုကုမ္ပဏီသည် နေရာကောင်းကောင်းတွင် အဆင်ပြေပြေနေထိုင်လိုသူများ အတွက် လှော်ကားတော်ဝင်အနီး အလုံလမ်းကြေးဝေ်တွင် ဖန်းသစ်ခွင့်ရှိပြီးသော Orchid Condominium အိမ်ရာကို အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ထူးခြားစွာ ဆောက်လုပ်ပေးလိုက်ပါသည်။

- ရန်ကုန်မြို့၏ အချက်အချာကျပြီး စိတ်ငြိမ်ရပ်ကွက်တွင် တည်ရှိခြင်း။
- ယာဉ်ပိတ်ဆို့မှု ကင်းဝေးပြီး သွားလာလွယ်ကူသည့် နေရာတွင် တည်ရှိခြင်း။
- အလုံမြို့နယ် အ.ထ.က(၁/၂/၃/၄/၅/၆)ကျောင်းများ၊ Sakura ဆေးရုံ၊ အာရှတော်ဝင်ဆေးရုံ၊ ပဟိုအမျိုးသမီးဆေးရုံ၊ ကလေးဆေးရုံ၊ အကယ်ဒမီဆေးရုံ စသည့်ဆေးရုံများ ၊ Shopping Centre များ၊ ဈေးများနှင့် နီးကပ်စွာတည်ရှိခြင်း။
- ဖွဲ့စည်းမှုကောင်းသော အခန်းများတွင် စိတ်ရောကိုယ်ပါ အပန်းဖြေနိုင်သော နေထိုင်မှုဘဝကို ခံစားရရှိနိုင်ခြင်း။
- စနစ်တကျဆောင်ရွက်ထားသော ရေပေးဝေမှုစနစ် ၊ မီလွှာစနစ်၊ အမှိုက်နှင့် သန့်ရှင်းရေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးကာကွယ်ရေးစနစ် စသည်တို့ကို အဆင့်မြင့်မြင့် ဆောင်ရွက်ထားရှိခြင်း။
- လုံလောက်သော Car Parking ၊ အားကစားခန်းမ၊ ရေကူးကန်၊ Mini Market များကို ထည့်သွင်းတည်ဆောက်ထားခြင်း။
- (၂၄)နာရီ လျှပ်စစ်မီးရရှိရန်အတွက် Generator များအလုံအလောက်တပ်ဆင်၍ ခေတ်မီလျှပ်စစ်ကိရိယာများ အသုံးပြု၍ နည်းစနစ်မှန်ကန်စွာ တပ်ဆင်ထားခြင်း။
- အခန်းတွင်းကို ခေတ်မီစွာ အဆင့်မြင့် ပြင်ဆင်ပေးခြင်း။
- နောက်ဆုံးပေါ်မြန်နှုန်းမြင့် ဓါတ်လှေခါး(၄)စင်း တပ်ဆင်ထားခြင်း။
- မည်သည့်ကုမ္ပဏီမှ ဆောင်ရွက်ပေးသည်မရှိသည့် လုံခြုံရေး၊ သန့်ရှင်းရေး၊ မီလွှာစနစ်၊ ဓါတ်လှေခါးတို့အတွက် လျှပ်စစ်မီတာခအပါအဝင် ဝန်ဆောင်မှု စရိတ်များကို (၁၅)နှစ်တိုင်အောင် ကုမ္ပဏီမှမယူဘဲ ကျခံဆောင်ရွက်ပေးခြင်း စသည့်အထူးကောင်းမွန်သော အကျိုးများရရှိနိုင်သည့် **Condominium** ကိုစတင်ရောင်းချပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပေးအပ်ပါသည်။

Type အမျိုးအစား(၈)မျိုးဖြင့် ဖွဲ့စည်းထားပြီး ဈေးနှုန်းကျပ်သိန်း(2550) မှ ကျပ်သိန်း(5700) တန်ဖိုးရှိ အဆင့်မြင့် Condominium တိုက်ခန်းများအား မိမိကြိုက်နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်ပါပြီ။

အခန်း(၅၀)အားပထမဦးဆုံး ဝယ်ယူအားပေးသော Customer များအား အထူးပစ်စည်းလက်ဆောင်ရှိပါသည်။

Customer များ၏ တောင်းဆိုချက်အရ နောက်ဆုံးအနေဖြင့် အခန်း(၃၀)ကိုထပ်မံတိုးမြှင့်၍ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများအား မေတ္တာလက်ဆောင်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အရောင်းဝင်ဗဟို

ဘော်ဝင်စင်တာ ၊ တတိယထပ် ၊ အခန်း (၃၀၀၁) ၊အမှတ်(၃၅)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် ။

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) (၄၇)နှစ်

ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၀၀)၊ ကွက်သစ်လမ်း၊ ကျိုက်တော်ရပ်နေ [ဒုတိယဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း)]-ဒေါ်သန်းသန်းထွေးတို့၏ စတုတ္ထသား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၀၇၇)၊ မဟာဗန္ဓုလ ပန်းခြံလမ်းနေ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)-ဒေါ်ညွန့်အေးတို့၏သားသမက်၊ မိတ္ထီလာမြို့နေ ဦးထွန်းထွန်း-ဒေါ်အေးအေးမာ (စုမြတ်ယမင်းမီဒီယာလုပ်ငန်း)၊ (ဗိုလ်ကျော်ကျော်ထွန်း)၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးအောင်အောင်(ငြိမ်း)-ဒေါ်လှသူဇာဝင့်၊ (ဦးအောင်ဝင်း)-ဒေါ်စံပယ်ထွန်း(ရောင်နီထွန်း မိတ္တူရောင်းဝယ်ရေး)၊ ဦးနီနီထွန်း-ဒေါ်နိုင်နိုင်ညွန့်(ရောင်နီထွန်းမိတ္တူရောင်းဝယ်ရေး)တို့၏ညီ/ မောင်၊ ဗိုလ်ကြီး ညီညီထွန်း(ငြိမ်း)-ဒေါ်ခိုင်သွဲ့သွဲ့သူတို့၏ အစ်ကို၊ ဒေါ်နှင်းဆီထွန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဉာဏ်ဝင်းကန်း၊ မောင်အောင်ခန့်ဝင်းထွန်း (အထက-၀၊ ဒဂုံ)တို့၏ မေးသဖခင် ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)သည် ၃၀-၄-၂၀၁၃ (အင်္ဂါနေ့) နံနက် ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃ (ကြာသပတေး နေ့) ညနေ၄နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) (၄၇)နှစ်

ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊အမှတ်(၀၀)၊ ကက်သစ်လမ်း၊ ကျိုက်တော်ရပ်နေ[ဒုတိယဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း)]-ဒေါ်သန်းသန်းထွေးတို့၏ စတုတ္ထသား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊အမှတ်(၀၇၇)၊ မဟာဗန္ဓုလ ပန်းခြံလမ်းနေ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)-ဒေါ်ညွန့်အေးတို့၏ သားသမက်၊ ဦးအောင်နိုင်ဝင်း-ဒေါ်ဉမ္မာဆွေ၊ ဗိုလ်မှူးချုပ်အောင်ဆန်းဝင်း-ဒေါ်လင်မာဦး၊ ဗိုလ်ချုပ်အောင်ရဲဝင်း-ဒေါ်နွယ်နွယ်ဦးတို့၏ ညီ၊ ဦးအောင်စောဝင်း (SRS SHIPPING))-ဒေါ်လင်လွင်ပြုံးတို့၏အစ်ကို၊ ဒေါ်နှင်းဆီထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်ဝင်းထွန်း၊ မောင်အောင်ခန့်ဝင်းထွန်း (အကကက-၀၊ဒဂုံ)တို့၏ မေးသဖခင် ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)သည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) (၄၇)နှစ်

တေဇ(၀၅)

မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာရှိနေအိမ်ဝင်းနေ ဒေါ်နှင်းဆီထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်ဝင်းထွန်း၊ မောင်အောင်ခန့်ဝင်းထွန်း(အကကက-၀၊ဒဂုံ)တို့၏ မေးသဖခင် ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)အသက်(၄၇)နှစ်သည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့)၊ နံနက် ၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကဌာန၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တေဇ(၁၅)မှသူငယ်ချင်းများ

အထူးကျေးဇူးတင်ရှိခြင်း

၂၇-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ဆရာမဒေါ်အိပပထေး (ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၏ ကွယ်လွန်ချိန်မှစ၍ မြေကျချိန်နှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာချိန်အတွက်ပါ အစစအရာရာ ကူညီစောင့်ရှောက်ထောက်ပံ့ပေးကြပါသော အေးငြိမ်းချမ်းသာအောင်မင်္ဂလာကျောင်းဆရာတော်ကြီးနှင့် ဓမ္မကထိက ဆရာတော်များ၊ ရပ်ကွက်လူကြီးများ၊ ဝတ်အသင်းသူများ၊ ရပ်ကွက်သူရပ်ကွက်သားများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအား အကူးပင်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးတင်ရှိခြင်း

၂၇-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်အိပပထေး (T.T.C မူ/ပြ)၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှလိုလေသေး မရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ တပည့်များ၊ ဝန်ထမ်းများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ လမ်းသပန်းခြင်းပေးပို့ကြပါသော မိတ်ဆွေအပေါင်းအသင်း ဆရာ၊ဆရာမများနှင့် တပည့်များ၊ လှကိုယ်တင်သော်လည်းကောင်း၊ ဖုန်းမြင့်သော်လည်းကောင်း အားပေးနှစ်သိမ့်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အခြားသောကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်မြ(ပန်းခိုင်) အသက်(၈၇)နှစ်

မြို့မဆင်ဖြူတော်မခင်ကြီး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၀၂၂/၀၂၄)နေ (ဦးအောင်ကြီး-ဒေါ်သောင်းစိန်)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးလှဒင်-ဒေါ်ရွှေအိ)တို့၏သမီးချွေးမ၊ (ဦးအောင်ကျော်)၏ချစ်လှစွာသောဇနီး၊ ဦးမောင်မြင့်-ဒေါ်မြင့်မြင့်ဝင်း၊ ဦးခင်မောင်ဝင်း-ဒေါ်ယဉ်အေး၊ ဦးတင်ချို-ဒေါ်ဝင်းကြည်၊ (ဦးဝင်းအောင်)၊ ဦးသန်းလှုင်-ဒေါ်စန်းစန်းကြည်၊ ဦးသိန်းဝင်း-ဒေါ်ရီရီချိုတို့၏ ချစ်လှစွာသော မေးသမိခင်၊ မြေး ၀၀ ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၄-၂၀၁၃ (တနင်္လာနေ့) ည ၇း၀၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို ပို့ဆောင်ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအားသိစေအပ်ပါသည်။ (နေအိမ်မှ ကားများမန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးသိန်း အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ထီးတန်းလမ်း၊ အမှတ်(၃/၅)နေ(ဦးထွန်းရွှေ-ဒေါ်အေး)တို့၏သမီး၊ ဦးလှမြင့်-ဒေါ်အုန်းသင်၊ (ဦးထွန်းဝေ)၊ ဒေါ်သန်းသန်းအေးတို့၏ ညီမ၊ ဦးမြင့်ဇော်-ဒေါ်အေးအေးသန်း၊ ဦးလှဌေး-(ဒေါ်တင်တင်ဝင်း)တို့၏အစ်မ၊ ကိုမြင့်ဇော်ဦး-မစန်းစန်းညွန့်၊ ကိုအောင်မျိုးသိန်း-မဇင်မာထွေး၊ ကိုလှရွှေဖြင့်၊ မနီနီအောင်၊ ကိုနေလ၊ မောင်ကိုကိုအောင်-မမိုးမိုးလဌေး၊ ကိုရဲဝင်းဖြိုး၊ ဗိုလ်အောင်အောင်-မအိမ်မန်တြာ၊ မောင်ဟန်းသူဇော်၊ (မအိအိလှဌေး)၊ မဟေမာဦး၊ မသီတာမြင့်ဇော်၊ မောင်ပြည့်စုံဇော်တို့၏ အဒေါ်သည် ၂၉-၄-၂၀၁၃ (တနင်္လာနေ့) ည ၁၀း၃၅နာရီတွင် အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၃၊ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိစ္စ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်အုန်းကြည်(၉၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၂)၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်နေ [ဦးတင်အောင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)]၏ ဇနီး၊ [ဦးအောင်သန်းမြင့် (R/o)]-ဒေါ်ခင်မျိုးမြင့် (MEIC)၊ [ဦးရန်နိုင်စိုးအုန်း (Ex.E/E)]-ဒေါ်ခင်မျိုးတင့်(စီမံထိန်းမှူး-ငြိမ်း)၊ ဦးဝင်းတင်(Ex. R/o)-ဒေါ်ခင်မျိုးကြွယ်(BAC-ငြိမ်း)၊ ဒေါက်တာသောင်းထိုက်-ဒေါ်ခင်အေးလှင်(သုတေသနမှူး-ငြိမ်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ ဦးခင်မောင်မြင့်-ဒေါ်မြတ်ပွင့်ဖြူတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်ထို၏ အဘွား ဒေါ်အုန်းကြည်သည် ၂၉-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၃ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၀၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအက်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

လင်တိတိဦး(ခ)ဦးတင်ဝင်း အသက်(၈၂)နှစ်

(ဦးလှတန်ပွဲရုံ၊ ဘုရင့်နောင်)

ရန်ကုန်မြို့၊ စဉ့်အိုးတန်းလမ်း၊ အမှတ်(၂၆/၂၇-က)နေ [လင်ချိန်ကြို(ခ)ဦးစိုးဝင်း-လျောင်ရှမ်း(ခ)ဒေါ်ရှမ်း]၊ အမှတ်(၀၃၈)နေ (လင်စုတ်လိုင်-ဒေါ်ပေကျင်)ထို၏ တူသား၊လင်ခိုင်ခေး-အင်ပိုးကြူးထို၏ညီ၊ အင်စေ့တိတ်-လင်လေဖိတ်ထို၏ အစ်ကို၊ ဒေါ်အေးအေးနု-ဦးစိုးအောင်၊ ဦးလှဟန်-ဒေါ်ခင်မေရီ၊ ဦးလှမြင့်-ဒေါ်နီနီ၊ ဒေါ်အေးအေးဆွေ-ဦးကျော်ခိုင်၊ ဦးအောင်ကြည်-ဒေါ်စမ်းစမ်းမြတ်၊ ဒေါ်လှလှဝင်း-ဦးကျော်စိုးတို့၏ ချစ်လှစွာသောမေးသဖခင်၊ [ဂန်စေ့တှ(ခ) ဒေါ်သန်းမေ]၏ ချစ်လှစွာသော ခင်ပွန်း၊ မြေး ၀၈ ယောက်တို့၏ ချစ်လှစာသောအဘိုးသည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) မန်းလွဲ ၁၂း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၀၀ နာရီတွင် အကကပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးအောင်သိန်း(၇၆)နှစ်

မြောက်ဦးမြို့(ဂုဏ်ကျွန်းရွာ)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ဂုဏ်ကျွန်းကျေးရွာနေ (ဦးမောင်စံသာ-ဒေါ်မစောစိန်)ထို၏ သား၊ (ဦးဘညွန့်-ဒေါ်မမဦး)တို့၏သားသမက်၊(ဦးရွှေသာ)၊ (ဦးသာထွန်း)၊ ဒေါ်ခင်သိန်း၊ ဒေါ်မေချေ၊ ဦးခင်မောင်၊ (ဦးသန်းရွှေ)၊ ဒေါ်ခင်ထွေးထိ၏ ညီ/အစ်ကို၊ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်စုစုအေး၊ ဦးစိုးမြင့်၊ ဦးကျော်ငြိမ်း-ဒေါ်နွယ်နွယ်စိုး၊ မောင်မျိုးသန့်၊ မသော်တာအောင်ထွေးတို့၏ မေးသဖခင် ဦးအောင်သိန်းသည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၉း၀၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[အမှတ်(၀၃၅၆)၊ (၄၉)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ မြောက်ဒဂုံနေအိမ်မှ ကားများ နံနက် ၀၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်လွင် အသက်(၄၇)နှစ်

ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပဂ်(၂၈)လမ်း၊ အမှတ်(၆၀၀/ခ)နေ(ဦးမောင်ဝီ)-ဒေါ်ရှင်တို့၏ သားကြီး၊ ဦးအောင်ဝင်း-ဒေါ်ကြည်ကြည်ဝေထို၏ မောင်၊ ဦးသိန်းလှင်-ဒေါ်မိုးမိုး၊ ဦးသိန်းဇော်-ဒေါ်သင်းသင်းဆွေ၊ ဦးတင်စိုး-ဒေါ်မိုးသုဇာတို့၏အစ်ကို၊ ဒေါ်သီသီဇင်၏ခင်ပွန်း၊ မစန္ဒကူးလွင်၏ဖခင်သည် ၂၉-၄-၂၀၁၃(တနင်္လာနေ့) ညနေ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက်၇နာရီမှ ၀၀နာရီထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဇာတ်သဘင်ပညာရှင်မင်းသမီးကြီး

လွတ်လပ်ရေးအောင်သန်းတင်(ခ)ဒေါ်မြစ်နံ (၉၄)နှစ်

အလင်္ကာကျော်စွာရွှေမန်းတင်မောင်ဇာတ်သဘင်အဖွဲ့ (ယခင်)အကြီးမေးပုဂ္ဂိုလ်၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဗဟိုအကဲဖြတ်ဒိုင်(အကနှင့်ဇာတ်သဘင်) ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ သက်ကြီးကန်တော့ခံ(သဘင်၊ ရုပ်ရှင်အစည်းအရုံး)

(ဦးတောက်ထိန်-ဒေါ်အေး)တို့၏ သမီး၊ ဦးကင်းမောင်၏ ဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၂၄)၊ (ခြောက်လွှာ-A)နေ ဦးထွန်းထွန်းဦး-ဒေါ်ခင်မာသန်းတို့၏ မိခင်၊ မောင်ကျော်ဇင်ဦး၊ မောင်ကျော်မင်းအောင်ထို၏ အဘွားသည် ၃၀-၄-၂၀၁၃ (အင်္ဂါနေ့) မန်းလွဲ ၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီထွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်ထွန်း(ခ)ဒေါ်အုန်းကြည် (၈၃)နှစ်

(အငြိမ်းစားဆရာမကြီး၊ အတက-၂၊ တောင်ငူ)

တောင်ငူမြို့နေ အမျိုးသားကျောင်းဆရာကြီး [ဦးထွန်းဖေ(ရွှေကျင်)-ဒေါ်သန်းရွှေ]တို့၏ သမီးကြီး၊ ဒေါ်ရီရီထွန်း(ရုံးအုပ်၊ သစ်တော-ငြိမ်း)၊ ဗိုလ်ချုပ်ပေါ်ထွန်း(ငြိမ်း)(တပ်မတော်-ရေ)-ဒေါ်မီမီသိန်း၊ (ဦးမြင့်ထွန်း)-ဒေါ်အမာ (တောင်ငူ)၊ ဦးမြင့်ရွှေ(လှုတ်တော်ရှေ့နေ)-ဒေါ်တင်တင်ထွန်း(စီမံဌာနမှူး-ငြိမ်း၊ တောင်ငူ ပညာရေးကောလိပ်)ကို၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါက်တာကျော်ထွန်းဦး-ဒေါ်တင်တင်ဦး(နည်းပြ-ငြိမ်း၊ ပဲခူးကောလိပ်)၊ ဦးမျိုးဝင်း(အင်ဂျင်နီယာချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-ဒေါက်တာခင်သီတာ(ပါမောက္ခ၊ ရူပဗေဒ၊ ကျောက်ဆည်ထက္ကသိုလ)၊ ဦးကျော်ထွန်းလတ် (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဖြူဖြူမြင့်(လက်ထောက်မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးကျော်ထွန်းလေးတို့၏မိခင်ကြီး၊ တူ/တူမ ၀၀ ယောက်တို့၏ ကြီးကြီး၊ မြေးငါးယောထ်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ကြည်ကြည်ထွန်း(ခ) ဒေါ်အုန်းကြည်သည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၃ နာရီတွင် အကယ်ဒမီ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တိုက်(၂)၊ အခန်း(၀)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်း၊ နာနတ်တောလမ်း၊ ထမာရွတ်မြို့နယ နေအိမ်မှ ကားများ မွန်းလွဲ ၀ နာရီထွင် ထွက်ပါမည်။][ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၃(စနေနေ့)တွင် အထက်ပါ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရတန်း၊ သိပ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ပြုံးရီ(ခ)အန်တီပြုံး (၆၇)နှစ်

(ကီလီ-၆၊ ရုပ်ရှင်ခြံ)

(ဦးသောင်း-ဒေါ်ခင်ညွန့်)တို့၏ သမီး၊ အမှတ်(၆)၊ ကီလီရိပ်သာလမ်းသွယ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးတင်ငွေ)၏ ဇနီး၊ ဦးတင်အောင်-ဒေါ်နုနုဝင်း၊ ဦးမြင့်အေး-ဒေါ်တင်မေခိုင်၊ (မတင်မျိုးလတ်)၊ မတင်မိုးလတ်တို့၏ ချစ်လှစွာသောမိခင်၊ မောင်အောင်ချမ်းမင်း(အထက-၄၊ အလုံ)၊ မောင်သန့်ဇင်ဦး (အလက-၀၊ ဒဂုံ)၊ မအင်ကြင်းမေ(အလက-၀၊ ဒဂုံ)တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ခင်ပြုံးရီ(ခ)အန်တီပြုံးသည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၃း၀၃ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးစု (၅၃)နှစ်

ရန်ကုန်မြို့၊ (၃၂)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ (ဦးထွန်းအောင်-ဒေါ်ညို)တို့၏ သမီးငယ်၊ ဦးသိန်းရွှေ-(ဒေါ်တိုးစိန်)တို့၏ သမီးချွေးမ၊ (ဦးကျော်မြင့်-ဒေါ်သင်းသင်း)၊ (ဦးသန်းအောင်)-ဒေါ်ခင်မလေး၊ (ဦးလေးမော်)-ဒေါ်ချိုချို၊ ဦးမြင့်စိုး-(ဒေါ်မြင့်မြင့်တုံ)၊ ဦးစိန်ဝင်း-ဒေါ်ခင်မာညို၊ (ဦးနေဝင်း)-ဒေါ်တင်တင်စိန်ထို၏ ညီမ၊ ဦးမြင့်ဇော်၏ ဇနီး၊ ကိုအောင်ကျော်ဇော်နိုင်-မသဇင်ဇော်ဇော်(အမက-၀၃၊ တောင်ဒဂုံ)၊ မကိုက်ထိုက်မြင့်ဇော်(ရန်ကင်း T.T.C)ထို၏ မေးသမိခင်၊ မြေးတစ်ယောက်၏ အဘွား ဒေါ်အေးအေးစုသည် ၃၀-၄-၂၀၁၃ ရက် နံနက် ၅း၃၅ နာရီထွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးကျော်သန်း(ခ)ဟာဂျီမာမွတ် (ဘားလမ်း) အသက်(၈၀)

(ကုန်သွယ်ရေး-ငြိမ်း)

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သဝဏ္ဏ၊ အမှတ်(၀၀၅)၊ အခန်း-၈၊ မဲဒံ့လမ်းနေ (ဦးဟာဒီ-ဒေါ်နီနီ)ထို၏ သား၊ ဒေါ်ရန်၏ ခင်ပွန်း၊ ဦးအုန်းခင်(တကီ)-ဟာတေမာ၊ ဦးအေးမင်းသ-ဒေါ်စန်းစန်းအေး၊ ဦးမြသွင်-ဒေါ်ရင်ရင်မြင့်၊ ဒေါ်အေးအေးမြင့်၊ ဦးကျောနေဦး-ဒေါ်အေးအေးသန်း၊ (ဦးကျော်ကျော်ဝင်း)-ဒေါ်အေးစန္ဒာမျိုး၊ ဒေါ်ခိုင်ကျော်မိုး၊ ဦးညီညီထွန်းထို၏ ဖခင်၊ မြေး ရှစ်ယောထ်တို့၏အဘိုးသည် ၂၅-၄-၂၀၁၃ရက် ည ၀၀း၀၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၄-၂၀၁၃ ရက်တွင်ရေဝေးကဘာရ်စတန်၌ ဒါဖ္ဖနာ ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်နွံ့နွံ့ဝင်း(ပေါင်းတည်) (သူနာပြုအုပ်-ငြိမ်း) အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၀၉/က)ရပ်ကွက်၊ သိရိမာလာလမ်း၊ အမှတ်(၆၀/က)နေ (ဦးခင်မောင်)- ဒေါ်ခင်သန်းထို၏ သမီးကြီး၊ ဦးမောင်မောင်မြင့်၏ ချစ်လှစွာသောဇနီး၊ မသီတာဝင်း၏ မွေးသမိခင် ဒေါ်နွံ့နွံ့ဝင်းသည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့) နံနက် ၇း၃၀ နာရီထင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်မြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရဲမြင့်(၇၂)နှစ်

B.Ed

(အလက-၅၊ မြောက်ဥက္ကလာပ) (ကျောင်းဆရာ-ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုမတ္တာ(၀၃)လမ်းနေ (ဦးစံမြ-ဒေါ်ကြင်မြင့်)တို့၏ သား၊ အမှတ်(၀၇/၄)၊ မင်းဒင်လမ်းသွယ်(၂)၊ (၂၉)ရပ်ကွက်၊ သဝဏ္ဏ၊ သယ်န်းကျွန်းမြို့နယ်နေ ဒေါ်သန်းလ၏ ခင်ပွန်း၊ ဦးတင့်လွင်(Max Energy Co., Ltd.)-ဒေါ်ခင်ခင်သစ်ကို၏ ဖခင်၊ မခင်ရတနာသစ်၊ မဝင့်ဒီမိုသစ်ထို၏ အဘိုးသည် ၃၀-၄-၂၀၁၃ ရက် နံနက် ၆း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီထင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါသည်။ (သဝဏ္ဏ နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

စောဂေသ(ခ)ကိုဘလေး အသက်(၄၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈-လမ်း(အထက်)၊ အမှတ်(၂၂၀)၊ လေးလွှာ(ဝဲ)နေ (ဦးစောရေမန်)-ဒေါ်ဒီဘိုးရာမောင်တို့၏သားကြီး၊ နော်ဘေဘီ ရမူးနာ၏မောင်၊ စောအိုင်းဇက်၏ အစ်ကို စောဂေသ (ကိုဘလေး)သည် ၂၉-၄-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေး ခရစ်ယာန် ဂိုဏ်းပေါင်းစုံ သုသာန် ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း။(၃၈လမ်း နေအိမ်နှင့် ဇမာနေ့လ နှစ်ခြင်းဘုရား ကျောင်းတို့မှ ကားများ နံနက် ၈ နာရီကင် ထထ်ပါမည်ဖြစ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဘပနတ်ထံပျံလွန်တော်မူခြင်း

တာမွေဆုထူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက် သန်လျင်ဆုထူးပန်ပါးတောမြတ်မွန်ဝေဠုပန်ဓမ္မရိပ်သာ၊ ဆုထူးမန်မဟာဖြဟ္မဝိဟာရကျောင်း၊ ဆုထူးပန်ပေါ်တော်မူကျောင်းနှင့် ဆုထူးပန်သီရိမင်္ဂလာကန်တော်ပရဟိတဘုန်းတော်ကြီးသင် ပညာရေး ကျောင်းတိုက်တို့၏ ဦးစီးဝဓာနမဟာနာယက၊ နိုင်ငံတော်ဟေရပါဒ ဗုဒ္ဓသာသနာပြုသြဝါဒါစရိယ၊အဂ္ဂမဟာဂန္ထဝါစကဝဏ္ဏိတ၊အဂ္ဂမဟာဝဏ္ဏိတ

ဘဒ္ဒန္တသလ္လာဝဏ္ဏိတမဟာထေရ်မြတ်ကြီး သိက္ခာတော်(၅၆)ဝါ၊ အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ နတ်မောက်ရိပ်သာလမ်း၊ ဆုထူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက်နှင့် ကျောင်းတိုက်ကြီးလေးတိုက်တို့၏ ဦးစီးပဓာနမဟာနာယက၊ မြို့နယ်သံဃနာယက(ရွှေကျင်)ဥက္ကဋ္ဌဆရာတော်ကြီးဖြစ်သောမူသော ဘဒ္ဒန္တသလ္လာပဏ္ဍိတမဟာထေရ်(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) သိက္ခာတော်(၅၆)ဝါ၊ သက်တော်(၇၆)နှစ်သည် (၁၃၇၅ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော်၄ရက်)၊ ၂၉-၄-၂၀၁၃(တနင်္လာနေ့) နံနက်၀၀နာရီတွင် ဘဝနတ်ကံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော်၁၀ရက်)၊ ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) မန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇာထျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆရာတော်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါဟိကာမကြီး

ဒေါ်သန်းကြည် (၁၀၁)နှစ်

ညောင်တုန်းမြို့နတ် ရာသက်ပန်အသင်းပင်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊အမှတ်(၀၈)နေ (ဦးဘိုးအုံး-ဒေါ်ငွေမယ်)တို့၏သမီး၊ (ဦးအုန်း)၏ဇနီး၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာနေ ဒေါ်သန်းသန်းမြင့်-ဦးကျော်ဝင်း၊ ဒေါ်တင်တင်ဆွေ၊ဒေါ်စန်းစန်း-ဦးလှမြင့်တို့၏ မိခင်၊ ဦးအောင်နိုင်ဦး၊ ဦးစိုးမိုး-ဒေါ်နုနုကြေး၊ ဒေါ်တင်နွယ်ဦး၊ ဦးအောင်ကျော်ကျော်၊ ဒေါ်နေခြည်လင်း-ဦးသန့်ဇော်မင်း၊ ဦးနေမင်းထွန်းတို့၏ အဘွား၊ မစောယွန်းစန္ဒီဇော်၏ဘွားဘွားကြီးသည် ၂၉-၄-၂၀၁၃ (တနင်္လာနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီထွင် ဆားမလောက်ကျေးရွာသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးမောင်ငြိမ်း(ဆကာကြီး) အသက်(၁၀၀)

ဧရာဝတီတိုင်းဒေသကြီး၊ [illegible]မြို့နယ်၊ ဆကာကြီးမြို့၊ အမှတ်(၄)ရပ်ထက်နေ (ဦးကြာရုံ-ဒေါ်ဖောင်)တို့၏သား၊ (ဦးလှညို-ဒေါ်ရွှေယုံ)တို့၏သားသမက်၊ ဒေါ်အုံးမြ၏ခင်ပွန်း၊ (ဦးချွန်ရှင်)-ဒေါ်စန်းဌေး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်းနေ ဦးစံဝင်း-ဒေါ်မြင့်မြင့်သန်း(ခ) အန်တီကိုန်း(ရွှေပန်းကိမ်နှင့်စိန်ရတနာရောင်းဝယ်ရေး)၊ မအေးအေးမော်တို့၏ မေးသဖခင်၊ ကိုတိုက်စိုး-မသင်းမြတ်ခိုင်၊ ကိုဝင်းခိုင်-မအေးအေးမင်း၊ မောင်ပေါ်မင်းတို့၏အဘိုး၊ မြစ်သုံးယောထ်တို့၏ဘိုးဘိုးသည် ၂၉-၄-၂၀၁၃ (တနင်္လာနေ့) ညနေ ၅း၄၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ဆကာကြီးမြို့ မှော်ကျောင်းသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သောင်းရွှေ (၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တံတားမြို့နေ (ဦးမိုးသိုက်-ဒေါ်အေးမေ)တို့၏သမီး၊ ဒလမြို့နယ်၊ဗိုလ်တေဇ(၀)လမ်း၊ အမှတ်(၃၆)၊တပင်ရွှေထီးရပ်ကွက်နေဦးသန်း၏ဇနီး၊ ဦးသိန်းဝင်း-ဒေါ်သန်းသန်းမော်၊ ဦးကျော်ဝင်းကန်း၊ ဦးကျော်မြင့်(ကြေးမုံသတင်းစာတိုက်)-ဒေါ်မြင့်မြင့်မော်တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည်၂၉-၄-၂၀၁၃ (တနင်္လာနေ့)ည ၉း၀၅နာရီထွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် သပြေကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါဟိကာမကြီး

ဒေါ်တင်မြ(ပန်းခိုင်) အသက်(၈၇)နှစ်

(မြို့မဆင်ဖြူတော်မခင်ကြီး)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၀၂၂/၀၂၄)နေ (ဦးအောင်ကြီး-ဒေါ်သောင်းစိန်)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးလှဒင်-ဒေါ်ရွှေအိ)တို့၏ သမီးချွေးမ၊ (ဦးအောင်ကျော်)၏ ချစ်လှစွာသောဇနီး၊ ဦးမောင်မြင့်-ဒေါ်မြင့်မြင့်ဝင်း၊ ဦးခင်မောင်ဝင်း-ဒေါ်ယဉ်အေး၊ ဦးတင်ချို-ဒေါ်ဝင်းကြည်၊ (ဦးဝင်းအောင်)၊ ဦးသန်းလှုင်-ဒေါ်စန်းစန်းကြည်၊ ဦးသိန်းဝင်း-ဒေါ်ရီရီချိုတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၀၀ ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၄-၂၀၁၃(တနင်္လာနေ့) ည ၇း၀၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။(နေအိမ်မှကားများ မန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၃ ရက် နံနက် ၇ နာရီမှ ၁၂ နာရီအထိ အကကပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးရန်ကင်း(ခ)မောင်မောင် အသက်(၄၄)နှစ်

(မင်္ဂလာမွန်စျေး)(စစ်တွေ)

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်နေ (ဦးမြကျော်-ဒေါ်ကျော့ဖြူ)တို့၏သား၊ စစ်တွေမြို့နေ (ဦးစံလှဖြူ-ဒေါ်ကြာ)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးသန်းနိုင်-ဒေါ်ခင်စော)၊ စစ်တွေမြို့နေ ဦးကျော်စိန်-ဒေါ်နုနုခင်၊ ရန်ကုန်မြို့နေ (ဦးဘသိန်း)-ဒေါ်ခင်မေ၊ ဦးအေးကန်း-ဒေါ်အုန်းခင်၊ ဦးဘနောင်း-ဒေါ်ခင်ညို၊ ဦးဇော်ဇော်-(ဒေါ်သန်းသန်း)တို့၏ညီ/မောင်၊ (ဦးရန်နိုင်)-ဒေါ်ခင်မာထွန်းထို၏ အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ဆယ်မိုင်၊ နဝဒေးလမ်း၊ အမှတ်(၀၀၀၀)နေ ဒေါ်အမာကြည်၏ခင်ပွန်း၊ မောင်ဇော်လင်းထက်၊ မမေရတနာထက်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ တူ/တူမ ၂၃ယောက်၏ ဦးလေးသည်၂၉-၄-၂၀၁၃ (တနင်္လာနေ့) ည ၀၀း၃၀ နာရီတွင် ထွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွထ်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၅-၂၀၁၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီကွင် ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကြေးမုံ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

ထြစတြေးလျနိုင်ငံက မြန်မာနိုင်ငံအား အကူအညီများပေးနိုင်ရေး လေ့လာ၊ အတွေ့အကြုံမျှဝေ

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျ ဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဩစတြေးလျ ဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Nadine Moules တက်ရောက်သည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကပင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့မှု၊ နှစ်(၆၀)ကာလအတွင်း ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများစွာ ကောင်းမွန်ခဲ့မှု၊ လွန်ခဲ့သည့် နှစ်(၂၀)က နိုင်ငံရေးစနစ်မတူညီသည့်ကာလများတွင်ပင် ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံအား လူသားချင်းစာနာထောက်ထားသော အကူအညီနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အကူအညီများကို စဉ်ဆက်မပြတ်ပေးခဲ့မှု၊ လွန်ခဲ့သော နှစ်(၁၀၀)ကျော်ကပင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည့် ဩစတြေးလျနိုင်ငံမှ ကောင်းမွန်သော ဒီမိုကရေစီအလေ့အထများကို မြန်မာနိုင်ငံမှ လွှတ်တော်ဥက္ကဋ္ဌများ သွားရောက်လေ့လာနိုင်ခဲ့မှု၊ ဩစတြေးလျနိုင်ငံ၏ ဒီမိုကရေစီအတွေ့အကြုံများကို အခြားသော နိုင်ငံများသို့ မျှဝေပေးနေမှု၊ နှစ်နိုင်ငံဆက်ဆံရေးတွင် ချစ်ကြည်ရင်းနှီးမှုသည် အလွန်အရေးကြီးပြီး ကွာဟချက်များ ရှိနိုင်သော်လည်း ယင်းကွာဟချက်များသည် နီးကပ်မှုကို ဖြစ်ပေါ်စေမှု၊ ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ပိုမိုထိရောက်သော အကူအညီများပေးနိုင်ရေးအတွက် လေ့လာနေမှု၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကျင့်သုံးမှုမှာ နှစ်နှစ်ခန့်သာ ရှိသေး၍ အတွေ့အကြုံနုနယ်သေးသည့်အတွက် ဩစတြေးလျနိုင်ငံ၏ အတွေ့အကြုံများကို မျှဝေလိုမှု၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသကဲ့သို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်နေမှု၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်နေမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်ရန် စီစဉ်ထားမှု၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် တိမ်းရှောင်နေသော မိသားစုများအတွက် အိုးအိမ်၊ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများစွာကို နိုင်ငံတော်အစိုးရက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ပေးနေမှု၊ ယင်းအကူအညီများ ဆောင်ရွက်ရာတွင် ငွေကြေးပမာဏ များစွာသုံးစွဲရမည်ဖြစ်၍ Myanmar Peace Centre ထူထောင်ပြီး အလှူရှင်နိုင်ငံများ ရှာဖွေဆောင်ရွက်နေမှု၊ ဩစတြေးလျ သံအမတ်ကြီး ဦးဆောင်၍ ဆောင်ရွက်နေရာ အကျိုးကျေးဇူးများစွာရှိမှု၊ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုကဏ္ဍများတွင် Aus Aid က လူသားချင်းစာနာထောက်ထားသော အကူအညီများစွာပေးအပ်ခဲ့သည့်အတွက် အထောက်အကူဖြစ်မှု စသည်ဖြင့် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်ကြပါစို့ သတင်းအဖွဲ့

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးတို့အတွက် ကျရာအခန်းကဏ္ဍမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည် ပုဂ္ဂိုလ်များကို နိုင်ငံတော်က နိုင်ငံ့စွမ်းဆောင်ရှင်ဆုများကို ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ ချီးမြှင့်ခဲ့သည့် ဆုများနှင့်ပတ်သက်၍ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီများက ရွေးချယ်သည့် နည်းလမ်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်မှုများကြောင့် ကောင်းမွန်သော်လည်း ကျန်ရှိနေမှုများနှင့် အခြားပြည်သူများသိရှိလိုသည်များကို ကွန်တော်တို့ သတင်းအဖွဲ့က စုစည်းတင်ပြလိုက်ရပါသည်။

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်။

ဦးသိန်းအောင်
(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)

တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့်ဆုကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာရှိတဲ့ အကြီးစားစက်မှုလုပ်ငန်းတွေကို ယှဉ်ပြိုင်ရွေးချယ်စေခဲ့ပါတယ်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အကြီးစားလုပ်ငန်းပေါင်း ၅၀၀၄ ခု ရှိတဲ့အနက် ရန်ကုန်တိုင်းဒေသကြီးမှာ အကြီးစားစက်မှုလုပ်ငန်း ၂၀၅၉ ခုနဲ့ အများဆုံးတည်ရှိပြီး ချင်းပြည်နယ်ကတော့ အကြီးစားလုပ်ငန်း တစ်ခုသာရှိပြီး အနည်းဆုံး စာမျက်နှာ ၆ ကော်လံ ၁ သို့

လွတ်လပ်သောပုဂ္ဂလိကသတင်းစာများ ထပ်မံစိစစ်၍ တတိယအကြိမ် ခွင့်ပြုပေး

နေပြည်တော် ဧပြီ ၃၀

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှုဗဟိုအဖွဲ့ အစည်းအဝေး(၄/၂၀၁၃)ကို ဧပြီလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ပြီး ပုဂ္ဂလိကပိုင် နေ့စဉ်သတင်းစာ လျှောက်ထားမှုများအား စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက နေ့စဉ်သတင်းစာများအား (၁-၄-၂၀၁၃)ရက်နေ့မှစ၍ ထုတ်ဝေခွင့်ပြုနိုင်ရေးအတွက် အဆိုပြုလျှောက်လွှာများကို (၁-၂-၂၀၁၃)ရက်နေ့မှစ၍ လျှောက်ထားနိုင်ကြောင်း နေ့စဉ်ထုတ်သတင်းစာများမှ ကြေညာချက်ထုတ်ပြန်ခေါ်ယူခဲ့ပါသည်။ ပုဂ္ဂလိကနေ့စဉ်သတင်းစာ လျှောက်ထားသူများအနက်(၂၈-၂-၂၀၁၃)ရက်နေ့တွင် ရှစ်စောင်၊ (၂၅-၃-၂၀၁၃)ရက်နေ့တွင် ရှစ်စောင် စုစုပေါင်း ၁၆ စောင်အား ထုတ်ဝေခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့

ရခိုင်ပြည်နယ်မငြိမ်မသက်မှုများ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်(ကောက်နုတ်ချက်)များနှင့် ၎င်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည့်ဝန်ကြီးဌာနများ၊ လုပ်ငန်းအကောင်အထည်ဖော်စည်ကော်မတီများ၏ ဆောင်ရွက်ချက်များကို စာမျက်နှာ က၊ ခ၊ ဂ၊ ဃ၊ င၊ စ တို့တွင် ဖော်ပြထားပါသည်။

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာအပိုစာမျက်နှာ ဆ၊ ဇ ပါရှိပါသည်။

ဥက္ကံမြို့၌ လူအုပ်စုများက ဘာသာရေးအဆောက်အအုံအား ခဲများဖြင့် ပစ်ပေါက်ပြီး ဈေးဆိုင်များ ခင်းရောက်ဖျက်ဆီးခဲ့ လုံခြုံရေးအဖွဲ့က သေနတ်ပင်ဖောက် လူစုခွဲခဲ့ရ

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ ယနေ့နံနက်ပိုင်းနှင့် ခွန်းလွဲပိုင်းတို့တွင် သာမန်ဖြစ်စဉ်တစ်ခုမှတစ်ဆင့် လူအုပ်စုများက ဘာသာရေးအဆောက်အအုံတစ်လုံးအား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ဈေးဆိုင်ခန်းများ၏ မျက်နှာစာများဖျက်ဆီးပြီး ပစ္စည်းများ လမ်းပေါ် ဆွဲချမြင်းများ မြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးအဖွဲ့က သေနတ်ပစ်ဖောက်၍ လူစုခွဲခဲ့ရကြောင်း သိရှိရသည်။

နံနက်ပိုင်းတွင် ဥက္ကံဈေးတောင်ဘက် ဘုရားကြီးလမ်းအတိုင်း ဆွမ်းခံကြွလာသော အသက်(၁၁)နှစ်အရွယ် ကိုရင်ငယ်တစ်ပါးအား မဝင်းဝင်းစိန်ဆိုသူက ပင်ရောက်တိုက်မိပြီး စာမျက်နှာ ၄ ကော်လံ ၅ သို့

ယနေ့ မာတိကာ

ပါရာမောင့်ရုပ်ရှင်ထုတ်လုပ်ရေး၏ ဇာတ်ကားသစ် မြောက်အမေရိကရုပ်ရှင်ရုံများတွင် ဝင်ငွေကောင်းလျက်ရှိ စာ-၁၂

ဖြင်သစ်နိုင်သောနည်းပြကြီး အာစင်ဝင်းဂါးအတွက် ဇာတိမြေအပြန်လမ်း ဖြစ်လာမည်လား စာ-၁၃

ဂုဏ်ရည်ဆေးတိုက်မှ ၅(၂) သာယာကုန်းလမ်း၊ နံ့သာကုန်း ရပ်ကွက်၊ အင်းစိန်တွင် ဆေးများကို ကုသရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊ အတွင်းပြင်လိပ်ခေါင်း၊ သွေးချုံဆီးချို၊ ကျောက်ကပ်၊ ဆီးကျိတ်ရောဂါ၊ လေးဖက်နာ၊ အဆစ်ရောင်ရောဂါ၊ အဆီကျ၊ ထိပ်ကပ်နာရောဂါ၊ သွေးတိုးကျ၊ အဖြူဆင်းပျောက်ဆေး၊ အဆုတ်ချောင်းဆိုး၊ ရပ်ကျပ်၊ အသည်းရောဂါအမျိုးမျိုး၊ အဖုအကျိတ်ရောဂါ၊ ဝဲနင်းခူဆေးများကို ကုသ၍ အမြို့မြို့ ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

အချိန်- နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်)။ ဖုန်း-၆၄၁၅၀၁၊